www.burmeseclassic.com

# မောင်လှမျိုး ၊ချင်းချောင်းခြံ၊

# မနက်ဖြန့်စစ်တမ်း

နှင့်

ရင်ခွင်၊ နွဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မောင်လှမျိုး၊ချင်းချောင်းခြံ၊

## မနက်ဖြန်စစ်တမ်း နှင့်

## ရ င် တွ င် း ဖွဲ့ ေ ဝ ဒ န ာ များ


စာမူခွင့်ပြုချက်အမှတ်-၁၀၁၉/၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၁၃၀၈/၂၀၀၄ (၁၂)

ပုံနှိပ်ခြင်း

ပထမအကြိမ် ၊ ၂၀၀၅-ခုနှစ်၊ ဇန်နဝါရီလ
စာအုပ်ရေ-၅၀၀ အုပ်၊ တန်ဖိုး- ၅၀ ကျပ်

မျက်နှာဖုံးပုံနှိပ်သူ

ဒေါ်အေးစန္ဒာညို (၀၄၉၆၇)၊ မြတ်သီဒွီပုံနှိပ်တိုက်
အမှတ်-၅၊ အင်ကြင်းမြိုင်လမ်းသွယ် (၂)
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာပုံနှိပ်တိုက်
အမှတ်-၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (၀၃၇၄၈)၊ စိန်သရဖူစာပေတိုက်
အမှတ် (၇၀-၇၂)၊ ၂၃-လမ်း၊ ရန်ကုန်မြို့။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



- ချစ်ကိုရေးတဲ့ အလွမ်းစာ
- ဆိပ်မကပ်ဥ
- မှဒွန်းချက်
- ငါမသိတဲ့ ငါ့ရဲ့ နောက်ကျောက မျက်နှာ
- ဂုဏ်မြှောင်းဂုဏ်ရည်
- ပုံး
- ဓာတ်နန်း
- ဂီလာနမှတ်တမ်း
- လောကပါဂူ
- မနက်ဖြန် စစ်တမ်း
- ခံစစ်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချစ်လို့ရေးတဲ့ သာလွမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



ဤကမ္ဘာလောကမှာ...
ချစ်ခြင်းထက်
ပိုမိုသာလွန်ကြီးမြတ်သော
ဝေါဟာရများ ရှိခဲ့လျှင်...

ဤကမ္ဘာလောကမှာ
မြတ်နိုးခြင်းထက်
ပိုမိုသာလွန်ကြီးကျယ်သော
စကားအနှစ်သာရများ ရှိခဲ့လျှင်...

ထို...,ဝေါဟာရ
ထို...,စကား အနှစ်သာရများကို
ချစ်သော ဟန်နီအား
လက်ဆောင်ပေးသွားပါရစေ...။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်က ဖွင့်ပြောတဲ့
အသံ...
ဝေါဟာရ...
ဘာသာစကားတို့ထက်
ပို၍ ချစ်ခြင်းမြတ်နိုးမှုကို၊
ဘယ်လို...အသံ
ဘယ်လို...ဝေါဟာရ
ဘယ်လို...ဘာသာစကားနဲ့
ရေးသား တင်ပြနိုင်မလဲ
ဟန်နီ။

ချစ်သော...,
ဟန်နီ။
မင်းသာ...
(မင်းတစ်ယောက်တည်းသာ)
ကိုယ့်ဘဝရဲ့ တိုင်တည်ရာ





ကွန်းခိုရာ
ရင်ဖွင့်ရာ
ဆုံစည်းရာ
နွေးထွေးရာ
အေးမြရာ
နှီးနှောရာ
တိုင်ပင်ရာ
အားထားရာ
မှီတင်းရာ
လေးစားရာ
ခင်တွယ်ရာ
မြတ်နိုးရာ
ကိုးစားရာ...
ကမ္ဘာသစ်တစ်ခု
ပန်းခင်းတစ်ခင်း
ဆောင်းညတစ်ည၊

www.burmeseclassic.com

www.burmeseclassic.com



ဘဝနွေဆိုးထဲက
တွဲယှက်လျှောက်လှမ်းရမယ့်
ရဲဘက်တော်...တစ်ဦး။

ကိုယ်ဟာ...
အိပ်မက်ဆိုး ရှည်ရှည်ကို
မြင်မက်ရှင်သန်ခဲ့ရတဲ့
ဘဝပဟောက်ပက်,
ညနက်နက်ထဲက လူတစ်ယောက်ပါ။

မင်းဟာ...
ကိုယ့်ဘဝရဲ့
နောက်ဆုံးထွက်သက်ပါ၊
ဘယ်လောက်အထိ
တွယ်ဖက်ထားခွင့် ရမလဲကွယ်။





လောကကြီးကို စိတ်ကုန်တယ်
ဒါပေမဲ့...,
မနက်ဖြန်တွေကို စိတ်မကုန်ဘူး။
မင်းနဲ့ ချစ်မိမှ
ကိုယ့်ဘဝမှာ
မနက်ဖြန်ဆိုတာကို
မျှော်တတ်ပြီ။

မနက်ဖြန်တိုင်း
သက်တံ လိုင်းကလေးတွေဖြစ်ရင်
ကောင်းမယ်။

မနက်ဖြန်တိုင်း
ပန်းခင်းလမ်းလေးတွေဖြစ်ရင်
ကောင်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်တိုင်း
ကြည်နူးငြိမ်းအေးစရာလေးတွေဖြစ်ရင်
ကောင်းမယ်။

မနက်ဖြန်တိုင်း
ရင်ခွင်ချင်းအပ် လက်ထပ်ဖြစ်ကြရင်
ကောင်းမယ်။
ဒါပေမဲ့ကွယ်
ဘဝတောနက်နက်ထဲက
မာယာချုံပုတ်တွေကြားမှာ...
ဝံပုလွေတွေ
မြွေခွေးတွေ
မြွေဆိုးမြွေဟောက်တွေကြောင့်
ကိုယ့်ခြေထောက်နှစ်ဖက်တောင်မှ
တစ်ဖက်က၊ အခြားတစ်ဖက်ကို
မယုံရဲတော့ဘူး။





ကမ္ဘာပေါ်မှာ
ကိုယ်...အယုံကြည်ရဲဆုံးက
ချစ်သော ဟန်နီ တစ်ယောက်တည်းကိုပါပဲ။

စိတ်ချင်းမတူ
အမှုအရာချင်း တလွဲ
အယူအဆချင်း တကွဲ၊
အရာအားလုံး
အခြားနားဆုံး ကိုယ်တို့နှစ်ယောက်က၊
တစ်ယောက်ကို တစ်ယောက်
ဘာကြောင့်၊
မေးထောက်ကြည့်နေမိကြသလဲ။

တစ်ယောက် အမူအရာကို
တစ်ယောက်က မကြိုက်ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက်
ဘာကြောင့်
အလိုလိုက်နေကြရသလဲ။

ဟန်နီ့ရဲ့
အရှိုးသားဆုံး ဝန်ခံစကားက
ကိုယ့်နားထဲမှာ
နည်းနည်းခါးပေမဲ့
အဲဒါ...
အမှန်တရားပါပဲကွယ်။

"ကိုကို့ကို အချစ်ဆုံး"...လို့
မပြောဘဲ...
"ဘဝမှာ...
ကိုယ့်ကိုယ်ကို အချစ်ဆုံး"...လို့
ပြုံးပြုံးလေး ပြောထွက်ခဲ့တဲ့





ဟန်နီ့ရဲ့စကား...
ကိုယ့်နှလုံးသားထဲမှာ
(အစဉ်အမြဲ)
သိမ်းထားရပါတယ်။

ကိုယ်က့လည်း...
ကိုယ့်ကိုယ်ကို အချစ်ဆုံးပါပဲ။
ကိုယ့်ကိုယ်ကို
အချစ်တတ်ဆုံး လူတစ်ယောက်က၊
ဘဝမှာ...
ကိုယ့်ကိုယ်ကိုထက်
ဟန်နီ့ကို ပိုချစ်ခဲ့မိတာ
ကိုယ်...
မှားသွားနိုင်သလား...ဟန်နီ။
ဟန်နီ့ရဲ့ ဆံဖျားကနေ
ခြေဖျားအဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်တိုက်လို့ အထိနာခဲ့ရင်တောင်၊
ကိုယ်…ကိုယ်တိုင် ထိရ နာရသလို
ကိုယ့်မှာ
နှစ်ယောက်စာ
နှစ်ခါနာခဲ့ရသူပါ။

စကားတစ်ခွန်းလောက်
ပြောဖို့ မေးဖို့ ကျန်နေလို့
ဖုန်းဆက်မိတဲ့အခါ…
"လူကြီးမင်း ခေါ်ဆိုသည့်
ဆယ်လူလာဖုန်းမှာ
စက်ပိတ်ထားခြင်း (သို့မဟုတ်)
ဆက်သွယ်မှုဧရိယာပြင်ပတွင်
ရောက်ရှိနေခြင်းကြောင့်
ခေါ်ဆိုမရနိုင်ပါရှင်"လို့
ကြားလိုက်ရတာလေးနဲ့၊





ကိုယ့်နှလုံးသားတစ်ခုလုံး
ပျားအုံတစ်အုံထဲကို
ပြုတ်ကျသွားရသလို၊
မျိုသိပ်မရ
စိတ်မချစွာ
အိပ်မရတာ
အခါခါပါပဲ ဟန်နီ။

ဒေါသ,ဖြစ်ရင်
စကားရိုင်းသော…
သောက,ဖြစ်ရင်
စကားမပြောတော့သော…
မကျေမချမ်းဖြစ်ရင်
ပေါက်ကွဲတတ်သော…
မနူးညံ့သော်လည်း
သိမ်မွေ့ဖြူစင်သော…

www.burmeseclassic.com

www.burmeseclassic.com



ပါးချိုင့်လေး

နစ်ဝင်သွားတဲ့အထိ

ပြုံးပြုံးလေး စကားပြောတတ်သော်လည်း။

မာယာ…

မများတတ်သော…။

ဒေါ်သ,ကို ဒေါ်သ,အတိုင်း…

သောက,ကို သောက,အတိုင်း…

မကျေနပ်ချက်ကို မကျေနပ်ချက်အတိုင်း..

ဝုန်းဒိုင်းကျဲတတ်သော…။

အသားဖွေးဖွေး

မာနမင်းသမီးလေး ဟန်နီ့ကို

ငေးကြည့်ရင်း…

ရင်မောခဲ့ရတာလည်း…

အခါခါပါပဲကွယ်…။

စကားနုနုညံ့ညံ့လေးတွေ

ကြားရတဲ့အခါ





မင်္ဂလာပါ…ဟန်နီ။

ရန်ဖြစ်ကြတဲ့အခါ

ကြင်နာပါ…ဟန်နီ။

ရက်စက်မှုပေါင်း များစွာ

မိုက်မဲမှုပေါင်း များစွာ

မှားယွင်းမှုပေါင်း များစွာ

ခါးသီးမှုပေါင်း များစွာ

ကျင်လည်ဖြတ်သန်းလာခဲ့ရတဲ့

ဟောဒီ…,

လူမိုက်အဟောင်းကြီးက၊

ကြင်နာမှုပေါင်း များစွာ

စာနာမှုပေါင်း များစွာ

ညှာတာမှုပေါင်း များစွာ

ချိုသာမှုပေါင်း များစွာနဲ့

ချစ်လို့ရေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလှမ်းဝေးစွာ
လက်ဆောင်ပေးခြင်း သက်သက်ပါ။

ဟန်နီရဲ့
"လူ့ဘဝမှာ
လူပီသ,အောင် နေရမယ်"ဆိုတဲ့…စကား
ကိုယ်…,
လေးစားစွာ အသိအမှတ်ပြုပါတယ်။

လူပီသ,ခြင်းဆိုတာ
ဘာလဲလို့ မေးလိုက်တဲ့အခါ
ဟန်နီ ဘယ်လိုဖြေချင်ပါသလဲ။

လူ လူချင်းယှဉ်လို့
အောင်မြင်ကြွယ်ဝ,မှု အစုံအလင်
တစ်ပုံတစ်ပင် ရှိတဲ့လူကို





"လူ"ပီသ,တယ်လို့ ခေါ်မလား။

မသေခင်မှာ
ရွှေလိုချင်ရင် ရွှေဖြစ်
ငွေလိုချင်ရင် ငွေဖြစ်
နံပါတ်တစ်ဆိုတဲ့
ထိပ်ဆုံးနေရာကို ပိုင်ဆိုင်မှ
"လူ"ပီသ,တယ်လို့ ခေါ်မလား။

မေးခွန်းတွေနဲ့သာ
အလှမ်းဝေးပြေ
စာရေးလိုက်ခြင်းသက်သက်ပါ ဟန်နီရေ၊

စိတ်ချင်း…မတူ
မျိုးရိုးဇာတိချင်း…မတူ
အမူကွဲပြား။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံထားပြီးသား...စကား
နားယဉ်အောင် ထပ်ပြောထားပါရစေ
"ကိုယ်က...
ဆင်းရဲသားပါ" ဟန်နီရေ။

ဆင်းရဲလို့ ကြိုးပမ်းလာလိုက်တာ
ငွေတွေပဲ တွေ့တယ်
ချမ်းသာခြင်းကို မတွေ့ဘူး...လို့
တစ်ခါက ကိုယ်ပြောခဲ့ဖူးတဲ့ စကား
နားခါးဦးမယ်ဆိုရင်လည်း
များများစားစားသာ
ခွင့်လွှတ်ပေးပါဦး ဟန်နီ။

ဒေါသဖြစ်ရင် မျက်ရည်မကျ
သောက,ဖြစ်ရင် မငိုတတ်တဲ့
(လူကြားသူကြားထဲမှာ





ကိုယ်...,
အော်ဟစ်မာန်မဲ
ဝုန်းဒိုင်းကျဲမိတဲ့အခါ)
ရှက်လွန်းလို့ မျက်ရည်ကျခဲ့တာ
ကိုယ့်ဘက်က,
အခါခါ တောင်းပန်စရာပါ ဟန်နီ။

ကိုယ့်ကိုယ်ကိုတောင်
ပိုချစ်ခဲ့မိလို့၊
နှစ်ကိုယ်ကြည်ဖြူ
စိတ်ချင်းတူချင်တာ
ချစ်သူတိုင်းရဲ့ ဆန္ဒပါ။

ကရုဏာ ဒေါသ,ကလွဲရင်
ကိုယ့်ဘဝမှာ
တခြားဒေါသ မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာ လောဘ,ကလွဲရင်
ကိုယ့်ဘဝမှာ
တခြားလောဘ မရှိတော့ဘူး။

ချစ်သူနဲ့ ကွေကွင်းရမဲ့
သောက,ကလွဲရင်,
ကိုယ့်ရင်ထဲမှာ
ဘာသောက,မှ မရှိတော့ဘူး။

အရာရာကို စွန့်ပယ်ဖို့
ကြိုးစားခဲ့တဲ့ ကိုယ့်ရဲ့
ဆံပင်စုတ်ဖွား

အဝတ်အစား ဖိုးရိုးဖားရား
မခန့်မညား အနေအထိုင်တွေကို
သန့်ရှင်းစင်ကြယ်အောင်





ခန့်ညားသပ်ရပ်အောင်
စွမ်းဆောင်ပြုပြင်ခဲ့တဲ့
ဟန်နီရဲ့...
စိတ်...,
ဆန္ဒ...,
အရည်အချင်းတွေဟာ၊
ကိုယ့်ဘဝရဲ့
မနက်ခင်း နေရောင်ခြည်တွေပါကွယ်။

ကိုယ်က...
ဘာတွေကို
ဘယ်လို ပြန်လည်ပေးဆပ်ရမလဲ။

မိုးမိရင်၊ အအေးပတ်မှာ...စိုး
နေပူရင်၊ ခေါင်းကိုက်မှာ...စိုး
ဆောင်းအေးရင်၊ မနွေးထွေးမှာ...စိုး

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရင်၊ ခလုတ်တိုက်မှာ…စိုး
ထမင်းစားရင်၊ ငါးရိုးစူးမှာ…စိုး
အိပ်ပျော်နေရင်တောင်
အိပ်မက်ဆိုးမှာစိုး။

အဲဒီ…
စိုးရိမ်မြတ်နိုးမှုတို့ရဲ့…ကိုယ်စား
ကိုယ်…
ဘာများ ပေးထားခဲ့ရမလဲကွယ်။

ရွှေ ငွေ ကျောက်သံပတ္တမြား
ရုပ်ဝတ္ထုခြပ်သားတွေရဲ့ ကိုယ်စား။
ကိုယ့်ဘဝရဲ့,
အကြီးမားဆုံးအရာ
ဟန်နီ့ကို ပေးထားခဲ့ပါတယ်။
“ရော့…





ယူတတ်ရင် ယူလိုက်ပါ”။

အချိန်နဲ့အမျှ
ဟန်နီ့ရဲ့ ဘဝအတွက်.
ကာကွယ်ဖို့
စောင့်ရှောက်ဖို့
မြတ်နိုးတွယ်တာဖို့၊

ကိုယ့်ရဲ့,
“စိတ်”တစ်ခုလုံး
ဟန်နီလိုရာသုံးဖို့
ပြီးရွှင်ကြည်ဖြူစွာ
ပေးအပ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင်အောင်ကြည့်ပြီး
သိမှ
ယူပါ ဟန်နီ။

ဖြစ်နိုင်ဦးမယ်ဆိုရင်...
ကိုယ်...
သေဆုံးတော့မယ့်အခါ
အခုလို
အလွမ်းစာ ရေးနိုင်တော့မှာ
မဟုတ်တဲ့အတွက်၊
ကိုယ့်ရဲ့
နောက်ဆုံးထွက်သက်
ငွေ့ငွေ့လေး ကျန်ရှိနေသေးရင်...






(ဟန်နီသာ
အနားမှာ ရှိနေဦးမယ်ဆိုရင်)
"ကိုကို"လို့သာ
ခေါ်လိုက်ပါ။

အဲဒီ ခေါ်သံကြားတဲ့အခါ
ငွေ့ငွေ့လေးသာ ကျန်ရှိနေသေးတဲ့
ကိုယ့်ရဲ့ နောက်ဆုံးထွက်သက်ကို၊
ချစ်သော ဟန်နီ့အတွက်
လက်ဆောင်ပေးခဲ့ချင်ပါသေးတယ်ကွယ်။ ။

2003 Dec 18
4:45 (P.M)
(၂၀၀၄ ခု၊ မတ်လ၊ ကလျာမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ဥယျ



www.burmeseclassic.com

www.burmeseclassic.com

တိယကာ၍

www.burmeseclassic.com

www.burmeseclassic.com

(၁)

အိပ်မက်တွေသာ ဖြစ်ပါရစေ နေခြည်။

ဒါပေမဲ့...,

တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုဟာ၊ အိပ်မက်တော့ မဟုတ်ဘူး။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

## ၂

''ငါ...နင့်ကို အရမ်းချစ်တယ် နေခြည်''

''ဘာဖြစ်လို့ အဲဒီစကားကို ပြောလိုက်ရတာလဲ။ မပြောသင့်ဘူးလို့ ငါ မဆိုလိုဘူးနော်။

မကြာခင်မှာ ငါ...သက်ထပ်ရတော့မှာလေ။ အဲဒါကို သိလျက်နဲ့ နင်...ဘာဖြစ်လို့ ပြောထွက်လိုက်တာလဲ။ မပြောစေချင်ဘူးဟာ''

www.burmeseclassic.com

www.burmeseclassic.com



"ငါ…မထိန်းသိမ်းနိုင်လို့ ပြောလိုက်မိတာ မဟုတ်ပါဘူး နေခြည်။ ငါ ချစ်တာကို နင်…မသိမှာ စိုးလို့ပါ"

"သိစေချင်ရုံသက်သက် ပြောလိုက်တဲ့ စကား တစ်ခွန်းရဲ့နောက်မှာ၊ မဖြစ်နိုင်တဲ့ အခြေအနေတွေ ရှိနေတာကို နင်လည်း အသိပဲ။

အဲဒါကို သိထားလျက်နဲ့၊ နင်…ပြောထွက် လိုက်တာကို၊ ငါ…စိတ်မကောင်းဘူး။ နင့်အတွက် ငါ စိတ်မကောင်းတာပါဟာ။ ငါ…နင့်ကို စိတ်မဆိုး ပါဘူး"

နေခြည်သည် ဘယ်တုန်းကမှ ကျွန်တော့်အပေါ် စိတ်မဆိုးခဲ့ သူဖြစ်သည်။ စိတ်ဆိုးစရာ ပြုမူမိလျှင်လည်း မျက်နှာလေးဖြင့်သာ စိတ်ဆိုးဟန်ပြုပြီး၊ ကျွန်တော့်ကို ပြန်လည်ပြုံးပြတတ်သူ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သူ့ စိတ်ဆိုးမှာ ကျွန်တော် စိုးပါသည်။

ကျွန်တော် စိတ်ရှုပ်ထွေးနေသည့်အခါတိုင်း နေခြည့်ထံသို့ အရောက်သွားသည်။ စိတ်ထဲက မှန်းကြပ်မှုတိုင်းကို နေခြည့်ရှေ့မှာ





တတွတ်တွတ် ပြောပြ ရင်ဖွင့်ဖြစ်ပါသည်။ နေခြည်က ကျွန်တော် ပြောပြနေသည်များ ပြီးဆုံးသည်အထိ နားထောင်ပြီးမှ မရှင်းလင်း သော အရာများကို တစ်ခုချင်း ပြန်လည်မေးမြန်း၏။ မေးမြန်းစဉ်းစား ပြီးသည့်အခါ၊ ကျွန်တော့်ကို အကြံဉာဏ်တစ်ခုခုပေးသည်။

သူပေးသော အကြံဉာဏ်သည်၊ ကျွန်တော့်ပြဿနာတိုင်း အတွက်၊ အဆင်ပြေပြေပေါ့ပါးသွားစေသော အကြံဉာဏ်များဖြစ်လေ သည်။ (နေခြည်သည် ကျွန်တော့်၏ အလင်းရောင်)။

နေခြည်ကတော့၊ သူကိုယ်တိုင်၊ (အလုပ်ဌာနတွင်လည်း ကောင်း၊ မိသားစုတွင်လည်းကောင်း) စိတ်အနှောင့်အယှက် တစ်ခုခု ကြုံလျှင်၊ ကျွန်တော့်ထံမှ မည်သို့သော အကြံဉာဏ်မျှမယူဘဲ၊ ဖြစ်ပျက်ကြုံတွေ့လာရပုံများကိုသာ ပြောပြပါသည်။ ပြီးနောက်၊ သူ ဘယ်လို ရင်ဆိုင်ဖြေရှင်းလိုက်မယ်ဆိုသည်ကို၊ သူ့ဘာသာ အဖြေ ထုတ်နိုင်သူဖြစ်၏။ (နေခြည်သည် ကျွန်တော့်၏ ရှေ့ဆောင်လမ်းပြ ကြယ်တစ်ပွင့်)။

☺



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသည်းကွဲဖူးပါသည်။

"ကွဲမှာပေါ့။ နင်က…အရမ်းချစ်တယ်လို့ တတွတ်တွတ် သွားပြောနေတာကိုး။

တချို့လူတွေက အရမ်းချစ်တယ်လို့ ပြော လိုက်တာကို လုံလုံခြုံခြုံ၊ အေးအေးမြမြ၊ နွေးနွေး ထွေးထွေး၊ ကျယ်ကျယ်ပြန့်ပြန့် ခိုလှုံဖို့ ရင်ခွင်ကို ဟင်းလင်းဖွင့်ပေးလိုက်တယ်လို့ မယူဆဘူး။

အရမ်းချစ်တယ်လို့ အပြောခံလိုက်ရတာကိုပဲ အနိုင်ကျင့်ဖို့၊ စော်ကားဖို့၊ နှိပ်စက်ဖို့၊ ဖိနှိပ်ဖို့ မဟာအခွင့်အရေးကြီးတစ်ရပ်ကို အလကားရလိုက် သလို၊ ယူဆတတ်ကြတယ်။

အဲဒီလို ယူဆတတ်တဲ့သူနဲ့ နင် တွေ့လိုက် တာကိုး။ အသည်းကွဲတာ တော်သေးတယ်။ အချိန် ကြာရင် ဘဝပါ စုတ်ပြတ်သွားတတ်တယ်"

နေခြည်၏ ထိုသို့သော စကားများကြောင့် ကျွန်တော့် အသည်းကွဲရောဂါ ပျောက်ကင်းသွားဖူးပါသည်။ (နေခြည်သည် ကျွန်တော့်၏ အားပေးဖော်)။

☺

"နင်…ငါ့ကို ချစ်တယ်လို့ပြောလိုက်တာ။ ငါ့ရင်ထဲမှာ ဘာမှ မဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့မှာ ဖြစ်ခွင့်မရှိတော့လို့ပဲ"

"ငါ နင့်ဆီက၊ တုံ့ပြန်မှုကို မမျှော်လင့်ပါဘူး နေခြည်။ နင်သိဖို့လိုမယ်ထင်လို့ ငါ ပြောလိုက် တာပါ။

နင်သိသွား ကြားသွားရင်ပဲ ငါ သပျော် ပါပြီ"

ဝမ်းနည်းသံကို ထိန်း၍ ပြောမှန်း နေခြည် သိပေလိမ့်မည်။ နေခြည်က၊ ကျွန်တော့်ပခုံးပေါ်သို့ လက်တင်ပြီး…

"ကဲ…၊ စိတ်မကောင်းစရာတွေကို စိတ်ထဲ ကနေ၊ စိတ်နဲ့ပဲ ထုတ်ပစ်လိုက်ဟာ။



www.burmeseclassic.com

ပြန်မချစ်နိုင်တာကလွဲရင်၊ ကျန်တာအားလုံး နင့်ကို ငါ အလိုလိုက်မယ်လေ။

နင်...ဘာလုပ်ချင်သလဲ။ ဘယ်သွားချင်သလဲ။ ပြီးတော့ ဘာပြောချင်သေးလဲ”

ကျွန်တော် ခေါင်းခါပြလိုက်သည်။

“ဒါဆို ဘာဖြစ်ချင်သေးလဲ”

“ငါ့အနားမှာ နင့်ကို အမြဲတမ်းရှိနေစေချင်တယ်”

“အမြဲတမ်း။ ဟုတ်လား”

ကျွန်တော်..., ကလေးငယ်တစ်ယောက်ကဲ့သို့ ခေါင်းညိတ်လိုက်သည်။

“အမြဲတမ်းဆိုတဲ့ စကားကို မသုံးနှုန်းစေချင်ဘူး။ ဒီကမ္ဘာလောကမှာ အမြဲတမ်းဆိုတာ ဘယ်နေရာမှာမှ မရှိဘူး”

“ငါဖြစ်ချင်တာကိုသာ ပြောလိုက်တာပါဟာ။ မှားရင်၊ ခွင့်လွှတ်ပါ”





နေခြည်က၊ ပြုံးလျက်...

“မှားတယ်လို့ မပြောပါဘူး။ အမှန်ကို ထင်းခနဲ မြင်စေချင်တာပါ။ ကဲ...ငါ လက်ထပ်မယ့်နေ့ မရောက်ခင်အထိ နင့်ဘေးနားမှာ အချိန်တွေ အများကြီး နေပေးမယ်။ ကျေနပ်ပြီလား”

“မကျေနပ်လို့ ကျေနပ်ဖို့ တောင်းဆိုနေတာ မျိုး။ မဟုတ်ပါဘူး နေခြည်။

မနေတတ်လို့ နေတတ်ဖို့ကြိုးစားရခက်နေတာပါ။ နင်...အနားမှာ မရှိဘဲ၊ နေတတ်အောင်။ ငါ ကြိုးစားကြည့်ပါဦးမယ်”

ပြုံးနေသော နေခြည့်၏ အပြုံးလေးတွေ လွင့်စင်မှေးမှိတ်သွားလေသည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

(၃)

မကြာမီ...

ခွဲရပါတော့မည်။

နေခြည်သည်၊ သူ ရွေးချယ်ထားသော လူတစ်ဦးနှင့် ထက်ထပ်ရပါတော့မည်။ လေယာဉ်ကွင်း၏ လက်ပြနှုတ်ဆက်သူများ နေရာတွင်၊ ကျွန်တော် ကျန်ရစ်ခဲ့ရပါတော့မည်။ ကျွန်တော် မျက်ရည်ကျချင်နေသည်။ ဒါကို နေခြည် သိစေနိုင်ပေမည်။ နေခြည် သည် အရာရာကို အတည်ငြိမ်ဆုံး ရင်ဆိုင်နေထိုင်တတ်သူ ဖြစ်၏။ သူ့...ငိုသည်ကို၊ ကျွန်တော် တစ်ခါမျှ မမြင်ဘူးပါ။

www.burmeseclassic.com

www.burmeseclassic.com



နေခြည်သည် သိမ်မွေ့နူးညံ့သော အနေအထိုင်မျိုးရှိသော်လည်း။ ဖျတ်လတ်တက်ကြွသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

"သူငယ်ချင်းတွေ အများကြီးထဲမှာ၊ ငါ... နင့်ကို အခင်ဆုံးပဲ။ နင့်ကို...ငါ နားအလည်ဆုံးပဲ။

အခု လေယာဉ်ပေါ်တက်လိုက်ပြီဆိုတာနဲ့၊ ငါ..., နင်နဲ့ သွားခဲ့လာခဲ့ ပြောဆိုကြည်နူးခဲ့တာတွေ အားလုံးကို၊ သတိတရ ယူသွားချင်တယ်။

အကျဉ်းချုပ်ပြောရရင်၊ သတိရစရာတွေကိုပဲ ယူသွားချင်တယ်။ ဝမ်းနည်းစရာတွေကို၊ ယူမသွားချင်ဘူးဟာ"

နေခြည့်စကားသံ၊ တိုးတိတ်တိမ်ဝင်သွားသည်။

"အေးပါ။ ငါ နေတတ်ပါတယ် နေခြည်။ ဝမ်းမနည်းအောင် နေတတ်ပါတယ်"

"နင့်ကို ဝမ်းမနည်းပါနဲ့လို့ ပြောနေတာမဟုတ်ဘူး။ ငါကိုယ်တိုင် ဝမ်းမနည်းချင်ဘူး...လို့ ပြောနေတာ"





"နင်က...ဝမ်းနည်းတတ်လို့လား"

"ငါလည်း...နှလုံးသားနဲ့ လူတစ်ယောက်ပါဟာ"

ငိုတော့မည့်ဟန်ကို၊ အပြုံးဖြင့် ဖယ်ထုတ်လိုက်သည်။

"ဒီလိုလုပ်။ မခွဲခွာခင်တစ်လျှောက်လုံးမှာ ငါကချည်းပဲ၊ နင့်ကို၊ အားပေးစကား။ ဖြေဆည်စကားတွေ ပြောခဲ့ရတယ်။

အခု...ငါ ဝမ်းမနည်းအောင်၊ ဖြေဆည်နိုင်အောင်၊ နင် ငါ့ကို ပြော။ နင်...ပြောတတ်သလိုပြော။ နင့်စကားကို ငါ...နားထောင်သွားချင်တယ်"

လေယာဉ်ကွင်း၏ စားသောက်ဆိုင်ခန်းထဲတွင်၊ ရှိနေကြခြင်းဖြစ်သည်။ နေခြည်၏ မိဘတွေက၊ ခပ်လှမ်းလှမ်းရှိ စားပွဲဝိုင်းတွင် လိုက်လံပို့ဆောင်သူများနှင့် ရယ်ရယ်မောမော စကားပြောနေကြသည်။ နေခြည်နှင့်ကျွန်တော် သူငယ်ချင်းတွေဆိုသည်ကို၊ အားလုံးက သိမြင်သိကြ၏။ အခြား သူငယ်ချင်းတွေ၊ ရောက်မလာသေးခင်စပ်ကြားကျွန်တော့် ပါးစပ်တံခါးကို အလျင်အမြန် ဖွင့်ဟရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေဟာ"

ကျွန်တော်...

နေခြည့်မျက်နှာလေးကို မြတ်နိုးစွာ ငေးကြည့်လိုက်၏။ ပြီးမှ...

"ဆန့်ကျင်ဘက်အရပ်က၊ ခုတ်မောင်းလာတဲ့ ရထားနှစ်စီး။ ဘူတာတစ်ခုမှာ အချိန်ကြာကြာ ရပ်နားဆုံတွေ့ကြတယ်။

အဲဒီ့ဆုံတွေ့တဲ့အချိန်မှာ ဟိုဘက်ရထား။ ဒီဘက်ရထားပေါ်က လူနှစ်ယောက်၊ တစ်ယောက်ကို တစ်ယောက် ဂရုတစိုက် ရှိခဲ့မိကြတယ်။

နောက်တော့...

ရထားဥသြသံကြားရတယ်။ သက်ဆိုင်ရာ ရထားပေါ်ကို၊ ကိုယ်စီ ပြန်တက်သွားကြရတယ်။

ဆုံစည်းခဲ့တဲ့ အချိန်ကာလတွေကို၊ အိပ်မက် လို့ သဘောထားလိုက်ရင်။ ထားနိုင်ခဲ့ရင်။ ရထားရဲ့ ဥသြသံဟာ၊ ရထားဥသြသံအဖြစ်ပဲ ကျယ်လောင်နေ





လိမ့်မယ်။

အဲဒီလို မဟုတ်ဘဲ၊ ဆုံစည်းခဲ့တဲ့ အချိန် ကာလကို တကယ် ဆုံစည်းခဲ့တာပါလားလို့ တွေး လိုက်မိရင်၊ ရထားဥသြသံဟာ နွေမှာ တွန်ကြူးတဲ့ ဥသြတွန်သံလို၊ လွမ်းမောစရာ ကောင်းလိမ့်မယ်။

အဲဒါကြောင့်၊

ဆုံစည်းခဲ့ရသမျှ၊ အချိန်ကာလတွေကို၊ အိပ်မက်လို့ သဘောထားလိုက်ပါလား နေခြည်"

နေခြည်သည်၊ ကျွန်တော့်ကို ပြုံးလျက် ကြည့်၏။ ကြည့်ရင်း

"ကျေးဇူးပဲဟာ။ ဘဝတစ်လျှောက်လုံး အတွက်၊ နင် ငါ့ကို၊ ဝမ်းမနည်းမိအောင်၊ စေတနာ အပြည့်နဲ့ သင်ကြားပေးလိုက်တယ်လို့၊ ငါ ခံယူပါ့ မယ်။ ငါ...နင့်ကို အရမ်းကျေးဇူးတင်ပါတယ်"

ကိုယ်စီ ကိုယ်င ပြုံးပြဖြစ်ကြသည်။

မကြာမီ...ခွဲရပါတော့မည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

(၄)

အိပ်မက်တွေသာ ဖြစ်ပါရစေ နေခြည်။

ဒါပေမဲ့...,

တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုဟာ၊ အိပ်မက်တော့ မဟုတ်ဘူး။

☺



www.burmeseclassic.com

www.burmeseclassic.com

နေခြည်နှင့် ခွဲခွာခဲ့ရပြီးသည့်နောက်,

ကျွန်တော်…အိပ်မက်များစွာ မက်ပါသည်။

ထိုအိပ်မက်များထဲတွင်,

ကျွန်တော်…, ဥဩလေး ဖြစ်နေသည်။ ။

☺ ☺ ☺

2004 Jan. 3

11:31 (A.M)

(၂၀၀၄ ခု၊ မတ်လ၊ အပျိုစင်မဂ္ဂဇင်း)



ပြဋ္ဌာန်းချက်

www.burmeseclassic.com

www.burmeseclassic.com

# ပြဋ္ဌာန်းချက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ချစ်တဲ့သူကို၊ "ချစ်ပါတယ်"...လို့ ပြောဝံ့တဲ့သတ္တိ၊ ကျွန်မ, ဘယ်သူ့ဆီက တောင်းယူရမလဲဟင်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကိုကိုနဲ့ကျွန်မ့နဲ့ အိမ်နီးချင်းဆိုပေမဲ့ ဟိုတုန်းက ကိုကို့ကို ကျွန်မ မသိဘူး။

ဆယ်တန်းအောင်စာရင်း ထွက်တဲ့မနက်ကမှ အောင်စာရင်း သွားကြည့်ရတဲ့ ကျောင်းရှေ့မှာ၊ ကျွန်မ ကိုကို့ကို မြင်ဖူးတာ။ "ဖော်ဖော်မျိုးကို မရိုက်ရတာ ကြာပြီ၊ ကြုံတုန်း ရိုက်လိုက်ဦးမယ်" လို့ ပြောပြီး၊ ဆရာမ သုံးယောက်က၊ ကိုကို့ခေါင်းကို ဝိုင်းခေါက်ကြတယ်။ ကိုကိုက ရယ်မောပြီး ငြိမ်ခံနေတာကို ကျွန်မ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတယ်။

"နှင်...ဘာလာရှုပ်တာလဲ"လို့ ဆရာမ,တစ်ယောက်က၊ မေးတယ်။ ကိုကိုက..,

"ကျတဲ့သူတွေကို၊ လာ အားပေးတာ။ အောင်တဲ့သူတွေကို၊ လာကြိုဆိုတာ"

"နှင်..., ဒစ်(စ)တန့်ပဲ တက်နေတာလား"

"ဟုတ်တယ် တီချယ်။ အေးတက်ရင် အသား မည်းမှာစိုးလို့"

"အင်း။ ပေါက်ကရပြောတဲ့ အကျင့်က၊ အခုထိ မဖျောက်သေးဘူး။ အလုပ်ကော၊ လုပ်နေပြီလား"

"ရည်းစားထားတဲ့ အလုပ်ကလွဲပြီး တခြား အလုပ် မလုပ်ဖြစ်သေးဘူး။ ခေတ်မီအောင်၊ ကွန်ပျူတာသင်တန်းတော့၊ ခဏ တက်လိုက်သေးတယ်"

"ကျွမ်းသွားပြီလား"





"ကွန်ပျူတာတော့၊ မကျွမ်းဘူး။ ကွန်ပျူတာ သင်တန်းက ကောင်မ,လေးတွေ တော်တော်ချော တာတော့၊ သိတယ်"

"ဂေါက်"ခနဲ မြည်သွားတဲ့အသံတစ်သံကို၊ ကျွန်မ, နီးနီး ကပ်ကပ် ကြားလိုက်ရတယ်။ ဆရာမက၊ ကိုကို့ခေါင်းကို၊ ခေါက် လိုက်တဲ့ အသံလေ။

နောက်ရှုတ်ရှုတ် နေတတ်တဲ့ လူတစ်ယောက်ပဲလို့ တွေးပြီး ငေးကြည့်နေမိတဲ့ ကျွန်မ,ကို၊ မြင်သွားတယ်။ ဆရာမ, ခေါင်းခေါက် လို့ မျက်နှာရှုံ့နေရင်းက၊ ကိုကို..., ကျွန်မ,ကို၊ နှာခေါင်းရှုံ့ပြတယ်။ မရယ်မိအောင် ထိန်းပြီး၊ ကျွန်မ, မျက်နှာလွှဲလိုက်ရတယ်။ နှာခေါင်း လေးရှုံ့ပြတဲ့ ကိုကို့အမူအရာကြောင့်၊ ကျွန်မ, ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတယ်။

အောင်စာရင်းကြည့်ပြီး၊ သူငယ်ချင်းတွေနဲ့အတူ ကျောင်းဝင်း အပြင်ကို ထွက်လာတဲ့အထိ၊ ကျွန်မ,ရင်ထဲမှာ တစ်ခုခု ပါလာသလိုပဲ။ ဒါမှမဟုတ်, ကျောင်းဝင်းထဲမှာ၊ တစ်ခုခု ကျန်ရစ်ခဲ့ရသလိုပါပဲ။

☺



www.burmeseclassic.com

www.burmeseclassic.com



"အောင်တယ်မဟုတ်လား...ပပ"

ဘုရားရေ။

ကျွန်မ နာမည်ကို၊ ကိုကို သိနေတယ်။ ကျွန်မ, တအံ့တသြ လှည့်အကြည့်မှာ၊ ကိုကိုက...,

"အောင်တယ်မဟုတ်လား...လို့"

ကျွန်မ, ကတုန်ကယင်နဲ့ ခေါင်းညိတ်ပြလိုက်မိတယ်၊ ကိုကို့ ဘေးနားမှာလည်း, ကိုကို့နဲ့ရွယ်တူ သူငယ်ချင်းနှစ်ယောက် ပါလာတာ ကို၊ ကျွန်မ, သတိပြုမိတယ်။ ကျွန်မ, သူငယ်ချင်း ကေသီငြိမ်းက...,

"ပပ။ ဘာဖြစ်လို့ သွားဖြေနေတာလဲ။
အောင်အောင် မအောင်အောင်၊ သူနဲ့
ဘာဆိုင်လဲ"

ကျွန်မ, မထင်မှတ်တဲ့ အလုပ်ကို၊ ကိုကို လုပ်လိုက်တယ်။ ကျွန်မ,တို့ ရှေ့တည့်တည့်မှာ...၊ ကိုကို ဝင်ရပ်လိုက်တယ်လေ။

"ဟော့။ ပပဝင်းနဲ့ ငါနဲ့က၊ အိမ်နီးချင်း။
အိမ်နီးချင်းမို့လို့၊ အောင်မအောင် မေးတာ၊
ဘာဖြစ်လဲ"





ရုတ်ရုတ်သဲသဲ ဖြစ်သွားတာမျိုး မဟုတ်ပေမဲ့ ကျွန်မ အရမ်း လန့်သွားတာ အမှန်ပဲ၊ ကိုကိုဟာ၊ ရယ်ရယ်မောမော နောက်နောက် ပြောင်ပြောင် နေတတ်သလောက်၊ ဒေါသ,ကြီးတတ်တဲ့ လူ တစ်ယောက်ပါလား...ဆိုတာ၊ ကျွန်မ, ချက်ချင်းသိလိုက်ရတယ်။ ကေသီငြိမ်းက,လည်း၊ ခပ်စွာစွာဆိုတော့၊ ပြဿနာဆက်ဖြစ်ရင်၊ ကျွန်မ,တော့ အရှက်ကွဲတော့မယ်။ အဲဒါကြောင့်ပဲ၊ ကျွန်မက၊ အရဲစွန့်ပြီး...,

"အစ်ကို၊ ကျွန်မ သူငယ်ချင်းကို စိတ်မဆိုး
ပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်"

ကျွန်မ,ကို၊ ကိုကိုက စူးစူးရဲရဲ မမိုတ်မသုန်ကြည့်ပြီး၊ ချက်ချင်းလှည့်ထွက်သွားတယ်။ အဲဒါ ကျွန်မ,ရဲ့ တောင်းပန်စကား အပေါ်၊ စိတ်,ကျေနပ်သွားတဲ့ အကြည့်လားဟင်။

☺

"နင်က၊ သူ့အကြောင်း ဘယ်လောက်သိလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ...ပပ"

"မသိဘူး။ အခုမှ မြင်ဖူးတာ။ စောစောက ဆရာမ,တွေ သူ့ကို ခေါင်းခေါက်နေတုန်းကမှ မြင်ဖူးတာ"

ကေသီငြိမ်းက...

"မသေမချင်းမှတ်ထား။ အဲဒီ ဇော်ဇော်မျိုး ဆိုတဲ့လူက၊ ငမွေ၊ ငရှုပ်။ ရပ်ကွက်ထဲမှာလည်း ရန်ခဏခဏ ဖြစ်တယ်။

ချမ်းသာတယ်ဆိုပြီး မွေချင်းတိုင်းမွေ၊ ရှုပ်ချင်တိုင်းရှုပ်နေတာ"

သူငယ်ချင်း ဇာဇာစိုးက...,

"နင်နဲ့ အိမ်နီးချင်းဆိုတာ၊ နင် မသိဘူးပေါ့"

ကျွန်မ၊ ခေါင်းခါပြလိုက်မိတယ်။

"ဟဲ့။ နင်တို့အိမ်ခေါင်းရင်းက၊ တိုက်အိမ်က,လေ။ နင်...တကယ်မသိဘူးလား"

"မသိဘူး။ ငါမှ သတိမထားမိတာ"





ကေသီငြိမ်းက...

"အေး။ အခု...သတိထားမိပြီ မဟုတ်လား။ နောက်တစ်ခါဆို လာမပတ်သက်စေနဲ့။ ဘာမှ မဟုတ်ဘူး။ နင်..., ရှုပ်ချောလို့ လာရောတာ"

ဘာကြောင့်မှန်း မသိဘူး။ အဲဒီနေ့ အဲဒီအချိန်က စပြီး၊ မွေပါတယ် ရှုပ်ပါတယ်ဆိုတဲ့၊ ကိုကို့အကြောင်းတွေ ကျွန်မ,နဲ့ မဆိုင်သလို ခံစားနေမိတယ်။ ပြီးတော့...

ကျွန်မ, အတွေးတွေထဲမှာ၊ ကိုကို ရောက်ရောက်လာတယ်။ ပြီးတော့...

သူ့နာမည်ကို၊ "ဇော်ဇော်မျိုး"ပါလို့ သိထားပါလျက်၊ ရင်ထဲက,နေ၊ "ကိုကို"...လို့၊ ခေါ်ချင်နေမိတယ်။ အဲဒါ..., ကျွန်မ မှားသလားဟင်။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၃)

အဲဒီနောက်ပိုင်း ကျွန်မ, သတိထားမိတာက၊ ညတိုင်းညတိုင်း ကိုကို့ သီချင်းဆိုသံသဲ့သဲ့ကို ကြားနေရတတ်တာပါပဲ။

ကျွန်မတို့အိမ်က၊ ပျဉ်ထောင်အိမ်ပါ။ ကိုကိုတို့အိမ်က၊ တိုက်အိမ်။ အိမ်ဝင်းကျယ်။ ကိုကိုတို့ မိသားစုနဲ့ နှိုင်းယှဉ်ရင်၊ ကျွန်မတို့ မိသားစုက၊ အများကြီးဆင်းရဲပါတယ်။ ကျွန်မမှာ ဖေဖေ၊ မေမေ အစ်ကို အစ်မတွေနဲ့ နေရတာဆိုတော့၊ ကိုကို့သီချင်းသံ ကြားကြားချင်း၊ ဖျူးခနဲ ဖျတ်ခနဲ ထ,ရုပ်ပြီး အိမ်ပြတင်းပေါက်ကနေ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုကို သီချင်းဆိုရာနေရာကို လှမ်းမျှော်ကြည့်ခွင့် မရပါဘူး။ လှမ်းမျှော်ကြည့်ခွင့်ရရင်တောင်၊ ကိုကို့ကို မြင်ရမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့၊ ကိုကိုတို့အိမ်ခြံဝင်းက အုတ်တံတိုင်းနဲ့ ခတ်ထားတာမို့ပါ။

တစ်ခါတစ်ရံ ကိုကိုက၊ ကျွန်မ,တို့ အိမ်ရှေ့လမ်းတစ်ဖက်က ဓာတ်တိုင်အောက်မှာ သူငယ်ချင်းတွေနဲ့အတူ၊ ဂစ်တာတီး သီချင်းဆိုပြန်သေးတယ်။ အဲဒီလို ည,မျိုးမှာ...

ကျွန်မ အမူအရာမပျက်အောင် နေထိုင်ရတာ၊ တော်တော်ခက်ခဲခဲ့ပါတယ်။ ကိုကို အော်ဆိုနေတဲ့ သီချင်းအမျိုးအစားတွေကို ကျွန်မ, နားမယဉ်ပါဘူး။ ဒါပေမဲ့..., တစ်စုံတစ်ယောက်အပေါ် ချစ်မြတ်နိုးကြောင်း တမ်းတ,ကြောင်းတွေကို၊ ပေါ်လွင်သိသာစေတဲ့ အဓိပ္ပါယ်တွေဆိုတာကိုတော့၊ ကျွန်မ, သိပါတယ်။

ကျွန်မ, ဘယ်လောက် နှုတ်နည်းခဲ့သလဲဆိုရင်...,

ကိုကို့ပြုမူသမျှအကြောင်းတွေကို၊ ဘယ်သူ့ကိုမှ၊ ပြောမပြဖြစ်ခဲ့ဘူး။ ဘယ် သူငယ်ချင်းကိုမှ၊ အသိမပေးဖြစ်ပါဘူး။

☺



သိပ်အံ့ဩဖို့ကောင်းတာက၊ ကျွန်မ,နောက်ကို၊ ကိုကို တစ်ကောက်ကောက်လိုက်နေတတ်တာပါပဲ။ ပိုပြီး အံ့ဩဖို့ကောင်းတာက၊ ကျွန်မ, အနားကို ရောက်လာတတ်တဲ့ ကိုကို့ဝတ်ပုံဆင်ပုံတာ၊ ကျွန်မ,နဲ့ စ,တွေ့တဲ့ နေ့တုန်းက၊ ဝတ်ဆင်ထားသလို၊ လမ်းသရဲပုံစံမျိုး မဟုတ်တော့တာပါပဲ။

လ,ပေါင်းများစွာ၊ ကျွန်မ နောက်က လိုက်ပါနေခဲ့ပေမဲ့၊ ကိုကို့ရဲ့ ရိုင်းပျတဲ့ အပြုအမူမျိုးကို၊ ကျွန်မ, တစ်ကြိမ်တစ်ခါမျှ ကြုံခဲ့ရပါဘူး။ စာအုပ်အငှားဆိုင်သွားတဲ့အခါလည်း ကိုကို လိုက်ပါလာတတ်ပါတယ်။ အနားကိုလာပြီး "ဘယ်က ပြန်လာတာလဲ။ ဘာစာအုပ် ငှားလာတာလဲ"ဆိုတာမျိုးလောက်ပဲ၊ ကိုကို မေးမြန်းပါတယ်။ ပြီးရင် နှုတ်ဆက်ပြီး၊ ထွက်ခွာသွားစမြဲပါ။

ကျွန်မ,အဖို့မှာတော့၊ ကိုကို့ကို မြင်တိုင်း၊ ကိုကို စကားလာပြောတိုင်း...,

ရင်ထဲမှာ တစ်လှပ်လှပ်ခုန်နေရသူပါ။ ကျွန်မ,စိတ်က ကြောက်တတ်တာလည်း၊ ပါမယ်ထင်ပါတယ်။ အနားကို၊ ကိုကို ရောက်လာရင်၊ အိမ်က, တစ်ယောက်ယောက် မြင်သွားမှာ၊

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်ယောက် တွေ့သွားမှာတွေကိုပါ တွေးပြီး ကြောက်စိတ်ဝင်မိတယ်။ ကြောက်တဲ့စိတ်ကြောင့် ရင်ထိတ်တာလား နှလုံးသားထဲက တခြားစိတ်ကြောင့် ရင်ခုန်တာလားဆိုတာကိုလည်း သေသေချာချာ ခွဲခွဲခြားခြား မသိခဲ့ရိုးအမှန်ပါ။

အဖေ အမေကိုလည်း ကျွန်မ ကြောက်ပါတယ်။ အစ်ကို အစ်မကိုလည်း၊ ကျွန်မ,ကြောက်ပါတယ်။ ပတ်ဝန်းကျင်ကိုလည်း ကျွန်မ,ကြောက်ပါတယ်၊ သူငယ်ချင်းတွေကိုလည်း ကျွန်မ,ကြောက်ပါတယ်။ ကိုကို့ကိုလည်း၊ ကျွန်မ,ကြောက်တယ်။ အကယ်၍များ ကြောက်တဲ့စိတ်ဆိုတာသာ၊ ကျွန်မ,မှာ မရှိရင်၊ ကျွန်မ,ကို၊ ကိုကို စကားလာလာပြောတဲ့အချိန်တိုင်းဟာ၊ ကျွန်မ,ရဲ့အကြည်နူးဆုံး အချိန် တွေလို့၊ ကျွန်မ, ဝန်ခံရမှာပါ။

☺ ☺ ☺

(၄)

ကျွန်မ, ပထမနှစ် စ,တက်ရတဲ့အချိန်မှာ၊ သူငယ်ချင်းတွေနဲ့ အဓိကဘာသာချင်းမတူတော့တဲ့အတွက်၊ ကျောင်းသွား ကျောင်းပြန် အတူတူပြန်ကြရတာက,လွဲပြီး ကျန်တဲ့အချိန်တွေမှာ သူငယ်ချင်းတွေနဲ့ အချိန်တိုင်း မတွေ့ဖြစ်တော့ပါဘူး။

ကိုကို ကျောင်းကို ရောက်လာပါတယ်။

ကိုကို့ကို မြင်မြင်ချင်း၊ ရင်ထဲမှာ ကြည်နူးသွားရပေမဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကြောက်တဲ့စိတ်က ဖျောက်ပစ်လို့ မရပါဘူး။ ကျွန်မက သန့်လျင်မှာ ကျောင်းတက်ရတာပါ။ အစ်ကို အစ်မတွေက Day ပဲ တက်နိုင်ပါတယ်။

"ကျောင်းမှာ အပျော်အပါးရှာဖို့ အေးတက်ခိုင်းတာ မဟုတ်ဘူးနော်။ တက္ကသိုလ်တက်ရတဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံယူစေချင်လို့၊ အဝေးသင်မတက်ခိုင်းဘဲ၊ အေးတက်ခိုင်းတာ။ ဘာအလုပ်မှ လုပ်စရာမလိုဘူး။ ငါတို့အပင်ပန်းခံမယ်၊ နင် စာကြိုးစားဖို့ပဲလိုတယ်"

ဆိုတဲ့ အစ်ကိုအကြီးဆုံးရဲ့ စကားကို၊ ပြန်ကြားယောင်ပြီး၊ ကိုကို့ကို တွေ့တွေ့ချင်း၊ ကြောက်တဲ့စိတ်က ဝင်လာရတာပါ။

"အပြန်၊ ဖယ်ရီနဲ့ မပြန်ပါနဲ့လား။ ကိုယ့်ကားနဲ့၊ အိမ်နားအထိ လိုက်ပို့ပေးမယ်လေ"

ကျွန်မ ခေါင်းပဲ ခါတတ်ပါတယ်။

ဘယ်သူ့ကိုပဲဖြစ်ဖြစ်၊ ကျွန်မ, စကားများများ မပြောတတ်ပါဘူး။ မိဘနဲ့ အစ်ကို အစ်မတွေရဲ့ အရိုက်အနှက်၊ အဆူအပြောကို လည်း၊ တစ်ခါမှ မခံခဲ့ရပါဘူး။ ဒါပေမဲ့, အဆူအရိုက်ခံရမှာကို စိတ်က အလိုလို ကြောက်နေတတ်ခဲ့တာပါ။





ကိုကို ကျွန်မကို ကြည့်ပြီး၊ ပြုံးနေပါတယ်။ ကျွန်မ,က၊ ကိုကို့မျက်နှာကို မဝံ့မရဲကြည့်ပြီး၊ ခေါင်းငုံ့ထားမိတယ်။ ဒီလိုအချိန်မှာ သူငယ်ချင်းတွေဖြစ်တဲ့၊ ကေသီငြိမ်းနဲ့ ဇာဇာစိုးတို့သာ ရောက်လာခဲ့ရင်၊ ဒုက္ခပဲလို့၊ တွေးကြောက်မိပြန်ပါတယ်။

"ရှင်ပြန်ပါတော့"လို့၊ ကျွန်မ,အော်ပြောတတ်ချင်ပါတယ်။ ဒါပေမဲ့, ကျွန်မ,ကြောက်တယ်။ ကိုကို့မျက်နှာကို ရဲရဲဝံ့ဝံ့ မကြည့်ရဲဘူး။ တကယ်ဆိုရင် သူ့မျက်နှာကို ရဲရဲကြည့်ပြီး…

"ရှင့်လို ငပွေငရှုပ်နဲ့ ကျွန်မ, စကားမပြောချင်ဘူး"လို့၊ ပြောပစ်လိုက်သင့်တယ်။ ဒါပေမဲ့…,

ကိုကို့ကို၊ ကျွန်မ, ကြောက်တယ်။

ဘာကြောင့်မှန်း မသိဘူး။ ကျွန်မ မျက်ရည်တွေ ဝဲလာရတယ်။ ဒါကို သိသွားတဲ့ ကိုကိုက…,

"ဟော့ ပပ။ ငိုတော့ မငိုနဲ့။ ကိုယ်ပြန်ပါ့မယ်။ ကိုယ်…ပပကို လာနှောင့်ယှက်တာ မဟုတ်ဘူးနော်။ သတိရလို့ လာတာ။

ပါးစပ်နဲ့သာ နှုတ်ထုတ်ရင်၊ ကိုယ် ပြန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ မျက်ရည်နဲ့ နှင်ထုတ်လိုက်လို့ ကိုယ်ပြန်တာ”

ကျွန်မ, မျက်စိအောက်က ကိုကို ပျောက်သွားတဲ့အခါ ကျွန်မ…, ကျွန်မ ဝမ်းသာမိရမယ့်အစား ပို့ပြီး…, ငိုချင်သွားတယ်။ အဲဒါ…, ကျွန်မ၊ မှားသလား။

☺

ကျွန်မ,ကို၊ ကိုကို ငဲ့ညှာသလား မသိပါဘူး။

ကျွန်မ အနားကို၊ ကျွန်မ သူငယ်ချင်းတွေ မရှိတဲ့အခါမျိုး ကျမှ၊ ကိုကို ရောက်လာတတ်တယ်။ ကျွန်မ, စာသင်ချိန်တိုင်းမှာ၊ ကိုကို့ကို လုံးဝ, မတွေ့ရဘူး။ အတန်းဖော်တစ်ယောက်ယောက်နဲ့ပဲ ဖြစ်ဖြစ်၊ ကျွန်မ, တစ်ယောက်တည်းပဲဖြစ်ဖြစ်၊ အပန်းဖြေဆောင် အပြင်ဘက်က ခုံတန်းတစ်ခုမှာ ထိုင်နေမိတဲ့အခါမျိုးမှာသာ၊ ကိုကို ကျွန်မ,အနားကို ရောက်လာတတ်တာ။

“ပပက စကားနည်းတယ် ထင်တယ်။စကား





နည်းတဲ့သူကို၊ ကိုယ်ကလည်း၊ လိုရင်းတိုရှင်းပဲ ပြောမယ်။

ကိုယ်က…, ဟိုတုန်းက၊ ငပွေ။ ငရှုပ်။ အခု အဲဒါမျိုးတွေ ပြောင်းလဲပစ်ခဲ့တာ ကြာပြီ။ ပပ,ကို၊ စ,ပြီး ချစ်မိကတည်းက,ဆိုပါတော့။

ကိုယ်…, ပပကို ချစ်တယ်။ အဲ…နားမရှင်းမှာစိုးလို့ ထပ်ပြောပြမယ်။ ကိုယ့်အိမ်ဘေးနားက၊ ကောင်မ,လေး လှတယ်ဆိုတာပဲ သိတယ်၊ နာမည်က ပပဝင်းဆိုတာပဲ သိတယ်။ ကိုယ်, သိပ်စိတ်မဝင်စားခဲ့ဘူး။

ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့က,မှ၊ နီးနီးကပ်ကပ်မြင်ပြီး၊ အပြင်းအထန် ချစ်မိတာ။ ကိုယ်က သိပ်ဆိုးခဲ့တယ်။ ဒါပေမဲ့, ပပ,ကို ချစ်မိတဲ့နေ့က၊ စ,ပြီး အတတ်နိုင်ဆုံး နူးညံ့အောင် ကြိုးစားနေတယ်။

ပပ။ ကိုယ်…, ပပကို ချစ်တယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို သိလား''

တကယ်ဆို ကျွန်မ, အနည်းဆုံး (သိပါတယ်ဆိုတဲ့အနေနဲ့) ခေါင်းတစ်ချက်လောက် ညိတ်ပြလိုက်သင့်တယ်။ ဒါပေမဲ့, ကျွန်မ, ခေါင်းငုံ့ထားမိတယ်။

ကိုကိုက၊ ပြုံးပြီး…,

"အရမ်း သိမ်မွေ့တယ် ပပရယ်။ အဲဒါလေး
ကို ချစ်တာ။ ကိုယ့်ကြောင့်, ပပ… ဘယ်တော့မှ
စိတ်အနှောင့်အယှက် မဖြစ်စေရဘူး။ ကဲ…ကိုယ်
ပြန်တော့မယ်''

အဲဒီအခါကျမှ၊ ကျွန်မ…ကိုကို့ကို မော့ကြည့်လိုက်ပြီး ခေါင်းညိတ်မိတယ်။ ကိုကို ပြုံးပြသွားပြန်တယ်။

ကျွန်မက ဆင်းရဲတယ်လေ။ ကိုကိုတို့က ချမ်းသာတယ်။ အဲဒါကိုလည်း, ကျွန်မ ကြောက်တယ်။

☺ ☺ ☺

## (၅)

ပုပ်ရင်ပေါ်တယ်၊ ဟုတ်ရင်ကျော်တယ်…တဲ့။

ပန်းသတင်းလေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင်တဲ့။ ဘယ်သူက, ဘယ်သတင်းကို၊ ဘယ်လို ဆောင်လိုက်သလဲ မသိပါဘူး။ ကျွန်မ,ဆီကို၊ ကိုကိုလိုက်လိုက်လာတဲ့ သတင်း။ အိမ်ကမိသားတစ်စုလုံး ကြားသိသွားကြတယ်။

ဒေါ်နဲ့မောနဲ့ မေးမြန်းဆူပြောကြတာ မဟုတ်ပေမဲ့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



က ဝိုင်းကြည့်နေကြတဲ့ မျက်လုံးတွေကြားထဲမှာ၊ ကျွန်မ, နေရတာ ကြောက်တယ်။

"သမီးနဲ့ ဘယ်လို ပတ်သက်နေသလဲ"လို့ မေမေက၊ မေးတယ်။ "ဘယ်လိုမှ မပတ်သက်ပါဘူး"လို့ ကျွန်မ.ဖြေမိတယ်။ မေးရင်းဖြေရင်းနဲ့ပဲ၊ နောက်ဆုံးတော့, ကိုကို၊ ကျွန်မ,ကို ရည်းစား စကားလာပြောတဲ့အကြောင်း။ ကျွန်မ, ဝန်ခံလိုက်ရတယ်။ ကိုကိုတို့ မိသားစုက၊ ရပ်ကွက်ထဲကို ပြောင်းလာတာ လေးငါးနှစ်ပဲ ရှိသေး တယ်ဆိုတဲ့အကြောင်း။ မိဘတွေက မွန်မွန်ရည်ရည်ရှိပေမဲ့ ကိုကိုက ဆိုးတဲ့အကြောင်း... ဖေဖေ ပြောပြပါသေးတယ်။

အဲဒီနောက်ပိုင်း။ ကျွန်မရဲ့ကျောင်းသွား၊ ကျောင်းပြန်ကို၊ အိမ်က တစ်ယောက်ယောက်က, တာဝန်တစ်ခုလို၊ အပို့အကြိုလုပ် ကြပါတော့တယ်။ အဲဒီအခါ အခြေအနေက၊ မထင်မှတ်လောက် အောင် ပိုဆိုးလာပါတယ်။ ကိုကိုက၊ အိမ်ရှေ့ဓာတ်တိုင်က,နေ၊ ညတိုင်း ညတိုင်း။ သီချင်းတွေ အော်ဆိုတယ်။

တစ်ညမှာ ကျွန်မ, အဖေ၊ ကျွန်မ.အစ်ကိုနဲ့ ကိုကိုတို့အုပ်စု ပြဿနာဖြစ်ကြတယ်။ နောက်ဆုံး, ဖေဖေ့အနေနဲ့ ကိုကို့မိဘတွေကို





အတိအလင်းအကြောင်းကြား တိုင်တန်းတဲ့အထိ ဖြစ်သွားရတယ်။ ကိုကိုတို့မိဘတွေက၊ ချမ်းသာတယ်ဆိုပေမဲ့, ထောင်ထောင်လွှားလွှား မဟုတ်ကြဘဲ၊ တောင်းပန်စကားကို ပြေပြေပြစ်ပြစ်ပြောကြတယ်။

ဘာကြောင့်မှန်းမသိဘူး။ ကျွန်မ, ကိုကို့ကို သနားနေမိတယ်။ ဦးတော့ ကျွန်မ, တိုင်ခိုင်းတာ မဟုတ်ပါဘူးလို့ ကိုကို့ကို ရှင်းပြချင် စိတ်ဖြစ်မိတယ်။ ဒါပေမဲ့, ကျွန်မက၊ ဆင်းရဲတဲ့ မိန်းကလေးလေ။ ဘယ်သူက ပြဋ္ဌာန်းထားခဲ့မှန်း မသိတဲ့၊ မျိုးသိပ်ခံစားခြင်းကိုသာ ကျွန်မ အဖော်ပြုနေလိုက်မိတော့တယ်။ ကျွန်မ, ရင်ထဲမှာ၊ အရမ်း နာကြင်ပါတယ်။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၆)

နိုင်ငံခြားမှာရှိတဲ့ အစ်ကိုတစ်ယောက်ဆီကို ပို့ပြီး ကိုကို့ကို အလုပ်,လုပ်နိုင်းတော့မယ့်အကြောင်း၊ အိမ်က မိဘတွေအလစ်မှာ၊ ကျောင်းကိုလာပြီး ကိုကိုပြောပြတယ်။ ကျွန်မ ကိုကို့ကို ဘာပြန်ပြော ရမယ်မှန်း မသိဘူး။ ကြောက်နေတယ်ဆိုတာပဲ ကိုယ့်ကိုကိုယ် သိတယ်။

"ပြောပါ ပပရယ်။ ကိုယ် ဒီတစ်ပတ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



သွားရတော့မှာမို့ပါ။ ချစ်တယ်ဆိုတဲ့ စကားကို၊ ပ
ပြောပါ။ ပပဆီက ချစ်တဲ့စကား ကြားသွားရရင်
အနေဝေးရပေမဲ့ ကိုယ် ဖြေသာပါတယ်။ ကိုယ့်ကို
တစ်ခုခုပြောပါ ပပရယ်"

ကျွန်မ မိဘတွေကို ကြောက်တယ်။ ပြီးတော့ ချမ်းသာတဲ့ ကိုကို့အသိုင်းအဝိုင်းကို ကြောက်တယ်။ ကျွန်မ ဘာစကားမှ မပြောရဲဘူး။ ကျွန်မ နှုတ်ဆိတ်ပြီးသာ ငြိမ်နေလိုက်မိတယ်။ ရင်ထဲမှာ ကိုကို့ကို ပြောချင်တဲ့စကားတွေ အများကြီးပဲဆိုတာကိုတော့ ကျွန်မကိုယ် ကျွန်မပဲ သိတယ်။ ဒါပေမဲ့ ကျွန်မ၊ ဘာစကား တစ်ခွန်းမှ၊ ကိုကို့ကို ပြန်မပြောဖြစ်ခဲ့ဘူး။

"ရက်စက်တယ်ဟာ။ ရက်စက်လွန်းတယ်"

ဒေါသ,မပါဘဲ၊ ကြေကြေကွဲကွဲပြောသွားတဲ့ ကိုကို့ရဲ့ နောက်ဆုံးစကားသံက၊ ကျွန်မ,ရင်ထဲမှာ, လှိုင်းထန်သွားရတယ်။ ကိုကို အနားက၊ ထွက်ခွာသွားတော့မှ ကျွန်မ, ငိုမိတယ်။





ကိုကို နိုင်ငံခြား ထွက်သွားပြီဆိုတာ၊ ကျွန်မ, သတင်းမကြားဘဲ သိခွင့်ရလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့, ကျောင်းသွားကျောင်းပြန်၊ ဟိုဟိုဒီဒီ ကျွန်မ,တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားခွင့်ရလိုက်လို့ပါပဲ။

ကိုကို ဘယ်နေ့က သွားတယ်ဆိုတာလောက်ကိုတောင်၊ ကျွန်မ မသိခဲ့ရဘူး။ ကျွန်မ ညတိုင်းညတိုင်း၊ အိပ်လို့ မပျော်ဘူး။ ကိုကို့ကို မြင်ယောင်နေတယ်။ ကိုကို့စကားသံတွေ၊ သီချင်းသံတွေကို ကြားယောင်နေမိတယ်။

ကျွန်မ, စိတ်ကစားခဲ့တာ မဟုတ်ပါဘူး။ ကိုကို ဆိုးခဲ့ ခဲ့တာတွေ၊ ဟုတ်ချင်ဟုတ်မှာပါ။ ဒါပေမဲ့ ကျွန်မ,အပေါ်၊ ကိုကို ဘယ်ခါမှ မဆိုးခဲ့ဘူးဆိုတာ၊ တစ်လောက,လုံးမှာ၊ ကျွန်မ,တစ်ယောက်တည်းပဲ၊ သိပါတယ်။

သူငယ်ချင်းတွေကို၊ ပြောပြ ရင်ဖွင့်ချင်ပေမဲ့၊ သူတို့ နားလည်လက်ခံကြမှာ၊ မဟုတ်ပါဘူး။

ဘယ်တော့ ပြန်လာမယ်မှန်း မသိပေမဲ့၊ ကိုကို ပြန်လာတဲ့ အခါ ကိုကို့ကို၊ ကျွန်မ, စကားတွေ အများကြီး ပြောတော့မယ်လို့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ကိုယ်တည်း ဆုံးဖြတ်ထားလိုက်မိပါတယ်။

☺

ကျွန်မ ဒုတိယနှစ်စာမေးပွဲဖြေဆိုပြီးတဲ့ အချိန်မှာ၊ ဖေဖေနဲ့ မေမေတို့၊ ကိုကိုတို့ အိမ်ဘက်ကို သွားတယ်။ ပြန်လာကြတဲ့အခါ မျက်နှာမကောင်းကြဘူး။ ကိုကိုတို့အိမ်ကို ဘာသွားလုပ်တာလဲလို့ မေးကြည့်ချင်ပေမဲ့၊ ကျွန်မ မမေးရဲပြန်ဘူး။

ကိုကိုတို့အိမ်ဘက်မှာ လူဝင်လူထွက်များလွန်းတာကိုတော့ ကျွန်မ, သတိပြုမိပါတယ်။ နောက်ဆုံးတော့ ကျွန်မ အစ်မကို ကျွန်မ တီးတိုးလေး အရဲစွန့်ပြီး မေးမိပါတယ်။

"မမ...ဟိုဘက်အိမ်က ဘာလုပ်ဖို့လဲ

ဖေဖေတို့က ဘာသွားလုပ်တာလဲ"

မမက...,

"ဖော်ဖော်မိုး ဆုံးသွားပြီတဲ့၊ ဒီနေ့ ရက်လည်

ဆွမ်းသွတ်လေ"





"... ... ..."

ကျွန်မ..., ကျွန်မ၊ အာမေဋိတ်သံတစ်ခုခုလောက်တောင်မှ ထွက်နိုင်လောက်အောင်၊ ရင်ထဲမှာ အောင့်သွားရပါတယ်။

"နင့်ကို၊ အခုမှ၊ ငါ အသိပေးမယ်။ သူ ဟိုကနေ၊ နင့်ဆီကို စာလှမ်းလှမ်းရေးတယ်။ အဲဒီ စာတွေ မေမေတို့က၊ ဖျောက်ဖျက်ပစ်လိုက်ကြ တယ်။ ဘာရောဂါမှ ထွေထွေထူးထူးဖြစ်တာ မဟုတ်ဘူးတဲ့။ အဖျားလွန်တာ...တဲ့။

ငါလည်း...စိတ်တော့ မကောင်းဘူး။ မေမေတို့ လည်း စိတ်မကောင်းဖြစ်ကြရတယ်။ ရှုတ်တရက် ဆိုတော့..."

ကျွန်မ...ဘာကိုမှ စဉ်းစားမနေတော့ဘဲ၊ ငိုချလိုက်မိတယ်။

"နင်...ဘာဖြစ်လို့ ငိုတာလဲ။ ဘာဖြစ်လို့ ငိုတာလဲ...ပပ"

ကျွန်မ ခေါင်းကို ခါယမ်းလိုက်မိတယ်။ မျက်ရည်တွေ ကြောင့်လို့ မရတော့ဘူး။ ကိုယ့်ကိုယ်ကို ပစ်လဲမကျသွားအောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိန်းထားရပြန်တယ်။ ကျွန်မ ရင်ဖွင့်ချင်လိုက်တာ။ ကျွန်မ အော်ငို ချင်လိုက်တာ။

☺ ☺ ☺

(၆)

ချစ်တဲ့သူကို "ချစ်ပါတယ်"…လို့ ပြောဝံ့တဲ့သတ္တိ၊ ကျွန်မ, ဘယ်သူ့ဆီက တောင်းယူရမလဲဟင်။ တောင်းယူလို့ ရခဲ့ပြီဆိုရင် ကောင်း၊ ကျွန်မ ဘယ်မှာ သွားပြောရမှာလဲ။ ဘယ်သူ့ကို သွားပြော ရမှာလဲ။

"ကိုကို့ကို ချစ်တယ်"…လို့၊ မပြောဖြစ်ခဲ့မိတာ၊ ကျွန်မ ဘာ့ခဲ့သလားဟင်၊ ကံကြမ္မာရဲ့ ပြဋ္ဌာန်းချက်လား။ သံသရာရဲ့ ပြဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်လား။ မိသားစုရဲ့ ပြဋ္ဌာန်းချက်လား။ ဒါမှမဟုတ်…, မိန်းကလေးတစ်ယောက်ရဲ့ ကံကြမ္မာဆိုတဲ့ ပြဋ္ဌာန်းချက်လား။

ဘယ်ပြဋ္ဌာန်းချက်ကြောင့် ကျွန်မ ရင်နင့်ခဲ့ရတာလဲ။ ကျွန်မကို ခွင့်လွှတ်ပါ…ကိုကိုရယ်…။ ။

☺ ☺ ☺

2003 March 12

5:36 (A.M)

(၂၀၀၃ ခု၊ ဖွန်လ၊ အပျိုစင်မဂ္ဂဇင်း)



ငါမသိတဲ့

ငါ့ရဲ့ နောက်ကျောကမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

ငါမသိတဲ့

ငါ့ရဲ့...

နောက်ကျောက...ချက်ခြာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

## မင်းသားသစ်

ပြုလဲသွားတဲ့ သက္ကရာဇ်များကို
မေ့မရခြင်းနဲ့ နှုတ်ဆက်ပြီး
ထပ်မံရောက်ရှိလာမယ့်
မျက်နှာသစ် ကံကြမ္မာမြားချက်တွေကို
ရင်ဆိုင်ဖို့ အသင့်ပြင်မယ်။
လောကဓံ အသစ်တွေကို ရိုက်ချိုးဖို့
ငါ့ကို ဘယ်သူ ကူညီမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲမှာ…ငါ့ရဲ့ ရဲဘော်ရှိတယ်။
ငါနဲ့ထပ်တူ ဖြစ်မယ့်သူဟာ
ငါပဲဖြစ်တယ်။
"ငါနဲ့ ထပ်တူဖြစ်ပေးမယ်"…ဆိုတဲ့
ဝေါဟာရကို
မည်သူမှ မသုံးစွဲရ။
အဲဒီ သုံးစွဲမှု (မှသား) လုလုလေးတွေကို
ယုံကြည်လက်ခံလိုက်ရင်
လောကဓံ မင်းသားက, ဟားတိုက်ပြီး
ငါ့ကို ပါးရိုက်လိမ့်မယ်။
လောကဓံမင်းသားသစ်ကို
ယှဉ်ပြိုင်က,ဖို့အတွက်,
ငါ့လက်ချောင်းများသာ
ငါ့ရဲ့ အားထားရာဖြစ်တယ်။ ။

(၁၉၉၅)

☺



(၂)

ရင်ထဲက မီးကျိုးခဲတွေ ငြိမ်းအေးဖို့ ရေတစ်ခွက်လိုတယ်။
အဲဒီ ရေတစ်ခွက်ရဖို့၊ ရေအိုင်ငယ်လေးက၊ ဟိုး အဝေး၊ ကျောက်ဆောင်ကျောက်တန်းတွေ၊ တောတောင်တွေကြားမှာ။

ပြီးတော့…,

စိတ်ကူးယဉ်ဒေသက၊ အမည်မသိတဲ့ ကန္တာရအလယ်မှာ။
အဲဒါ…, "အိုအေစစ်"ဆိုတဲ့၊ ရေအိုင်ငယ်လေးလေ။



www.burmeseclassic.com

www.burmeseclassic.com



မသွားရဲလို့ မသွားခဲ့တာလား။ မရေရာလို့ မလှမ်းခဲ့တာလား။ သေသေချာချာ မသိပေမဲ့ မှန်းဆရခက်တဲ့ အနာဂတ်ကို ကြောက်တယ်။ အနာဂတ်ကို လှမ်းမောနေမိခြင်းရဲ့ အတွေးထဲမှာ ရေအိုင်ငယ်လေးရှိတယ်။

အေးမြပါစေ၊ လှမ်းခြင်း ဆွေးခြင်း သတိတရ ကြေကွဲခြင်းတွေရဲ့ရှေ့မှာ ရေအိုင်ငယ်လေး ရှိတယ်၊ (ပြာဖြစ်သွားတဲ့ အသည်းနှလုံးတွေရဲ့ အဆုံးမှာ၊ ဟောက်ပက်ဖြစ်နေတဲ့ ရေကန်ငယ်လေးအတွက်၊ ဒါဟာ အိပ်မက်ဆိုးပေါ့)။

မျဉ်းပြိုင်နှစ်ခုရဲ့ အဆုံးမှာ၊ ဆုံရပ်တစ်ခုရှိမယ်ဆိုရင်၊ ဒါဟာ ကံကြမ္မာက၊ တမင်သက်သက် ကျားကွက်ရွှေ့လိုက်ခြင်းသာ ဖြစ်လိမ့်မယ်။ အရာရာဟာ အချစ်မဟုတ်ဘူး။ အရာရာဟာ ကြိုးများသာ ဖြစ်တယ်။

(ကိုယ့်ကြိုးနဲ့ကိုယ်၊ ရစ်နှောင်ထွေးလုံးနေရခြင်းဘေးမှ ကင်းဝေးပါရစေ)

(1996-Jan 1)

☺





ကြိုးမရှိဘဲ ထွက်ပေါ်နေတဲ့ သံစဉ်။ ဂီတ။ သီချင်း။ အဲဒါတွေအတွက် ဂစ်တာကို ရိုက်ခွဲချင်တယ်။

သီချင်းသံ မကြားဖို့ သီဆိုသူ မရှိမှ ဖြစ်မယ်။

ဂီတသံ မကြားရဖို့ ကြိုး (ဒါမှမဟုတ်) တီးခတ်သူ မရှိမှ ဖြစ်မယ်။

သံစဉ်တွေ မထွက်ပေါ်ဖို့ လေထုမရှိမှ ဖြစ်မယ်။

☺

ငြိမ်းချမ်းခြင်းကို တွေ့တယ်။

ကြိုးတွေ ရှုပ်ထွေးနေတာ မကြိုက်ပေမဲ့၊ ဘဝမှာ ဂစ်တာလှလှလေးတစ်လက် လိုအပ်တယ်။

ငြိတွယ်ခြင်း မဟုတ်တဲ့၊ တည်ရှိခြင်း တစ်ခုကို၊ မျဉ်းပြိုင်ရဲ့ အဆုံးအထိ ရှိနေစေချင်တယ်။ ဒါဟာ အနာဂတ်ကို မပိုင်စိုးဘူး။ ဒါဟာ စိတ်ကူးယဉ်မျဉ်းပြိုင်သာဖြစ်တယ်။

နိမိတ်ပုံဖော်စရာမလိုတဲ့ ဟောဒီ မျဉ်းပြိုင်နှစ်ခုဟာ အနော်ရာ တစ်ဖက်ကမ်းကို၊ လှမ်းသလိုမျိုး။ နေရှာရာရဲ့ တစ်ဖက်ကမ်းကို၊



www.burmeseclassic.com

www.burmeseclassic.com



တ,သ,သလိုမျိုး။ အရောင်ဆိုးထားတဲ့ ကောင်းကင်၊ ပြိုကွဲသွားသလို မျိုး။ (အိပ်မက်ဆိုးတွေ ကြိုတင်မက်ခဲ့တယ်)။

☺

အချိန်လုပြီး ချိုမြိန်ပါရစေ။
ပြန်ကွဲသွားတော့မယ့် အနာဂတ်အတွက်၊ လက်တစ်ဖက်စာ ယုံကြည်မှု ကို ဖယ်ရှားလိုက်ပါရစေ။

☺

ယုံကြည်မှုကို ခိုင်မာစေဖို့,
အနမ်း မလိုအပ်။
အလွမ်း မလိုအပ်။
မာယာ မလိုအပ်။
ဖက်တွယ်ခြင်း မလိုအပ်။
ကဗျာစပ်တဲ့ လက်နဲ့၊ ကြိုးမဲ့စွာ တီးခတ်ဖို့၊ ဂစ်တာတစ်လက်သာ လိုအပ်တယ်။

(1995-Jan. 2)

☺ ☺ ☺



(၃)

ဘဝကို မပိုင်စိုးပေမဲ့, အာရုံဖွဲ့စားခြင်း၊ စာမျက်နှာအတွက်၊ ဝင်သက်ထွက်သက်ထဲမှာ၊ ကဗျာတွေ ရောက်လာပြီ။

နေရစ်ခဲ့တော့။ လွှင့်ပစ်ဖို့စိတ်ကူး။

အိပ်မက်ကို စူးရှခဲ့ပေါ့။

မဖွယ်မရာ အပြုံးလေးနဲ့၊ နာကျင်စရာ အရိပ်ကို ဖယ်လိုက်ရင်တောင်မှ၊ အနာဂတ်ကို ဖန်တီးဖို့၊ မျက်ရည်ဆိုရုံပဲ ရှိမယ်။



www.burmeseclassic.com

www.burmeseclassic.com



သတိရစရာ တစ်ခုခုတော့၊ ပေးစွမ်းနိုင်တယ်လေ။ ဆုံရပ် တစ်ခု ဖြစ်တည်ဖို့ အတွက်တော့၊ ဘယ်လို ပြုလုပ်ချက်က,မှ ထောက်ကူနိုင်မှာ မဟုတ်ဘူး။ (အိပ်မက်လေးရေ…ငါ ရှုံးပြီ)။

☺

ရှုံးမှုးမိုက်မဲဖို့အတွက်၊ ရိုက်ခွဲရမယ့် ကောင်းကင်က၊ ကျယ်ကျယ်ပြန့်ပြန့်၊ ပြီးတော့…အုပ်မိုးထားတတ်သေးတယ်။

ရွှေးချယ်စရာ အကောင်းဆုံးလက်ဆောင်က,တော့…

ပေးဆပ်ခြင်း။

ပြီးတော့…ဒဏ်ရာ။

ပြီးတော့…မျက်ရည်။

ပြီးတော့…နှလုံးသည်းပွတ်။

☺



ဒုက္ခရဲ့ ခြေဖြးလမ်းပေါ်မှာ၊ နှင်းတွေ ဘယ်လောက်ပဲ ဝေဝေ၊ ခံနိုင်ရည်ဘယ်လောက်ပဲရှိရှိ မှုန်ဝါးဝါးကောက်ကြောင်းတစ်ခုအတွက်၊ ဘာကိုမှ မရက်စက်ချင်ဘူး။

ဘာကို သိရမလဲ၊ မသိချင်ဘူး။ သိခြင်းကြောင့် ဖြစ်ပေါ်နေတဲ့၊ နာကျင်မှုအတွက်၊ အရည်ပျော်စေမယ့် ဦးနှောက်မျိုးကို၊ မပိုင်ဆိုင်ထားဘူး။ "သုည"အတွက်၊ ပေးဆက်ရတဲ့ အရည်ပျော်ခြင်းတွေကို၊ နာရီလက်တံတွေက ခါးသီးစ,ပြုနေပြီ။

**အိပ်မက်ရေ…**

**ည,တွေ အစွန့်ရှည်ဖို့**

**ဘဝကို အိပ်စက်ခွင့်ပြုပါ။**

(1995-Jan. 3)

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၄)

ဘာမှ မပတ်သက်တဲ့ ပုံပြင်တစ်ပုဒ်ကို ဖတ်ညွှန်းခဲ့လိုက်ရဲ့ [illegible] လွမ်းစရာတွေ ဖြစ်သွားရောလား။ မှန်တစ်ချပ်ကို မျိုချထားမိတဲ့ အတွက်၊ ထိနိုက်နစ်နာလိုက်တာ။

ရှိုင်းပျတဲ့ လက်ချောင်း။

ဆိုးသွမ်းတဲ့ ခြေလှမ်း။

ရက်စက်တဲ့ စိတ်နှလုံး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကို အသုံးပြုရမယ်ဆိုရင်…

လောက,ကြီး၊ သာယာဖွယ်ကောင်းလိုက်မယ့်ဖြစ်ခြင်း။

ခြေရင်းမှာ ပန်းတွေ ပြန့်ကျဲ…လို့၊ ပြီးတော့ ရန့်တွေ ငိုကြွေးလို့လေ။

☺

မငိုရဘူး။

လောကမှာ ရှိနေသမျှ မျက်ရည်တွေ ခြောက်ခန်းဖို့ ပန်းများ ပွင့်ရမယ်။ ရန့်တွေ သင်းပျံ့ရမယ်။

ကောင်းကင်က အသိအမှတ်မပြုတာတောင်မှ၊ မြေပြင်က နေခွင့်ပေးတယ်။ ဝေပါ…။

မကြွေကြေး…။

အမြစ်တွေကို ဆွဲနှုတ်ဖို့ မကြိုးစားကြေး။

☺





ရှိးသားတဲ့ အိပ်မက်တစ်စုံအတွက်၊ အေးခဲမယ့် မနက်ဖြန် ကို အားနာစိတ်အပြည့်နဲ့၊ အိပ်မွေ့ချထားချင်တယ်။

☺

သံလွင်ခက်တစ်ခက်ကို ယူဆောင်လာမယ့် ချိုးဖြူငှက်။ မှာ ခဏနားပါ။ ပြီးတော့ ပျံသွားပါ။ အမှန်တရားနဲ့ ပတ်သက်တဲ့ က်သေပြခြင်းအတွက်၊ ပဠလက်ဥတွေ၊ ဥပေးပါ။

ရင်နာဆိုနှင့် ကြေကွဲခွင့်တွေနဲ့အတူ၊ ခိုင်ခံ့တဲ့ အုတ်တံတိုင်း ကြီးက, သဲမှုန်တွေ ကွာကျလို့၊ ရွှာချတဲ့ မိုးစက်တွေကြောင့်၊ ညည်ပျော်ရော့မယ်။

ဝေပါ…နှင်း

ကြေညာခြင်း နေ့ရက်အတွက်,

ဆောင်းကို ပွေ့ဖက်ခွင့်ပြုပါ။

(1995 Jan 4)

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

## (၅)

သွားခဲ့ကြပြီ။ ဘယ်လောက်အထိ ခရီးဆုံးလို့လဲ။ မာယာမရှိတဲ့ ကြိုး။ လှည့်စားခြင်းကင်းတဲ့ မျက်နှာ၊ မရေရာခြင်း၊ စကားလုံးတွေက၊ အနာဂတ်ကို၊ သိမ်းကျုံးပိုင်ဆိုင်နိုင်လိမ့်မယ်လို့ ယုံကြည်သလား။

ချိန်းဆိုထားတဲ့ ဒုက္ခနေ့ရက်တွေ၊ အရှိန်ရှည်ကြာနေမှတော့, ဝေဒနာဆိုတာ ဓာတ်ပြားဟောင်းတစ်ချပ်ပေါ့။

☺



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခြင်းဟာ...သီချင်းတစ်ပုဒ် မဟုတ်ဘူး။

ရိုးသားခြင်းဟာ...ကဗျာတစ်ပုဒ်မဟုတ်ဘူး။

နာတာရှည်ရောဂါကို ကုစားဖို့ ကံကြမ္မာသမားတော်ကြီးက လက်စွဲနေတယ် ထင်ပါရဲ့။ ကိုယ့်ရင်ကို ကိုယ်ခွဲပြီး၊ ငိုပွဲဆင်ရမယ့် ဈာပနမှာ၊ လွမ်းစရာအကောင်းဆုံးကတော့၊ ပန်းကုံးလေးတစ်ခု မျက်ရည်ဥနေခြင်းပဲ ဖြစ်တယ်။

နှစ်ပါးသွား ကပြခွင့်ရဖို့ ကိုယ်ပိုင်ဒါရိုက်တာတစ်ယောက် ရှိခဲ့ရင်, ငိုချင်းချရမယ့် ဇာတ်ဝင်ခန်း။ ဘယ်နေရာမှာ ရေပန်းစားပါတော့မလဲ။ (ငိုချင်လိုက်တာ။ မျက်ရည်တွေကို အားနာတယ်)။

☺

အောင်မြင်မှုနောက်က, ရောက်လာကြမယ့် လက်ခုပ်သံတွေကို၊ ဝမ်းပမ်းတသာကြိုဆိုရင်း။ ရယ်မောဟားတိုက်လိုက်ချင်တယ်။

"အောင်မြင်မှု နောက်တော်ပါးမှာ

မိတ်ဆွေသစ်တွေ၊ အများကြီးပဲ"တဲ့။ မိတ်ဆွေဟောင်းများ။





...မြန်လာပါ။ (ချစ်သူဟောင်းများ သတိထားပါ)။

သစ္စာတရားကို၊ လေလံတင်ရောင်းချဖို့ ကြိုတင်စာရင်းပေး...သူများအတွက်၊ အသည်းကွဲခြင်းလက်ဆောင်ကို၊ ကံစမ်းမဲအဖြစ် ...မယ်။ ယုံရဲ့လား။ ငါဟာ

ခပ်ပါးပါးပြုံးတတ်တဲ့

ရှုန်းထွက်ခြင်း ကျောက်ဆောင်ဖြစ်တယ်။

(1995 Jan.5)

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၆)

ကြည့်စမ်း၊ မရှိမဲ့ ရှိမဲ့ အလွှမ်းတွေကြောင့် ပန်းကြွေတစ်ခု နှမ်းမြေလုပ်ဖို့ ကြံရွယ်နေလိုက်တာ။ လာရာမသိတဲ့ အရပ်ဒေသမှာ တို့ဟာ ဘယ်လိုမျိုးစေ့တွေလဲ။ ပြန်မြင်ချင်လိုက်တာ။

ဖွာလန်ကျဲနေတဲ့ ကောသာစုထဲမှာ၊ သံမထိကမျှာတစ်ပုဒ်၊ ပန်ဆင်တင့်တယ်ဖို့အတွက်၊ တကယ်တမ်းကျတော့၊ ကာရန်တွေ ချောက်ဆုံးနေလေရဲ့။ ဘာသာပြန်လို့ မရတဲ့ မျက်နှာပေါ်က သနပ်ခါး

www.burmeseclassic.com

www.burmeseclassic.com



ပါးပါးမှာ ရှိုးသားခြင်းတစ်ခုတော့ ရှိနေတယ်။

သင်းကွဲငှက်တစ်ကောင်က၊ အဲဒီ လှောင်ချိုင့်မှာ နေထိုင်ဖို့ အခွင့်တောင်းတဲ့အခါ၊ ကောင်းကင်က ဖိတ်ခေါ်တဲ့ အတောင်ပံသံကို လည်း၊ ကြားယောင်တယ်။ (လွတ်လပ်စွာ ပျံသန်းချင်ပါလျက်၊ အပျံသင်စ, ငှက်တစ်ကောင်လို၊ စိတ်မရှုခြင်း ပိုက်ကွန်ကျယ်ကြီးနဲ့ ဖုံးအုပ်ထားလိုက်ပုံများ၊ ရယ်စရာကောင်းလိုက်တာ)။

☺

ရေစက်တစ်စက်ရဲ့ ပင်လယ်။

ဟောဒီနယ်ပယ်ထဲမှာ ချဲ့ထွင်လိုက်ပုံက၊ မယုံချင်စရာ မှန်တိုင်းတွေ ထင်နေပါရောလား။ ငြိမ်းအေးစေဖို့အတွက်, ရှဉ့် တစ်ကောင် လိုအပ်တယ်။ ပျားအုံတစ်အုံ လိုအပ်တယ်။ သစ်ကိုင်း တစ်ကိုင်း လိုအပ်တယ်။

☺





ငိုတတ်ပါလျက်၊ မျက်ရည်တွေကို ထိန်းချုပ်ထားတဲ့ မျက်ဝန်းရဲ့ ချုပ်ထိန်းမှုက၊ အနာဂတ်ကို ဝယ်ယူမလို့မျိုး၊ ခပ်တိုးတိုး ရဲရင့် နေလိုက်တာ။ ဘာပဲဖြစ်ဖြစ်၊ စိတ်ညစ်အောင် လုပ်တဲ့ အထဲမှာ အနာဂတ်ဟာ အကြီးမားဆုံး ပျားအုံပဲ။ နာကျင်အောင် လုပ်လိုက် ပါပေါ့။

အဲဒါ ဝမ်းသာစရာ လက်ဆောင်ကောင်းတစ်ခုဖြစ်တယ်။

(1995-Jan 6)

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၇)

သံမဏိကျောက်တုံးတစ်တုံးရဲ့ အက်ကြောင်းထဲကို၊ စိမ့်ဝင် ...တို့ အက်ဆစ်တစ်စက်က၊ မနက်ခင်းပေါင်းများစွာကို၊ နီးထ,စေ ...သယ်။ ညတွေကို လိုက်စားစေတယ်။

မြူမှုန်လောက် သေးငယ်တဲ့၊ သံလိုက်မှုန်လေးတစ်ခုဆီကို၊ ...ထိတံတိုင်းကြီး။ ယိမ်းထိုးလှုပ်ရှားလျှောက်သွားပုံက၊ သတိလွတ်နေ ...ရဲ့ အမူးသမားတစ်ယောက်လို။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂) မောင်လှမျိုး (ချင်းချောင်းခြံ)

အချိုးရည်ပုလင်းခွံထဲက၊ ပလပ်စတစ်ပိုက်တံလေးဟာ မဟာ ပင်လယ်ကြီးကို စုပ်ယူလိုက်ပုံက၊ အံ့ဩစရာ။ (ပင်လယ်ပြင်ကြီး ဟောက်ပက်ဖြစ်သွားပြီ)။

☺

ရေအိုင်ငယ်လေးထဲက၊ လှိုင်းပုတ်ဖော်ကြောင့် ပင်လယ်ပျော် သင်္ဘောကြီးလည်း၊ လဲပြိုနစ်မြုပ်သွားပေါ့။

☺

ခပ်ဖျော့ဖျော့ဆေးသားနဲ့ ရေးခြယ်ထားတဲ့ ပန်းချီကားတစ်ချပ် ရဲ့ တောက်ပမှုက၊ လေဆာရောင်ခြည်ကိုတောင် မှေးမှိန်သွားစေ တယ်။ "ပဋ္ဌမံအနမ်း"ကို မလွှမ်းချင်တော့ဘူး။

လွှမ်းချင်စိတ် မရှိဘူး။ ထိထိုးထားတဲ့၊ လူတစ်ယောက်ရဲ့ မျှော်လင့်ခြင်းမျိုးထက်၊ ပိုမိုဆိုးရွားတဲ့ အိပ်မက်မျိုးမို့၊ တီးတိုးလေး တောင် မလွှမ်းချင်တော့ဘူး။

(1995 Jan. 8)

☺ ☺ ☺



(၈)

လိမ္မာလိုက်တာ။

ကျိုန်စာသင့်နေတဲ့ အပြုံးနှစ်ခုက၊ ဘဝကို မထီမဲ့မြင်ပြုနေ သလိုမျိုး။

ကြည့်စမ်း။ လှလိုက်တဲ့ မျက်ဝန်း။ အလိမ္မာပုံဆောင်ခဲ့။ ဆိတ်ကျဲကျဲနဲ့ ဦးငုံ့လိုက်တဲ့အခါ၊ သံယောဇဉ်ကေသာတွေတောင်၊ ထမှာ ပျံဝဲလုပြီ။

☺



www.burmeseclassic.com

www.burmeseclassic.com



အားနာလိုက်တာ။

လောကကြီး လှပဖို့အတွက်၊ ကိုယ် ဘာများ ပေးဆပ်နိုင်ခဲ့လို့လဲ။ တစ်ခုခုကို ယုံကြည်နေသလား။ (မနက်ဖြန်ကို၊ ကိုယ် မယုံကြည်ဘူး)။

☺

အေးခဲသွားတော့မယ့် နွေသစ်တွေ အရည်ပျော်စေဖို့ ထာဝရ မြှုပြဖို့လိုတယ်။ (အိုမင်းသွားပြီဖြစ်တဲ့၊ ရင်ခုန်သံတွေ ပြန်လည်ပျံ့မွှန်ဖို့၊ အငိုမြစ်လေးတစ်စင်းကို၊ ဘယ်သူ ဖန်တီးပေးသလဲ)။

မငိုချင်ဘူး။

မျက်ရည်များရဲ့ကိုယ်စား၊ အင်အားတွေ လိုချင်တယ် သေချာရဲ့လား။ ဝေဒနာရထားတစ်စင်းအတွက်၊ မရေရာခြင်း ပြကွက်တွေကြောင့်၊ အနာဂတ်ပိတောက်တွေ၊ ကြွေလုပြီ။

☺

နှင်းတွေ...

ဝေနေလိုက်တာ။ အနာဂတ်ဟာ နှင်းခွဲမီး။

☺





နောက်ဆုံးတွက်သက် မတိုင်ခင်၊ အချိန်အနည်းငယ်အတွက်၊ အလိုအပ်ဆုံးဆုတွေ၊ စိတန်းရေးချလိုက်တဲ့အခါ နောက်ဘဝမှာ၊ "အိပ်မက်"တစ်ခု ပါလာလိမ့်မယ်။

အလွမ်းတွေကို သီ...တန်း...လို့၊ ပန်းတွေကို သီကုံးလို့၊ ဖုံးဖိုးမဲ့ခဲ့တဲ့ မျှော်လင့်ကြိုးအတွက်၊ မိုးမသောက်ခင် ခရီးနှင်ချင်လိုက်တာ။

ရင်ခွင်ဆိုတာ...

အမျှော်အမြင် နည်းပါးလွန်းစွာ၊ ပညာရှိယောင် ဆောင်နေတတ်သလား။

☺

မှတ်ထား။

ဘဝဆိုတာ...

အချိန်မရွေး ပြိုကျတတ်တဲ့

ကောင်းကင်ဖြစ်တယ်။

(1995 Jan.28)

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

(၉)

အဲဒီ ခုနစ်သက္ကရာဇ်တွေတုန်းက၊ ငါ့ရဲ့ ဗိုင်ယာရီစာမျက်နှာတွေပေါ်မှာ ငါ ဘာဖြစ်လို့ ဘာတွေ ရေးခဲ့မိတာလဲ။ ငါ မသိကွဲတော့ဘူး။ မမှတ်မိတော့ဘူး။

အိပ်မက်တွေကို တမ်းတခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်။ ရင်ခွင်ထဲကို ငုံ့ကြည့်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်။ ကောင်းကင်ကို မော့ကြည့်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်။

☺

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ။

ငါ လုံးဝ မမှတ်မိတော့ဘူး။ တစ်ခုတော့ ရှိတယ်။ အဲဒီတုန်းက အိပ်မက်လေးတစ်ခုကို၊ အခု ငါ မျက်ဝါးထင်ထင် မြင်တွေ့နေခဲ့ရပြီ။

ကျန်တာတွေတော့၊ ငါ မမှတ်မိတော့ဘူး။ အားလုံး…၊ ငါ့ နောက်ကျောမှာ၊ ကျန်ခဲ့ပြီ။

☺

အခု…ခရစ်နှစ် ၂၀၀၄ ခုနှစ်ကို ရောက်လာပြီ။ အချစ်+အနုပညာ+ဘာသာတရားကို နှလုံးသားမှာထားပြီး၊ လောကဓံမင်းသားသစ်နဲ့ ငါ ရင်ဆိုင်ကြည့်လိုက်ဦးမယ်။ (ငါ့ ဒိုင်ယာရီ စာမျက်နှာတွေ အားလုံးအတွက်၊ အေးမြပါစေ)။ ။

(2004 Jan. 9)

☺ ☺ ☺

2004 Jan. 9

7:42 (P.M)

(၂၀၀၄ ခု၊ ဇွန်လ၊ ကောရီ Empress မဂ္ဂဇင်း)





www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပြောင်းရုပ်လွှဲ

www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်လောကတွင် အကြမ်းအားဖြင့် (ယေဘုယျအားဖြင့်) အရေးကြီးသောအရာမှာ "အိုက်တင်"ဖြစ်သည်။

၁။ သူ ရုပ်ရှင်လောကသို့ ရောက်ရှိခဲ့သည်မှာ မကြာလှသေး။ သေး၊ ငါးနှစ်လောက်တော့ ရှိရော့မည်။ အသက် ငါးဆယ်လောက်သာမှ ဇာတ်ပို့သရုပ်ဆောင်အဖြစ် ရုပ်ရှင် (ဗီဒီယို)လောကသို့ ပင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ထိုတစ်လျှောက်လုံးတွင် အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အိုက်တင်ကောင်းသူတစ်ယောက်အဖြစ် သိမှတ်ခဲ့ကြ၏။

အိမ်ထောင်ကျသည့်နေ့မှ ယခုရောက်ဆဲ အသက်အရွယ်အထိ အိမ်ထောင်ရေးကံမကောင်းခဲ့ကြောင်းကိုတော့ လူတော်တော်များများကို သူ ပြောပြရင်ဖွင့်လေ့ရှိသည်။ သူ့အိမ်ထောင်ဖက်သည် ရုပ်ရည်မချောမောသူ၊ မိဘက ပေးစားသဖြင့်သာ လက်ထပ်ခဲ့ရသူဖြစ်ကြောင်း နောင်တဖြင့် တသ စကားဆိုလေ့ရှိ၏။

☺

၂။ ရုပ်ရှင်မင်းသမီးလေးတစ်ယောက် ပေါ်ပေါက်လာသည်။ ထိုမင်းသမီးလေးနှင့် သူ၊ ဇာတ်ကားပေါင်းများစွာတွင် ကြုံဆုံခဲ့ရသည်။ သမီးနှင့်အဖေ။ တူမနှင့် ဦးလေး။ တပည့်နှင့် ဆရာ။ ချွေးမနှင့် ယောက္ခမ။ ကညာပျိုနှင့် ဖရာအို။ စသဖြင့်သော ဇာတ်ရှုပ်ပေါင်းများစွာဖြင့် ထိုမင်းသမီးလေးနှင့် သူ ဆုံတွေ့သရုပ်ဆောင်ခဲ့ကြရလေသည်။

ကြာသော် တစ်စစဖြင့် သူနှင့် ထိုမင်းသမီးလေး ခင်မင်





ရင်းနှီးခဲ့လေ၏။ သူသည် ထိုမင်းသမီးလေး၏ ဖခင်အရွယ်၊ ဦးလေးအရွယ် ဖြစ်သောကြောင့် သူ့ကို ထိုမင်းသမီးလေးက ရိုသေလေးစားစွာဖြင့် ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီး နေထိုင်ခေါ်ပြောခဲ့သည်။ ဇာတ်ပို့ဇာတ်ရံအဖြစ် သရုပ်ဆောင်ရသူချည်းမို့ မင်းသမီးလေးက မတူမတန်သလိုလို မဆက်ဆံခဲ့ချေ။ စားလျှင်လည်း ဦးဦးဖျားဖျား။ သွားလျှင်လည်း ဖေးဖေးမမ၊ အလုပ်လုပ်ဆောင်လျှင်လည်း တိုင်တိုင်ပင်ပင်၊ နှီးနှောနှော။ အကြံဉာဏ်တောင်းခံစရာရှိလျှင်လည်း မင်းသမီးလေးက သူ့ကိုပင် အားကိုးတကြီး။

နောင်သော်၊ သူ့စိတ်တွေ ယိမ်းယိုင်လာသည်။ သူ့နှလုံးသားလှုပ်ရှားလာသည်။ ထိုမင်းသမီးလေးနှင့် ကားရိုက်ကြုံရတော့မည်ဆိုလျှင် အလိုလို ကြည်နူးလာသည်။ ခင်မင်ရင်းနှီးသော ဇာတ်ကားရိုက်သူ တချို့ကိုပင် ထိုမင်းသမီးလေး ပါဝင်သရုပ်ဆောင်မည့်ဇာတ်ကားတိုင်း၌ သူ့ကိုပါ ထည့်သွင်းသရုပ်ဆောင်ခွင့်ပြုပါရန် ပွင့်ပွင့်လင်းလင်း ပြောပြခွင့်ပန်လေ့ရှိ၏။ အတူတကွ ကားရိုက်မကြုံလျှင်လည်း ထိုမင်းသမီးလေးရှိရာ ရိုက်ကွင်းသို့ အကြောင်းတစ်ခုခုဖြင့် [illegible] အရောက်သွားတတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အဆင်ပြေရဲ့လားလို့ ဦး လာကြည့်တာ"။ "သမီးကို သတိရလို့ လာတာပေါ့"၊ "ညက ဗိုက်အောင့်တယ်ဆိုလို့ စိတ်ပူပြီး လာတာ" စသည့် အကြောင်းပြစကားတို့ဖြင့် မင်းသမီးလေး၏ အပါးသို့ သူ အရောက်သွားခွင့် ရှိခဲ့သည်။

မင်းသမီးလေးကလည်း ဘာပဲလုပ်လုပ်၊ သူ့ကို တိုင်ပင်သည်။ တစ်စုံတစ်ယောက်နှင့် ပြဿနာဖြစ်လျှင်လည်း သူ့ကို တိုင်ပြောသည်။ တချို့က....

"ဟော့လူ။ ခင်ဗျားကလည်း အားရင် သမီးအနားပဲ ကပ်နေတယ်။ သမီးကလည်း တစ်လောကလုံးမှာ သူ့ဦးကိုပဲ အားကိုးနေတယ်။ နှစ်ယောက်တည်း ဘာတွေ ကြံနေကြသလဲ မသိဘူး။ အကြံသစ် အကြံဉာဏ်သစ်တွေ၊ ဝေငှပါဦးဗျ"ဟု တရင်းတနှီး နောက်ပြောင်၊ ပြောဆိုကြသည်။ ထိုအခါ မင်းသမီးလေးက "ဘာဖြစ်လဲ၊ ကိုယ့်ဦးနဲ့ကိုယ် တိုင်ပင်တာပဲ၊ လာမရှုပ်နဲ့"ဟု ရယ်မော ပြုံးရွှင်စွာ ပြန်ပြောတတ်သကဲ့သို့ သူကတော့ "ဟဲဟဲ"ဟုလည်းကောင်း၊ 'အဟင်း''ဟုလည်းကောင်း၊ အသံမထွက်ဘဲလည်းကောင်း၊ ရယ်ပြုံပြုံ လုပ်နေတတ်သေး၏။





တစ်ခါတရံ "ဒီသမီးပဲ ရှိတာပဲဗျာ။ ဒီသမီးအနားပဲ ကပ်နေရတာပေါ့"ဟု ထိုမင်းသမီးလေး၏ရှေ့၊ ထိုမင်းသမီးလေး၏ မိခင်နှင့် အဒေါ်တို့ရှေ့တွင် တည်ကြည်သော မျက်နှာထားဖြင့် ပြောပြတတ်သေးသည်။

☺

"ရှုတင်သိမ်း။ အိမ်ပြန်။ အိမ်ပေါ်ရောက်တာနဲ့ အိုအေစစ်ထဲကနေ အပူပိုင်းဇုံထဲကို ဝင်လိုက်ရသလိုပဲ။ ကိုယ့်စိတ်တွေ မောသွားတယ်။ ခြော် မနက်ကျရင် ရှုတင်မှာ သမီးနဲ့ တွေ့မှာပဲလေဆိုပြီး ညကို ကြိတ်မှိတ်ပြီး ဖြတ်သန်းရတာ။ သမီးနဲ့ ဝေးနေရတဲ့ ညတာတွေက ရှည်လွန်းတယ်"

"ကိုယ့်အခြေအနေ။ ကိုယ့်အသက်အရွယ်။ ကိုယ့် ရုပ်ရည်နဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ကိုယ် သိပါတယ်။ ဒါပေမဲ့ ပေါက်ကွဲချင်တယ်ကွာ။ ကိုယ် မျိုသိပ်ထားရတာ ကြာပြီ။

လုပ်စမ်းပါ။ အသက်ကြီးကြီး လူတစ်ယောက်က အသက်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ် ကောင်မလေးတစ်ယောက်အပေါ် ကြိတ်မှိတ်ပြီး ချစ်နေရာက နေ ရင်ပွင့်ပေါက်ကွဲပြီး ဖွင့်ပြောပစ်လိုက်တဲ့ အခန်းမျိုး။ သမီးနဲ့ ကိုယ့်ကို တည့်ပေးစမ်းပါ။ ကိုယ် အိုက်တင်အပြည့်၊ ခံစားမှုအပြည့် နဲ့ လွှတ်ပစ်လိုက်ချင်တယ်''

''ကောင်မလေးက အဖေမရှိတော့လို့၊ ကိုယ့်ကို အဖေ တစ်ယောက်လို ဦးလေးတစ်ယောက်လို ခင်မင်နေတာ ကိုယ်သိတယ်။ ဒါပေမဲ့ ကိုယ်က ရင်ထဲမှာ ကြွေနေတာလေ။ မဖြစ်သင့်ဘူး။ ဒါပေမဲ့ ဖြစ်နေတယ်''

''အဝတ်အစားဝတ်တာကအစ၊ ကိုယ့်ကို တိုင်ပင်တယ်။ နေမကောင်းဖြစ်လည်း ကိုယ့်ကို အသိပေးတယ်။ ဘာဆေးသောက် ရမလဲဆိုတာပါ မေးတာ။ တစ်ခါတလေ ညဘက် ကိုယ်နေကောင်း ပါ့မလားဆိုပြီး ဖုန်းဆက်မေးသေးတယ်။ သူက အဲဒီလို ဖြူဖြူစင်စင် ရင်းရင်းနှီးနှီးနေလေ…၊ ကိုယ်က ဒီရေတွေ မြင့်တက်လေပဲ။ အခု တော့ ကိုယ် အိုက်တင်ကောင်းတုန်းပါပဲ။ သူ နည်းနည်းလေးမှ မရိပ်မိဘူး။ ဒါပေမဲ့…, ကိုယ်…, ရေရေလည်လည်၊ နစ်မျော တယ်ကွာ''





သူနှင့်ရင်းနှီးသော သရုပ်ဆောင်အချင်းချင်းကိုလည်းကောင်း၊ ရိုက်ကူးသူအချို့ကိုလည်းကောင်း၊ သူ…အထက်ပါအတိုင်း ရင်ဖွင့် ပြောပြလေ့ရှိ၏။ မင်းသမီးလေးနှင့် မင်းသမီးလေး၏ အသိုင်းအဝိုင်း မှလွဲ၍ အားလုံးက သူ့ရင်တွင်းကို သိကြသည်။

☺

တစ်နေ့သ၌ အဆိုပါမင်းသမီးလေး အိမ်ထောင်ပြုသွားသည်။ သူ့ကို အသိမပေး။ မတိုင်ပင်။ အဘယ်ကြောင့်ဆိုသော် သူ့ကို ဖခင်တစ်ယောက်လို၊ အုပ်ထိန်းသူတစ်ယောက်လို၊ ရှိသေကြောက်ရွံ့ သောကြောင့် ဖြစ်၏။ သူ အသည်းကွဲသွားသည်။ ခင်မင်ရင်းနှီးသူ များအားလုံး သိကြ၏။

☺

ရုပ်ရှင်ရိုက်ကူးသူ (ဒါရိုက်တာတစ်ယောက်)၏ အိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သူ အရက်မူးနေကြောင်း ကြားသိရသဖြင့် သူ၏ဇနီးသည် ရောက်ရှိလာသည်။

"ရှင် ဘာဖြစ်လို့ အရက်သောက်တာလဲ။ ဒီလောက်များများ မမူးဖူးပါဘူး။ ဘယ်လိုဖြစ်တာလဲ။ ပြောပါဦး"

သူ ဘာမျှ မဖြေ။ ခေါင်းကိုသာ ငိုက်စိုက်ချထားလေ၏။ ထိုစဉ် ဒါရိုက်တာ၏ တပည့်လေးတစ်ယောက်က ဝင်ရောက်၍ ရှင်းပြလေသည်။

"ဦးလေးက အသည်းကွဲနေတာ အန်တီရဲ့။ အဲဒါကြောင့် အရက်သောက်တာ"

"ဘာဖြစ်လို့၊ အသည်းကွဲရတာတဲ့လဲ"

"ဟို...၊ ဟို...မင်းသမီးလေး မင်္ဂလာဆောင်သွားလို့လေ။ ဦးလေးက အဲဒီ မင်းသမီးလေးကို အရမ်းချစ်နေတာ။ မယုံရင် ကျွန်တော့်ဆရာကို မေးကြည့်ပါလား။ ကျွန်တော့်ဆရာဆီမှာ လာလာပြီး ရင်ဖွင့်တာ ကျွန်တော် ခဏခဏကြားရတယ်"

"ဟေ့ကောင်" "ခွပ်" "ခွပ်"

ဒါရိုက်တာ၏ တပည့်လေးကို သူ နှစ်ချက်ခန့် ဆင့်ထိုးသည်။

ထိုအခါ အနီးရှိ ဒါရိုက်တာက ဝင်ရောက်လာပြီး "ဟေ့လူ၊ ခင်ဗျား ဘာဖြစ်လို့ ထိုးရတာလဲ၊ ပါးစပ်နဲ့ပြောလေ"ဟုဆိုပြီး တပည့်လေးကို အိမ်ခန်းအတွင်းသို့ အဝင်ခိုင်းလိုက်၏။ သူက ဒယိမ်းဒယိုင်ဖြင့် ော်တပ်ရပ်ပြီး ဒါရိုက်တာဘက်သို့ လှည့်ကာ

"မင်းတပည့် မိုက်ရိုင်းတယ်၊ ငါ့ကို စော်ကားတယ်။ ငါ့သမီးကိုလည်း စော်ကားတယ်။ အဲဒါကြောင့် ငါ ထိုးပစ်လိုက်တာ။ မင်း စဉ်းစားကြည့်စမ်း။ ငါ့မှာ သားသမီးမရှိဘူး။ သူ့မှာ အဖေမရှိဘူး။ သူက ငါ့ကို အဖေလို ချစ်တယ်။ ငါက သူ့ကို ဦးလေးလို ချစ်တယ်။

အခု သူ အိမ်ထောင်ပြုလိုက်ပြီ။ အဖေတစ်ယောက်အနေနဲ့ ဘယ်လောက်နှမြောမလဲ။ ဘယ်လောက်ခံစားရမလဲ။ မင်း စာနာကြည့်စမ်းပါ။ ဒါကို မင်းတပည့်က ပေါက်ကရပြောတယ်။ ငါ့မိန်းမ သူ့ကို အထင်လွဲမှာ ငါ မကြောက်ဘူးကွ။ ငါ့သမီးလေးနဲ့ ငါ့ရဲ့ ယောဇဉ်သန့်သန့်လေးကို အဲဒီပါးစပ်တွေနဲ့ ညစ်နွမ်းအောင်လုပ်ကြ ငါ ကြောက်တယ်။ အဲဒါကြောင့် မင်းတပည့်ကို ငါ ထိုးပစ်လိုက် ာ။ မင်းတပည့် တော်တော်ပါးစပ်သရမ်းတဲ့ကောင်ပဲ။ မနက်ဖြန်ရင်







www.burmeseclassic.com

www.burmeseclassic.com



ငါ့အိမ်ကိုလာပြီး တောင်းပန်နိုင်းလိုက်။ ဒါပဲ သွားမယ်။ လာ…မိန်းမ ပြန်မယ်"

ဇနီးဖြစ်သူ၏လက်ကို ဆောင့်ဆွဲပြီး ဒေါသတကြီးဖြင့် အိမ်ပေါ်မှ ဆင်းသွားလေ၏။ ဒါရိုက်တာက ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့သည်။

ခဏအကြာတွင် ဒါရိုက်တာက သူ့တပည့်လေးကို ငေး လိုက်၏။ သူ့တပည့်လေး ပြေးထွက်လာသည်။ ပြေးထွက်လာသော တပည့်လေး၏ နားထင်ကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်၏ "ဖောင်း"ခနဲ မြည်သွားသည်။

"ဟာ…ဆရာ ကျွန်တော် ဘာလုပ်လို့လဲ"

"မင်း ခုနက အိုက်တင်တွေကို သေချာမှတ်ထားလား"

"ဘယ်လိုအိုက်တင်လဲ ဆရာ"

"ဖောင်း"ခနဲမြည်အောင် နားထင်ကို ရိုက်လိုက်ပြန်သည်။ "ဟာ ဆရာ၊ ကျွန်တော် ဘာလုပ်လို့လဲ။ ဘာဖြစ်လို့ ရိုက်တာလဲ" ဟု ငိုမဲ့မဲ့ဖြင့် မေး၏။ ဒါရိုက်တာက ဒေါသတကြီးဖြင့် ပြောလိုက်သည်။





"အိုက်တင်ဆိုတာတောင် မင်း မကြည့်တတ်သေးလို့ ရိုက်တာ"

☺

သရုပ်ဆောင်လောကတွင် အကြမ်းအားဖြင့် (ယေဘုယျအားဖြင့်) အရေးကြီးသောအရာမှာ "အိုက်တင်"ဖြစ်သည်။ အထူးသဖြင့် အိုက်တင်ပြောင်းတတ်လျှင် ပိုကောင်းသည်။

☺☺☺

(၂၀၀၁ ခု၊ ဩဂုတ်လ ၁၅ရက်၊ နံနက်ခင်းသတင်းဂျာနယ်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဦး

www.burmeseclassic.com

www.burmeseclassic.com

[illegible] ရပ်ကွက်ထဲတွင် တယ်လီဖုန်းရှိသည့်အိမ် သိပ်မများလှ။ [illegible]သော် ဟိုတုန်းကနှင့် နှိုင်းစာလျှင်တော့၊ တော်တော်များများ [illegible]ကြပေပြီ။

သည်ရပ်ကွက်က၊ ဆင်ခြေဖုံးရပ်ကွက်ဆိုတော့၊ တယ်လီဖုန်း [illegible]ည့် အိမ်တိုင်းလိုလို၊ သူတို့ တယ်လီဖုန်းကို၊ သူတို့ မိသားစု [illegible]ရတည်းသာ အသုံးပြုခြင်း မလုပ်ကြ။ တယ်လီဖုန်း မရှိတဲ့ [illegible]နီးချင်းတွေ၊ ဒါမှမဟုတ်, လမ်းသွားလမ်းလာတွေအတွက်၊ [illegible]ယ်ပြီး အိမ်ရှေ့နားမှာ (တချို့က အိမ်အတွင်းမှာ) တယ်လီဖုန်း [illegible]ထင်ပြီး ဝင်ငွေရှာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)မိနစ်ကို ဘယ်လောက်။ (၃)မိနစ်ကျော်လျှင်၊ ကျော်လွန်သည့် မိနစ်များကို (၁)မိနစ် ဘယ်လောက်။ မြို့တွင်းဘယ်လောက်။ နယ်အဝေးဘယ်လောက်။ ပြည်ပ, ဘယ်လောက် စသည်ဖြင့် ဈေးနှုန်းလေးတွေ သတ်မှတ်ပေးထားကြ၏။

ယခုနောက်ပိုင်း၌ ထိုတယ်လီဖုန်းမျိုးတွေအတွက်၊ စာဝါကျလေး တစ်ကြောင်းက အသုံးဝင်လျက် ရှိနေပြန်သည်၊ တယ်လီဖုန်း၏ လစ်လပ်သော မျက်နှာစာတွင်ဖြစ်ဖြစ် (သို့မဟုတ်) အနီးအပါးနံရံတွင်ဖြစ်ဖြစ်၊ ထိုစာဝါကျလေးကို တွေ့မြင်နေရလေသည်။ ၎င်းစာကြောင်းလေး၏ လေယူလေသိမ်းက၊ ထေ့ထေ့ငေါ့ငေါ့လေးလိုလို။ တကယ့်သဘောမနောကောင်းစွာ ခွင့်ပြုချက်ပေးထားတာလိုလိုနှင့် ဖတ်မိသည့်အခါတိုင်း ပြုံးချင်စရာ။

"ကြိုက်သလောက်ပြော။ ကျသလောက်ရှင်း" တဲ့။

☺ ☺ ☺

၂။ စတိုးဆိုင်ထဲမှာပဲဖြစ်ဖြစ်၊ အိမ်ရှေ့အဝင်ဝ,နားမှာပဲဖြစ်ဖြစ်၊ သီးသန့်ခုံငယ်လေးတစ်ခုဖြင့် တင်ထားတတ်သည့်၊ တယ်လီဖုန်းမျိုး ရပ်ကွက်ထဲမှာ ဆယ်လုံးလောက် ရှိနေပေမည်။ ထိုရောရောနှောနှော တယ်လီဖုန်းများထဲမှာမှ၊ ထင်ရှားသတိထားမိစေသည့်၊ တယ်လီဖုန်းလေး (၂)လုံးကို၊ လမ်း၏ တစ်ဖက်တစ်ချက်မှာ၊ တွေ့မြင်ရလေသည်။ အရှေ့ဘက်နှင့် အနောက်ဘက်လို့ပဲ ဆိုပါတော့။

**အရှေ့ဘက်ရှိ တယ်လီဖုန်းလေး၏ အရောင်မှာ အဖြူရောင်ဖြစ်သည်။**

ထိုအဖြူရောင်ကြောင့် ယင်းတယ်လီဖုန်းကို ထင်ထင်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိစေသည်တော့မဟုတ်။ ထင်ရှား သတိထားမိစေသည့် အကြောင်းကတော့၊ အဆိုပါ အဖြူရောင်တယ်လီဖုန်းလေး၏ အနီးတွင်၊ ထိုင်နေသော ကောင်မလေးကြောင့်ဖြစ်သည်။ ဘာဖြစ်လို့လဲဆိုတော့၊ တယ်လီဖုန်းက ဖြူဖြူလေး။ အဲဒီကောင်မလေးက၊ မည်းမည်းလေး။ သူ့အသားအရောင်က၊ မည်းတယ်ဆိုပေမဲ့ အိန္ဒိယ လူမျိုးတွေလို မည်းတာမျိုးမဟုတ်။ နေလောင်ထားသဖြင့်၊ (ဒါမှ မဟုတ်) နေပူပြင်းရာ အရပ်ဒေသက ရောက်လာရသည့်၊ မြန်မာ လူမျိုးတစ်ယောက်၏ မည်းခြင်းမျိုးဖြစ်၏။

သက်သက်ညှာညှာပြောရမယ်ဆိုရင်တော့၊ ညိုညိုလေးပေါ့လေ။ ခက်တာက (သူ့ကို ပိုပြီး သတိထားမိစေတာက)၊ သူ့ရှေ့တည့်တည့်က၊ တယ်လီဖုန်းဖြူဖြူလေးကိုမှ အားမနာ။ မျက်နှာပေါ်မှာ သနပ်ခါးပါးကွက်ကြားကြီးကို၊ ထူထူပိန်းပိန်းကြီး ကွက်ထားတတ်သေးသည်။

စဉ်းစားကြည့်။ တယ်လီဖုန်းလေးက ဖြူဖြူဖွေးဖွေးလေး။ ထိုင်နေတဲ့ ကောင်မလေးက၊ အသက်(၁၆)နှစ်အရွယ် မည်းမည်းသည်းသည်းကြီး။ ပါးကွက်ကြီးကလည်း အထူကြီး။ သည်တယ်လီဖုန်းဖွေးဖွေးလေးနဲ့၊ ဒီ ပါးကွက်မည်းမည်းကြီးကို၊ (အဲ, မဟုတ်ပါဘူး) သည် အသားမည်းမည်း ပါးကွက်ထူထူ ကောင်မလေးကို၊ သတိထားမိဘဲ၊ နေပါ့မလား။ စိတ်ထဲက မကဲ့ရဲ့၊ ပါးစပ်က မလှောင်ပြောင်ဖြစ်ကြပေမဲ့၊ တယ်လီဖုန်း လာဆက်တဲ့လူတိုင်း၊ ဖြတ်သွားဖြတ်လာ မြင်တွေ့တဲ့သူတိုင်း၊ ပြုံးချင်စိတ်တော့ ဖြစ်မိကြတာပေါ့။

ကြည့်ပါဦး။ အဲဒီ ကောင်မလေးနာမည်က "မစံပယ်"တဲ့။

☺

အနောက်ဘက်ရှိ တယ်လီဖုန်းလေး၏ အရောင်ကတော့၊ မည်းမည်းပြောင်ပြောင်လေးဖြစ်သည်။ တယ်လီဖုန်း၏ ထိုမည်းမည်းပြောင်ပြောင် အရောင်လေးကြောင့်၊ အဲဒီ တယ်လီဖုန်းကို၊ ထင်ထင်ရှားရှား သတိထားမိစေသည်တော့မဟုတ်။ ထင်ရှား သတိထားမိစေသည့် အကြောင်းကတော့၊ အဆိုပါ အမည်းရောင် (အနက်ရောင်) တယ်လီဖုန်းလေး၏ အနီးတွင်၊ ထိုင်နေသော ကောင်မလေးကြောင့်ဖြစ်သည်။ ဘာဖြစ်လို့လဲဆိုတော့၊ တယ်လီဖုန်း၏







www.burmeseclassic.com

www.burmeseclassic.com



အရောင်က၊ နက်နက်ပြောင်ပြောင်လေး။ အဲဒီ ကောင်မလေးက ဖြူဖြူဖွေးဖွေးလေး။ သူ့အသားရောင်က ဖြူတယ်ဆိုပေမဲ့ တရုတ်လူမျိုးတွေလို ဖြူတာမျိုးမဟုတ်။ အအေးပိုင်းဒေသက ရောက်လာတဲ့ မြန်မာလူမျိုးတစ်ယောက် အသားဖြူသလိုမျိုး။ မျက်နှာလေးက ဝင်းဝင်းပပ၊ ပန်းနုရောင်သန်းသန်းလေး။ သွေးကြောမျှင်လေးတွေ တောင်၊ စိမ်း...လို့။

တင်စားပြီး ပြောရမယ်ဆိုရင်တော့၊ ဖြူဝင်းမွတ်နေတာပေါ့။ ပြောချင်တာက (သူ့ကို ပိုပြီး သတိထားမိစေတာက)၊ သူ့ရှေ့ တည့်တည့်က၊ တယ်လီဖုန်း အနက်အပြောင်လေးနဲ့ ဆန့်ကျင်ဘက် သူ့မျက်နှာလေးက၊ ဖြူဖွေးဝင်းပနုညက်နေခြင်းကြောင့် ဖြစ်၏။

တွေးကြည့်၊ တယ်လီဖုန်းက မည်းမည်းနက်နက်။ ထိုင်နေတဲ့ ကောင်မလေးက၊ အသက်(၁၆)နှစ်အရွယ်၊ ဖြူဖြူဖွေးဖွေး ဝင်းဝင်းအ နုနုညက်ညက်လေး။ မျက်နှာပေါ်မှာလည်း၊ တွေတွေထူးထူး ထူးရ ပိန်းပိန်း ဘာမှ လိမ်းခြယ်ထားခြင်းမရှိ၊ စိတ်ထဲက မပြစ်မှား ပါးစပ်က မနောက်ပြောင် မကျီစယ်ဖြစ်ကြပေမဲ့ တယ်လီဖုန်းလာဆက် တဲ့ လူတိုင်း၊ ဖြတ်သွားဖြတ်လာ မြင်တွေ့တဲ့သူတိုင်း၊ တစ်ခါထက်





တော့ ပိုပြီး ငဲ့ကြည့်မိကြတာပေါ့။

နာမည်လေးက,လည်း၊ ချစ်စရာ။

ဒေလီယာ...တဲ့။

☺

ဟို...အသားမည်းမည်း၊ သနပ်ခါးထူလာဗျစ် မစံပယ်နဲ့တော့ အစအရာရာ ကွာခြားလွန်းပေသည်။ ဒေလီယာက ဒွေကြီးမျိုးကြီး မိသားစုရဲ့၊ သမီး။ အငယ်ဆုံး။ တက္ကသိုလ်ဝင်တန်းအောင်ပြီးလို့၊ အိမ်က တယ်လီဖုန်းကို၊ အိမ်ရှေ့ထုတ်၊ စားပွဲပေါ်တင်ပြီး၊ မိဘကို အပျင်းပြေ၊ ဝင်ငွေရှာပေးနေတာ။

မစံပယ်ကတော့၊ သူ့အိမ်ရှင် မိသားစုရဲ့ ဆွေမျိုးမကင်းတဲ့ ကောင်မလေး။ တယ်လီဖုန်းနဲ့ ဝင်ငွေရှာဖို့၊ တမင်ကို နယ်က ခေါ်ထားတာ။ တယ်လီဖုန်း အရောင်တွေ ကွာခြားသကဲ့သို့၊ တယ်လီဖုန်း နံဘေးမှာ ထိုင်နေကြသည့် ကောင်မလေးနှစ်ယောက်ရဲ့ အဝချင်းလည်း၊ (လုံးဝ) ကွာခြားနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝချင်း ကွာခြားရုံတွင် မဟုတ်။ ဦးနှောက်ချင်းက,လည်း ကွာနေပြန်သေး၏။ ငွေရှာတယ်ဆိုတာ (စီးပွားရှာတယ်ဆိုတာ) ဦးနှောက်က အရေးကြီးတာပေါ့။

☺ ☺ ☺

၃။ အရှေ့ဘက်ရှိ၊ အဖြူရောင် တယ်လီဖုန်းလေးအနီးမှ၊ ခစ်ပယ် ကြားနေကျ စကားများ။

"မောင်လား"

"... ... ..."

"ဟုတ်တယ်။ အမေ အိပ်နေတုန်း လာဆက်တာ။ စိတ်မဆိုးပါနဲ့။ အမေရှိတဲ့အချိန်မို့၊ မနက်က ဖုန်းလာမကိုင်တာပါ။

အင်း..., မနက်ဖြန် ကျူရှင်မတက်ဘူး။ အင်း..., သမ္မတရုံက စောင့်နေ။ ဝယ်ထားလိုက်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ပါ ဝယ်ထားလိုက်။ စိတ်ချ၊ လုံး…ဝ, နောက်မကျစေရဘူး။ အင်း…။ ဒါပဲ။ ပြန်တော့မယ်။ အမေ နိုးသွားလိမ့်မယ်”

“… … … …”

“မရစ်နဲ့ကွာ။ ဒါပဲ ဒါပဲ”

☺

အနောက်ဘက်ရှိ၊ အနက်ရောင် တယ်လီဖုန်းလေး အနီးမှ၊ ဒေလီယာ ကြားနေကျ စကားများ။

“သွယ်လား”

“… … …”

“ကိုယ့်မိန်းမ, အိပ်နေတုန်း လာဆက်တာ”

“… … …”

“အင်း။ ဟုတ်တယ်။ သူက သဝန်တိုတယ်။ ကိုယ်လား…။ ဒီလိုပါပဲ။ သွယ့်ကို သတိရလို့





ဆက်တာ”

“… … …”

“ကျေးဇူးတင်ပါတယ်။ ကိုယ့်ကို နားလည်ပေးတာ။ အခု…လာမယ့် မန်းဒေးကျရင်၊ မုန့်လာကျွေးမယ်။ ဂျေ–ဒိုးနတ်မှာ ကျွေးမယ်။ အင်း…, အချိန်ရရင်၊ ရုပ်ရှင်ကြည့်မယ်လေ။ နော်…”

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့…စံပယ်။ ငါ့သမီး ဖုန်းလာဆက်သေးလား"

"ဟုတ်ကဲ့…။ ဆက်တယ်"

"ဘယ်တုန်းက လာဆက်တာလဲ"

"ညနေက"

"ဘယ်ကို ဆက်တာလဲ"

"သူ့ရည်းစားဆီ ဆက်တာ။ မနက်ဖြန် ကျူရှင် မတက်ဘူးတဲ့။ သမ္မတမှာ ရုပ်ရှင်ကြည့်ဖို့ ချိန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး။ ကျေးဇူးပဲ။ နောက်ကို၊ အဲ့ ကောင်မ, ဖုန်းလာဆက်တဲ့အခါ၊ ညည်း သေသေချာ ချာ နားထောင်နေနော်"

"ဟုတ်ကဲ့"

☺

"ဒေလီယာ"

"ဩော်...အစ်မ။ မတွေ့တာတောင် ကြာပြီ အပြင်သိပ်မထွက်ဘူးနော်"

"မထွက်တာ မဟုတ်ဘူး။ အိမ်ထဲမှာ ကိုယ်ပြီး ပြဿနာဖြစ်နေရတာ။ တို့အမျိုးသားလေ။ ခြေမငြိမ် ဘူး။ သွယ်...ဆိုတဲ့ ကောင်မတစ်ကောင်နဲ့ ဘာလိုလို ကြားတယ်။

နေ့လယ်က၊ အစ်မ အမျိုးသား၊ ဒီမှာ— ဖုန်းလာ ဆက်သေးတယ် မဟုတ်လား"





"ဟုတ်တယ် အစ်မ။ ဆက်တယ်လေ၊ ဘာဖြစ် လို့လဲ"

"သူ...ဘယ်သူနဲ့ ဆက်တာလဲ။ သတိထားမိ လားဟင်"

"သေသေချာချာတော့ သတိမထားမိဘူး အစ်မ ရဲ့။ အဲ...ဒါပေမဲ့, တစ်ခွန်းနှစ်ခွန်းတော့ ကြားတယ်။

ရုံးမှာ တနင်္လာနေ့၊ လူကြီးလာမယ်ဆိုလား။ အဲဒါ သူ့ဝန်ထမ်းတွေကို၊ ရုံးစောစောလာဖို့ ပြောတာ"

"သွယ်...ဆိုတဲ့ ကောင်မ,ဆီ ဆက်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး အစ်မရဲ့။ အဲဒီလိုဆက်မှတော့။ အစ်မ,တောင် လာမေးစရာ မလိုဘူး။ အစ်မဆီကို၊ ကျွန်မ, ချက်ချင်းလာပြောမယ်။ စိတ်ချ"

"အေးဟယ်။ ကျေးဇူးပါပဲ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

၅။ ရက်ပိုင်း, လပိုင်းအတွင်း၊ မစံပယ် ဆိုသော မည်းမည်း တူးတူး ကောင်မလေး ပြဿနာတွေ တစ်ခုပြီးတစ်ခု ရှင်းရသည်။ ရှင်းရမှာပေါ့။ သူက, ပါးစပ်မှ မလုံတာ။ ပြီးတော့ ဦးနှောက် မရှိဘူး။ စီးပွားရေးလည်း နားမလည်ဘူး။

ရေလိုက်ငါးလိုက်လည်း မပြောတတ် မဆိုတတ်။ ကြာတော့ သူ့တယ်လီဖုန်းမှာ လာဆက်တဲ့လူ၊ နည်းပါးလာလေသည်။ လာဆက် တဲ့ လူတချို့ကလည်း၊ ဖုံးစရာ ကွယ်စရာ မဟုတ်သည့် ကိစ္စမျိုး မှသာ၊ မစံပယ်၏ အဖြူရောင်တယ်လီဖုန်းကို၊ လာရောက် အသုံးပြု ကြ၏၊ ဖုံးစရာ ကွယ်စရာ ကိစ္စမျိုး၊ ပြောချင် ဆိုချင်ကြသည့်အခါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေလီယာ၏ တယ်လီဖုန်းကိုသာ၊ ယုံယုံကြည်ကြည် အသုံးပြုကြ၏။

နောင်သော်…၊ မစံပယ်၏ အဖြူရောင် တယ်လီဖုန်းလေး နံဘေးတွင်၊ လူခြေတိတ်လာ၏။

ဒေလီယာ၏ အမည်းရောင် (အနက်ရောင်) တယ်လီဖုန်း လေးအနီးတွင်၊ လူမပြတ်။ အားလုံးက သူ့ကို ချစ်ခင်ကြသည်။ ချစ်ကြ ခင်ကြမှာပေါ့။ ဒေလီယာက ပါးစပ်လုံသည်။ ဦးနှောက် ရှိသည်။ စီးပွားရေးကို နားလည်သည်။ ရေလိုက်ငါးလိုက် ပြောဆို ဆက်ဆံတတ်သည်။ (မစံပယ်နဲ့ တခြားစီ)။

ဒေလီယာကြောင့်၊ ဘယ်သူမှ (ရည်းစားနဲ့ ချိန်းတွေ့လို့ ကျူးရှင်ပြေးလို့) မိဘ၏ အရိုက်အနှက်ကို မခံကြရပေ။ ဒေလီယာ ကြောင့်၊ မည်သည့် ဖုန်းမောင်နှံမျှ ရန်မဖြစ်ကြ။ ပြဿနာ မတက် ကြ။ (မစံပယ်ကတော့၊ မေးသမျှ ပြောသည်။ ကြားသမျှ အမှန် အတိုင်း ဖောက်သည်ချသည်။ သူ့ကြောင့်၊ တက်လိုက်ကြတဲ့ ပြဿနာ တွေ။ တစ်ပုံကြီး)

ဤသို့ ထိုသို့ဖြင့်, ဒေလီယာ၏ အနီးတွင် ရှိနေသော… အနက်ရောင် တယ်လီဖုန်းလေးကို၊ လူတော်တော်များများ





တို့က၊ စိတ်ချ လက်ချဖြင့်၊ တပျော်တပါး အသုံးပြုနေကြတော့ သည်…။ ။

☺ ☺ ☺

2002 Aug. 12

01:55 (A.M)

(၂၀၀၂ ခု၊ အောက်တိုဘာလ၊ ကလျာမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဓာတ်နန်း

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကျုပ်ရဲ့ ဓာတ်နန်းနာမည်က၊ "နန္ဒဟောဝန်"။ ဓာတ်နန်း ဖွင့်တဲ့ အချိန်ကတော့၊ မနက် (၉)နာရီကနေ ညနေ(၆)နာရီအထိပဲ။

ဘာကြောင့် မနက်(၉)နာရီမှ ဖွင့်ရသလဲဆိုရင်၊ ကျုပ်က မနက်(၈)နာရီလောက်မှ အိပ်ရာက နိုးတာကိုး။ ညနေ(၆)နာရီဆိုတာကတော့ လိုလိုမယ်မယ် ရေးထားရတာပါ။ (၆)နာရီကျော်မှ ရောက်လာတဲ့ သူရှိရင်လည်း "အပုပ်ချိန်ကြီး။ ငါ မဟောချင်ဘူး"...လို့



www.burmeseclassic.com

www.burmeseclassic.com



စကားစ,ကြည့်သေးတယ်။ ဒါကို ကာယကံရှင်က လက်မခံဘဲ "ဆရာရယ်။ အရေးကြီးလွန်းလို့ပါ"လို့ တောင်းဆိုတတ်ကြတယ်။ အဲဒီလို တောင်းဆိုတော့မှ၊ ကျုပ်က စိတ်မပါ လက်မပါ ပုံစံမျိုးနဲ့ ဟောရ ပြောရတော့တာပေါ့။

တစ်ခုတော့ ရှိတယ်နော်။ ကျုပ်က လူတွေကို လိမ်ညာနေတာတော့ မဟုတ်ဘူး။ ကျုပ် တကယ့်စေတနာစိတ်နဲ့ ဟောနေပြောနေခဲ့တာပါ။ ဒါပေမဲ့ ကျုပ် ဘာမှ မတတ်ဘူး။ ဘာမှ မသင်ထားဘူး။ ကျုပ်မှာရှိတဲ့ အရည်အချင်းဆိုလို့ လူကဲ နည်းနည်းခတ်တတ်တာပဲ ရှိမယ် ထင်တယ်။

ဒီပြင့်ဆရာတွေလို အင်းကွက်ရေးတာတို့ အင်းဆံထည့်တာတို့ စမရေးတာတို့ ကျုပ် လုံးဝ, မတတ်ဘူး။ ကုန်ကုန်ပြောရရင် ဗေဒင်ဆရာတွေရဲ့ အခြေခံကိစ္စဖြစ်တဲ့ မဟာဘုတ်တိုင်တောင် ကျုပ် ကောင်းကောင်း မတူတတ်ဘူး။ သက်ရောက်တွေ၊ ဖြိုဟ်စားဆိုတာတွေ ကျုပ် (လုံးဝ) မသိဘူး။

တစ်ခုတော့ရှိတယ်။ ကျုပ်က ငယ်ငယ်ကတည်းက ပုဂ္ဂိုလ်တယ်။ သက်သတ်လွတ်စားတယ်။ ပြီးတော့ ဟောရ ပြောရတာ





ဝါသနာပါတယ်။ **ဟောတဲ့အခါ** ရမ်းသမ်းပြီး ဟောတာပေါ့ဗျာ။ မှန်တဲ့အခါလည်း **မှန်သွားတာပဲပေါ့။** မှားတဲ့အခါကျပြန်တော့ စကားကို မသိမသာ **ပြင်ရတော့တာပေါ့။ ဘုရားစူးရစေရဲ့။** ကျုပ် လူတွေကို လိမ်နေတာတော့ မဟုတ်ဘူး။

ကျုပ်, အသက်(၃၀)ကတည်းက၊ အခုလို ထည်ထည်ဝါဝါ ဓာတ်နန်းကြီးဖွင့်ပြီး ဟောနိုင်ခဲ့တာ။ အခု အသက်ပဲ (၄၀)ပြည့်တော့မယ်။ လူတွေအကြောင်း ကျုပ် ဘယ်လောက်သိမလဲဆိုတာ၊ စဉ်းစားသာ ကြည့်တော့ဗျာ။

☺

လူပျိုပေါက် အရွယ်လောက်ကတည်းက၊ ပါးစပ်က ဟိုပြော ဒီပြော ဟိုဟော ဒီဟော၊ ဟောခဲ့မိတာပေါ့။ ဥပမာ...

"ကြီးကြီး။ ဘာဖြစ်နေတာတုန်း။ တမှိုင်မှိုင်နဲ့"...လို့၊ ခြံကွက်ထဲက ဒေါ်သန်းစိန်ကို မေးတော့၊ ဒေါ်သန်းစိန်က "အကြွေးသွားတောင်းတာ ရမလာခဲ့လို့။ အိမ်မှာလည်း ပိုက်ဆံက သုံးစရာမရှိတော့ဘူး။ စိတ်ညစ်လွန်းလို့ ငုတ်တုတ်ထိုင်နေတာ"လို့ ပြောတော့၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က...”

“သနပ်ခါးလိမ်း။ ပြီးတော့ သနပ်ခါးပန်း ပန်းပြီး သွားတောင်း လိုက်။ ရလာလိမ့်မယ်”လို့ ကျုပ်က ခပ်တည်တည်နဲ့ ပြောလိုက် တယ်။ ဒါကို ဒေါ်သန်းစိန်က “ဟဲ့...နီတာ။ အခုတွင် တောင်းလာ တာ။ ရမလာတဲ့ဟာ။ နောက်တစ်ခေါက် သွားတောင်းတော့၊ ဘာ မှာတဲ့ တုန်း”...တဲ့။

ကျုပ်ကလည်း၊ ခပ်တည်တည်နဲ့...

“ကျွန်တော် ပြောတဲ့အတိုင်း၊ လုပ်ပြီး သွားတောင်းမှာ ရစေရမယ်။ မရရင်၊ အဲဒီ့ပိုက်ဆံ၊ မနက်မလင်းခင် ကျွန်တော် ရှာပေးမယ်။ ရခဲ့ရင်တော့၊ ကျွန်တော့်ကို ဖယောင်းတိုင်တစ်တိုင် လာပေး၊ ဘယ့်နှယ်လဲ”...လို့ ပြောတော့၊ ဒေါ်သန်းစိန်က...“အေး ပြီးရော၊ ပြီးရော။ တောင်းလို့မရရင်၊ နင်...စိုက်ပေးနော်”တဲ့ ကျုပ်လည်း ရဲရဲဝံ့ဝံ့ ခေါင်းညိတ်ခဲ့တယ်။ အကျဉ်းချုပ် ပြောရရင် ညဘက်မှ ဒေါ်သန်းစိန်တစ်ယောက် ကျုပ်အိမ်ကိုလာပြီး ဖယောင်း တိုင်ကြီးတစ်တိုင် လက်ဆောင်လာပေးတော့တာပါပဲ။

☺





အဲဒီလို အဖြစ်အပျက်တွေ၊ အများကြီးပါပဲဗျာ။ ဟိုလူ့ကို ဟိုဟာပြောလိုက်၊ မှန်သွားလိုက်။ ဒီလူ့ကို ဒီစကားပြောလိုက်၊ တိုက်ဆိုင်သွားလိုက်နဲ့၊ ကြာတော့... ကျုပ်ကို လူတွေက၊ လျှာစ အာစရှိတယ်ဆိုပြီး၊ ဟိုမေး ဒီမေး မေးကြတော့တာပေါ့။

ကျုပ်လည်း၊ အလုပ်ပေါင်းစုံ လုပ်စားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီ...ဟောတဲ့ ပြောတဲ့ အလုပ်လောက်၊ စိတ်သန့်သန့်နဲ့ ဝင်မယ့်ဝင်ငွေ မရှိဘူးလို့၊ ကျုပ် ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့၊ ကျုပ်က လိမ်တောင်းတာမှ မဟုတ်တာ။ သူတို့ဘာသာ သူတို့ ပေးသွားကြ တာပဲဟာ။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

# ၂

ကျုပ်နာမည်က…“ရာဇာ”။ ဒါပေမဲ့ ဓါတ်နန်းထဲမှာ ာရင်းပြောရင်းနဲ့၊ ကိုယ့်ကိုယ်ကို နာမည်ပေးထားတာက၊ ံရာဇာကြီး”တဲ့။ ရာဇာဆိုတာ “မင်း”၊ “ဘုရင်”…ဆိုတော့ ံကို ပိုင်စိုးသော ဘုရင်ကြီးပေါ့ဗျာ။

ဆရာ ကံရာဇာကြီး ဆိုပေမဲ့၊ ကျုပ်နဲ့ တရင်းတနှီးရှိတဲ့ ွေက,တော့၊ ကျုပ်ကို ဆရာနီတာ လို့ပဲ ခေါ်နေကြသေးတယ်။ ာင်းစ,ပေါက်စနလေးတုန်းက၊ ကျုပ်က တကယ့် နီတာရဲ့လေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲ။ အဲဒါကြောင့်၊ "နီတာ"လို့ တစ်ရပ်ကွက်လုံးက ခေါ်ကြတာ

ကျုပ်က ဗုဒ္ဓဟူးသားဆိုတော့၊ "ဗုဒ္ဓဟူးနေ့တွင်"ဆိုတဲ့ ပိတ်သည်ပေါ့ဗျာ။ ရေးထားလိုက်တယ်။ ဘာဖြစ်လို့ ပိတ်တာလဲ ဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောရရင်၊ မသိဘူးလို့ပဲ ဖြေရမှာပဲ။

ဒီပြင့်ဆရာတွေက ဥပုသ်နေ့ပိတ်သည်တို့၊ လပြည့် လကွယ် မဟောပါတို့၊ တနင်္လာနေ့ပိတ်သည်တို့ စသည်ဖြင့် ရေးထားကြတာ တွေ့ဖူးတော့၊ ကျုပ်လည်း၊ တစ်ပတ်မှ (၁)ရက်လေးမှ မပိတ်ရင် ခေတ်နောက်ကျမှာစိုးလို့၊ ဗုဒ္ဓဟူးနေ့ ပိတ်သည်လို့၊ ရေးလိုက်ရတော့ တာပါပဲ။

တချို့က "ဓာတ်ခန်း"လို့ ခေါ်ဝေါ်ကြပေမဲ့၊ ကျုပ်ကတော့ ကျုပ်ရဲ့ ဟောခန်းကို၊ ပိုပြီး ခန့်ထည်စေချင်လို့၊ "ဓာတ်နန်း"လို့ ခေါ်ဝေါ်သုံးစွဲလိုက်တာပါပဲ။ "နန္ဒဟောဝန်"ဆိုတာ ဘာလဲလို့ မေးတဲ့ သူက ရှိသေး။

နဂါးတွေ နေတဲ့ ဥယျာဉ်ကြီးပေါ့လို့၊ ခပ်တည်တည်နဲ့ ကျုပ် ဖြေလိုက်ရသေးတယ်။

☺





မှဆိုးစိုင်သင်...ဆိုတဲ့ စကား။ ကြားဖူးတယ် မဟုတ်လား။ ကျုပ် ဘာမှ မတတ်ဘဲ ဟောနေတာဆိုပေမဲ့၊ လာမေးတဲ့သူတွေကပဲ၊ ဟောတတ်ပြောတတ်အောင် ကျုပ်ကို သင်ပေးနေသလိုပါပဲ။

တစ်ခါတစ်ရံ ကျုပ်က မဟောရသေးဘူး။ စကားတောက်ရုံ ရှိသေးတယ်။ သူတို့က ဖွင့်ပြောပြနေပြီ။ အဲဒီတော့၊ ကျုပ်အတွက် ဟောရပြောရတာ လွယ်သပေါ့ဗျာ။

ဖြူဖြူ,မည်းမည်း၊ ကြီးကြီး,ငယ်ငယ်၊ ရွယ်ရွယ်,လတ်လတ်၊ လာသမျှ လူတိုင်းကို၊ ကျုပ်က ဟောဒီလို စကားစ,လှေ့ရှိတယ်။

"စိတ်တွေ ရှုပ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"စိတ်တွေ ထွေနေတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဘာလုပ်လို့၊ ဘာကိုင်ရမှန်း မသိဘူးဖြစ်နေတယ်။ စိတ်တွေ ညစ်နေတယ်"

"မှန်ပါတယ် ဆရာ"

မှန်ရမှာပေါ့ဗျ။ ဗေဒင်ဆရာတို့ လက္ခဏာဆရာတို့ အကြား



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဆရာတို့ မနောသိဒ္ဓိ မဟိဒ္ဓိဆရာတို့ သူတို့…သူတို့…သူတို့… တွေဆီကို အဆင်မပြေတဲ့သူ ပြဿနာဖြစ်နေတဲ့သူတွေပဲ လာကြရ ပေါ့။

အဆင်မပြေ ပြဿနာဖြစ်နေမှတော့ ဒီ "စိတ်"က မရွှင်ဘဲ နေပါတော့မလား။ မတွေတဲ နေပါတော့မလား။ မညစ်တဲ နေပါတော့ မလား။ အဲဒီလို စကားတောက်ပြီးတာနဲ့ ကျုပ်က,

"အိမ်မှာ တနင်္ဂနွေသား ရှိသလား"

"မရှိဘူး ဆရာ"

အဲဒီလို အခါမျိုးမှာ၊ ကျုပ် ဒုက္ခရောက်တော့တာပေါ့။ တနင်္ဂနွေသား ရှိတယ်ဆိုရင်၊ အရက်သောက်တတ်သလား။ ဖဲရိုက် တတ်သလား။ သူ့ကြောင့် စိတ်ညစ်နေရတာ၊ ဘာညာ ဟောမလို့ ကာယကံရှင်က "မရှိဘူး"လို့လည်း ပြောလိုက်ရော၊ ကျုပ် ဘာ ဆက်ပြောရမှန်း မသိဘူး။

ဒါပေမဲ့… ကျုပ်က ဟောလာတာလည်း ကြာပြီဆိုတော့ အိုက်တင် လုံးဝ မပျက်ဘဲ…

"တနင်္ဂနွေသား မရှိတာ သေချာလား"





"သေချာပါတယ် ဆရာ"

"တနင်္ဂနွေသမီးရော…"

"မရှိဘူး ဆရာ"

"အေး။ မရှိရင် ပြီးရော။ ရှိရင် အန္တရာယ်ပေး လိမ့်မယ်"

"ဟဲ့ နင့်ယောက်ျားရဲ့ ညီ၊ အိမ်မှာ လာလာ မူးနေတာ ပြောလိုက်လေ။ အောင်မြင့်အကြောင်း ပြောလိုက်လေ…"

ဒါ သူတို့အချင်းချင်း ပြောတဲ့ စကားသံ။

ကျုပ်က, မကြားချင်ယောင်ဆောင်ပြီး။

"တီးတိုး တီးတိုး လုပ်မနေနဲ့လေ။ ဒါ ဓာတ်နန်း။ ပွဲဈေးမဟုတ်ဘူး။ ပွင့်ပွင့်လင်းလင်းပြော။

ငါ…ပွင့်ပွင့်လင်းလင်း ဟောနေတာတောင် နင်တို့က ပွင့်ပွင့်လင်းလင်း မပြောရင်၊ ငါ့ဆီမလာကြ နဲ့။ သွား။ အသပြာဆရာတွေဆီ သွား။ ဆေးမဆိုင်း တိုင် တစ်တိုင်ကို ထောင်ချိ သောင်းချီပြီး ယူတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေဆီသွားကြ"

"မပွင့်လင်းတာ မဟုတ်ပါဘူး ဆရာ။ ဟို ကျွန်မ, ယောက်ျားရဲ့ ညီက၊ တနင်္ဂနွေသားပါ။ ဒါပေမဲ့ သူက မိသားစုဝင် မဟုတ်ဘူး။

အိမ်ကိုတော့ အရက်မူးမူးပြီး လာတတ်တယ်။ ပိုက်ဆံလာလာတောင်းတတ်ပါတယ် ဆရာ။ အဲဒါ..."

ကျုပ်က, လက်ကာလိုက်ပြီး...

"အေး။ ငါပြောတာ အဲဒါပဲ။ နင့်ယောက်ျားရဲ့ ညီဆိုမှတော့၊ နင့်မိသားစုမဟုတ်ပေမဲ့ သူ့ မိသားစုဝင်ပေါ့ဟဲ့။ ဒါကို ရှည်ရှည်ဝေးဝေး တွေးနေရသေးလား"

ဘေးနားက လူတွေပါ၊ ရယ်ကြပါသကော။

"နင့်နာမည် ဘယ်သူတုန်း"

"ခင်ခင်စန်းပါ...ဆရာ"

"ကဲ...ဆို။ အခု ဘာဖြစ်ချင်သလဲပြော။ ဘာကိစ္စလာသလဲ...ပြော။



လူက များတယ်။ တိုက်ရိုက်မေးပြီး တိုက်ရိုက်ပဲ ဟောတော့မယ်"

အမှန်က၊ ကျုပ်သာ အကြားအမြင်ရနေတဲ့သူဆိုရင်၊ သူ ဘာဖြစ်လာတယ်။ ဘာကိစ္စနဲ့လာတယ်ဆိုတာ သိရမှာပေါ့။ ကျုပ်မှ အကြားအမြင်မရတာ။ ခပ်တည်တည်နဲ့ မေးလိုက်တော့တာပေါ့။ မဟုတ်ဘူးလား။

"ဆရာ"

ဒါ ခင်ခင်စန်းရဲ့ အဖော် မိန်းကလေးက ခေါ်တာ။

"ပြော"

"သူ ဟိုတစ်ခါ လာဖူးတယ်လေ ဆရာ"

"ဟုတ်လား။ ငါ...မမှတ်မိဘူး"

"ဘာကိစ္စလာတာလဲ"

"ဟို...သူ့ယောက်ျား အမြှောင်ထားလို့လေ။ ဟို...မယားငယ်တက် ပါသွားလို့ အဲဒါ ဆရာလုပ်ပေးထားတာလေ"

"ငါ ဘာလုပ်ပေးထားတာလဲ။ ရှင်းရှင်းပြောစမ်း။

www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်တွေ၊ ငါ့ကို အထင်လွဲကုန်ဦးမယ်"

ရယ်သံများ။

"သူ့ယောက်ျား အင်္ကျီကို၊ ရေဆွတ်ပြီး မီးပူနဲ့ တိုက်နိုင်းထားတယ်လေ ဆရာ"

"အဲဒီတော့..., အခု အိမ်ပြန်မလာသေးဘူး လား။ ပြန်မရောက်သေးဘူးလား"

"ပြန်ရောက်ပါပြီ ဆရာ"

"ဟာ။ ပြန်ရောက်ရင် ပြီးရောပေါ့။ ကိုယ့် ယောက်ျား ကိုယ့်ဆီပြန်ရောက်လာပြီပဲ။ ဘာလိုသေး လဲ"

အဲဒီလိုလည်း ကျုပ်က ပြောရော...

ခင်ခင်စန်း ဆိုတဲ့ မိန်းကလေးက မျက်ရည်ဝဲဝဲနဲ့...,

"ရောက်တော့၊ ရောက်ပါပြီ ဆရာ၊ ဒါပေမဲ့... ကျွန်မ,ကို စကားမပြောဘူး။ သူ့ကလေးနဲ့သူ ဆော့နေ တယ်"

ရယ်သံများ။





"ဟဲ့...နင့်အိမ်ပေါ် သူတက်လာတာတောင်၊ နင့်ကံ သူ့ကံကြောင့်၊ ပြန်ရောက်လာတာဟဲ့။

အေး ကံနိမ့်နေရင်တောင်၊ ငါက ကံမြှင့်ပေး လို့ ရတယ်။ စကားမပြောတာကိုတော့ စကားပြော လာအောင်၊ ငါက ဘယ်လိုလုပ်ပေးရမှာတုန်း"

"သူ...စကားပြောလာအောင် ဆရာ ယတြာ ချေပေးပါလား"

ရယ်သံများ။

ကဲ...စဉ်းစားကြည့်ဗျာ။ ဒါ...လူ့သဘာဝ။ လူ့ဓမ္မတာ။ စိတ်, ဟိုရောက်နေတဲ့ "လူ"က၊ မလွဲမရှောင်သာလို့ "လူ"က ဒီမှာ နေနေရတာ။ ဘယ်လိုလုပ် တွတ်တီးတွတ်တာ ပြောချင်မှာတုန်း။

"ကဲ.ယတြာတော့ မချေနဲ့တော့၊ နင့်ယောက်ျား ဓာတ်ပုံထားခဲ့၊ ငါ...ပွဲထဲမှာ အပ်ပေးထားမယ်"

ဟောပြော ဆုံးမပြီးတဲ့အခါ၊ ငွေစက္ကူတွေ ကျုပ်ဆီကို ဘမ်းအပေးမှာ၊ ကျုပ်က...,

"ဟဲ့။ ငါ့ကို အဲဒါတွေနဲ့ မစော်ကားနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ငါ အသပြာဆရာ မဟုတ်ဘူး။ ငါ့ကို အဲဒီ စက္ကူတွေ
နဲ့ မစော်ကားမိစေနဲ့"

မျက်နှာထားတင်းတင်းနဲ့ ပြောလိုက်တော့မှ၊ အနားက
အဖော်က…

"ဟဲ့…ပွဲထဲမှာ ထည့်ခဲ့၊ ဆရာ့ကို သွားမပေးနဲ့၊ ဆရာက
ငွေကို မကိုင်ဘူး။ မထိဘူး"…လို့ အကြံပေးသံကြားရတယ်။

အမှန်က၊ ညကျမှ တပည့်တွေနဲ့ ဒီနေ့ ဘယ်လောက်ရ
သလဲ ရေတွက်နေကျပါ။ တပည့်တွေဆိုတာကလည်း၊ ဘာပညာ
မှ လာသင်တဲ့ သူတွေ မဟုတ်ဘူး။ အလုပ်မရှိလို့ အနားမှာ
တောက်တိုမယ်ရ ခိုင်းဖို့ ခေါ်ထားတဲ့ ကောင်တွေလေ။

ပညာသင်ချင်တယ်ဆိုရအောင်ကလည်း၊ ကျုပ်က, ဘာပညာ
တတ်လို့တုန်း။ (မဟုတ်ဘူးလား)။

☺ ☺ ☺

(၃)

"ကဲ…ညည်းတို့ကရော"

"အမေ့ကိစ္စပါဆရာ"

"အမေ ဘာဖြစ်ပြီလဲ"

"အမေ ဆုံးသွားပြီ ဆရာ"

"ထင်တော့ ထင်တယ်။ ငါ အာရုံရတယ်။
ဒါပေမဲ့ အ,မင်္ဂလာစကားကြီး၊ ငါ မမေးချင်ဘူး။
ဟိုတလောကတွင် ဆေးရုံဆင်းရတယ်ဆို"

"ဟုတ်တယ် ဆရာ။ အခု ပြန်ဖြစ်တာ။ ဆုံးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိပဲ"

"အဲဒီတော့၊ အခု ငါက ဘာလုပ်ပေးရမလဲ"

"အမေ ဘယ်ဘဝရောက်နေပြီလဲ သိချင်လို့ ဆရာ"

ဒုက္ခပဲ။ ကျုပ်က ဘယ်လိုလုပ် သိမှာတုန်း။ ဒါပေမဲ့ မသိဘူး လို့ ပြောလိုက်ရင်၊ ကျုပ် သိက္ခာကျတော့မှာ။

"ဟဲ့...။ သူ့ သံသရာနဲ့သူ။ သူ သွားချင်ရာ သွားပါစေတော့။ နင်တို့ မနှောင့်ယှက်ပါနဲ့တော့"

"မဟုတ်ပါဘူး ဆရာ...။ အမျိုးတွေက၊ မကျွတ်သေးဘူးလို့ ပြောနေကြတယ်။ အဲဒါ..."

ကျုပ် လက်ကာလိုက်တယ်။

မျက်စိမှိတ်လိုက်တယ်။ မျက်စိမှိတ်လိုက်တယ်ဆိုတာ၊ အမှန် က, "ဘာပြောရင် ကောင်းမလဲ"လို့ စဉ်းစားနေတာ။ ဒါပေမဲ့... အားလုံးရဲ့ အမြင်မှာတော့ အာရုံခံနေတယ်ပေါ့ဗျာ။

☺

"နင်တို့အမေဆုံးတော့၊ ယောဂီဝတ်နဲ့ဆုံးတာလ



"မဟုတ်ဘူး ဆရာ။ ပါတိတ်ထမိဝတ်ထား တယ်။ အင်္ကျီကတော့၊ အဖြူရောင်ပါ"

ဒီလောက်နဲ့တော့၊ ကျုပ်...အမူအရာ မပျက်ပါဘူး။

"ဒါဆို ဒီယောဂီရောင်က၊ ဘာဖြစ်လို့ လာပေါ် ရတာလဲ"

"တစ်ခုတော့ ရှိတယ် ဆရာ။ အမေက မဆုံးခင်ပြောတယ်။ သူ ယောဂီဝတ်ချင်တယ်တဲ့"

"အေး။ အဲဒီလို လုပ်ပါဟယ်။ ငါ့, ဒီယောဂီ ရောင်က၊ ဘာများလဲလို့ တွေးလိုက်ရတာ။ ကဲ... ကဲ... ရှည်ရှည်ဝေးဝေး ဘာမှ မေးမနေနဲ့တော့။

နင်တို့ ညီအစ်မတွေ အကုန်လုံး၊ ရိပ်သာဝင် လိုက်ကြ။ မအေကို အမျှဝေလိုက်ကြ။ ဒါပဲ။ နင်တို့ အမေ ရက္ခစိုးဖြစ်နေတယ်။ အမျှလိုချင်နေတယ်။ ဒါပဲ၊ ဒါပဲ။ ကျန်တာတွေ မမေးနဲ့တော့။ ဒီကိစ္စတွေက၊ ပြောလို့ မကောင်းဘူး"

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၄)

လူ့သဘာဝကိုက၊ အဲဒီလိုတွေဗျ။ ကျုပ် ဓာတ်နန်းထဲက ကိစ္စတွေ ပြောရရင်၊ ပြောလို့ကို၊ ကုန်မှာ မဟုတ်ဘူး။ ဘုရားစူးရစေခဲ့၊ ကျုပ်, လူတွေကို လိမ်စားနေတာ (လုံး၀) မဟုတ်ဘူး။

လူတွေမှာ...အားကိုး မရှိကြတာပါ။

အားကိုး မရှာတတ်ကြတာပါ။

ကျုပ်က သူတို့ကို စိတ်ဖြေပေးရုံ့သက်သက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစူးရစေရဲ့…,

ကျုပ်…လူလိမ်မဟုတ်ဘူးနော်။


အဲဒီလိုပဲ။ ကျုပ် ဘာမှ…မတတ်ဘူး။ ။

☺ ☺ ☺

2003 June 2

5:55 (PM

(၂၀၀၃ ခု၊ အောက်တိုဘာလ၊ ကလျာမင်္ဂ




www.burmeseclassic.com

www.burmeseclassic.com

# ဂိလာန မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဂိလာန်/ဂိလာနဝ်/န–မကျန်းမာသူ။ သူနာ။ (ပါ–ဂိလာန)
(ခရီးဆောင် – မြန်မာအဘိဓာန်)

☺

ခုခံအားကျဆင်းမှုရောဂါသည်၊ ကူးစက်ရောဂါဖြစ်ကြောင်း...



www.burmeseclassic.com

www.burmeseclassic.com



အသည်းရောင် အသားဝါရောဂါသည်၊ ကူးစက်ရောဂါ ဖြစ်ကြောင်း...

တီဘီရောဂါသည် ကူးစက်ရောဂါဖြစ်ကြောင်း...,

ကျွန်တော် တင်ပြလျှင်၊ သင်, ငြင်းပယ်လိမ့်မည် မဟုတ်ဟု၊ ကျွန်တော် ယုံကြည်ပါသည်။ သို့သော်...,

နလုံးရောဂါ...ဟု၊ အမည်တပ်လေ့ရှိသော ရောဂါ တစ်မျိုးသည်လည်း၊ ကူးစက်ရောဂါတစ်မျိုးဖြစ်ကြောင်း... ကျွန်တော် တင်ပြလျှင်၊ မိတ်ဆွေ..., သင် ငြင်းပယ်ချင်ဆေ လိမ့်မည်။ (ကျွန်တော်က,တော့၊ မငြင်းပယ်စေချင်ပါ)

အဘယ်ကြောင့် ဆိုသော်...

နလုံးရောဂါသည် တစ်ယောက်ကို၊ စောင့်ရှောက် ကုသရင်းမှ၊ နလုံးရောဂါရသွားသော လူနာတစ်ယောက်၏ မှတ်တမ်းတစ်ခု၊ ကျွန်တော့်မှာ ရှိနေသောကြောင့် ဖြစ်ပါ သည်။

☺ ☺ ☺



(၂)

သူသည် ဆင်းရဲသားတစ်ယောက်ဖြစ်၏။

အသက်(၂၂)နှစ်အရွယ်တွင်၊ နလုံးရောဂါသည်တစ်ဦး နှင့်၊ အိမ်ထောင်ကျ၏။ (အိမ်ထောင်ပြုခြင်း မဟုတ်ပါ။ အိမ်ထောင်ကျခြင်းသာဖြစ်သည်)။

ထိုရောဂါသည်၏ အသိုင်းအိုင်းက၊ ဆင်းရဲသောသူကို၊ အထောမတူကြပါ။ သူသည် ဒေါသ,ကြီးသူ၊ အမှတ်အတေး ကြီးသူဖြစ်၏။ ဆင်းရဲချမ်းသာ ခွဲခြားလေ့ရှိသော၊ လူသတော အဘာဝကို၊ (လုံးဝ) ရွံမုန်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစွဲမှုန်းစိတ်ကိုထိန်းလျက်၊ ငွေကြေးချမ်းသာအောင်၊ သူ…မအိပ်မနေ ကြိုးပမ်းခဲ့ရသည်။

☺

အိမ်ထောင်ကျပြီး (၂)လလောက် ကြာသည့်အခါတွင်၊ နှလုံးရောဂါသည်တို့၏ စရိုက်သဘာဝ,ကို၊ မျက်ဝါးထင်ထင် မြင်တွေ့ရတော့သည်။

နှလုံးရောဂါသည်ဖြစ်သော၊ သူ၏ အိမ်ထောင်ဘက် သည်၊ အလိုမကျသည့်အခါတိုင်း၊ သတိလစ်သွားတတ်၏။ တစ်ကိုယ်လုံး တောင့်တင်းသွားတတ်၏။ ခြေလက်တွေ ကုပ်ကွေးသွားလေ့ရှိ၏။

ဒေါသတကြီး ဝုန်းဒိုင်းကျဲတတ်သော သူသည်၊ နှလုံးရောဂါသည်၏ သတိလစ်တောင့်တင်းပြသော အမူအကျင့် တို့ကို၊ မြင်တွေ့ရစဉ်တိုင်း၊ ရင်ထဲတွင်၊ ဒေါသ,စိတ်တွေ ပို၍ တလိတ်လိတ်တက်လာရ၏။ ထိုဒေါသ,စိတ်ကို ထိန်းသိမ်း မျိုသိပ်ရဖန်များသောအခါ၊ သူ့ရင်ဘတ်ထဲတွင်၊ အောင့်တတ်လာလေသည်။

☺ ☺ ☺



(၃)

သူ၏ အိမ်ထောင်ဘက် နှလုံးရောဂါသည်,သည်၊ သူ့စိမ်းယောက်ျားလေးများနှင့် စကားပြောသည့်အခါ၊ ခြေပုတ်လက်ပုတ် ပြောတတ်သည်။ ဒါကို သူ, ဟန့်တားဖူး သည်။ ထိုဟန့်တားမှုကြောင့်၊ ထိုနှလုံးရောဂါသည်သည်၊ စိတ်မကောင်းခြင်းကြီးစွာဖြင့်၊ စကားမပြောတော့ဘဲ၊ ငုတ်တုတ်ကြီး သတိလစ်သွားပြန်သည်။

သူ့မိဘများက၊ "ဘာဖြစ်ကြတာလဲ"…ဟု၊ မေးသော



www.burmeseclassic.com

www.burmeseclassic.com



အခါ၊ "ကျွန်တော်နဲ့ စကားများလို့"...ဟုသာ၊ သူ ဖြေနိုင်တော့သည်။ နှလုံးရောဂါသည်၏ မျက်နှာကို ကြည့်ရင်း။ ဒေါသစိတ်ကို မျိုသိပ်ထားရသည်။ ဆေးခန်းဖို့ဖို့သာ ပြင်ဆင်ရလေ၏။

☺

ထိုနှလုံးရောဂါသည်၏ အစ်ကိုနှင့်မောင်ဖြစ်သူတို့၊ အရက်မူးပြီး၊ သူ့အိမ်တွင် လာရမ်းကားသည်။

သူသည် ဒေါသကြီးသူဖြစ်သည့်အပြင်၊ နဂိုကတည်းက မကျေနပ်သည့်အသိုင်းအဝိုင်းမှ လူတွေဖြစ်သဖြင့်၊ ထိုသူတို့ကို ခုတ်ပိုင်းရန်၊ အိမ်ထရံတွင် ချိတ်ဆွဲထားသော ဓားအိမ်မှ၊ ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး၊ အိမ်ရှေ့သို့ ဝုန်းခနဲ ပြေးထွက်လိုက်လေသည်။

ထိုသို့ ပြေးအထွက်တွင်၊ သူ၏ အိမ်ထောင်ဘက် နှလုံးရောဂါသည်က,လည်း၊ ဗုန်းခနဲပစ်လဲကာ၊ သတိလစ်သွားပြန်သည်။ ထိုအခါ...၊ ဓားရှည်ကို ကိုင်ဆွဲထားသော သူ့လက်သည်၊ နှလုံးရောဂါသည်ကို ချီမ,ပြီး၊ ဆေးခန်းသို့





ပို့ရသည့်, သူနာပြုလက် ဖြစ်သွားရလေ၏။

☺

ထိုနှလုံးရောဂါသည်သည်၊ ရုပ်ရှင်ကြည့်တာ ဝါသနာပါသူဖြစ်၏။ ဝမ်းနည်းကြေကွဲစရာဇာတ်ကားများကို ကြည့်ရင်း၊ ရင်ဆို့, သတိလစ်, လဲကျ, မေ့မျောသွားတတ်သူလည်း ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားများ ခဏခဏမကြည့်ရန်၊ သူ တန့်တားသည်။ "မိဘ,အိမ်မှာနေရတာ မလွတ်လပ်လို့၊ ရုပ်ရှင်လွတ်လွတ်လပ်လပ်ကြည့်ဖို့,လင်ယူတာ"ဟု၊ တရားဝင် ပြန်ပြောပါသည်။

သူ၏ ဒေါသလက်သည် မြောက်တက်သွား၏။ ထိုလက်ကို မြင်သည်နှင့်၊ နှလုံးရောဂါသည်,သည်၊ ထိတ်လန့်ကာ သတိလစ်သွားလေသည်။ သူ...အံကြိတ်ကာ၊ ဒေါသ,လျှော့ရသည်။ သူ့ရင်ဘတ်ထဲတွင်၊ တစ်နေ့ထက် တစ်နေ့၊ ပို...ပိုအောင့်လာ၏။

☺



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံ ဆေးခန်းသို့၊ လူနာဆန့်ဆန့်ကြီးကို သွားပို့စဉ်တိုင်း၊ ဆရာဝန်က "ဘယ်လိုဖြစ်လာတာလဲ"ဟု၊ မေးမြန်းလေ့ရှိသည်။ "ကျွန်တော်နဲ့ စကားများရင်းနဲ့"...ဟု၊ အစချီကာ သူ ပြောပြရသည်။

ဆရာဝန်က "လူနာကို စိတ်မထိခိုက်ပါစေနဲ့"ဟု၊ မှာကြားသည်။ သူသည် ဆရာဝန်ရှေ့တွင်၊ ပုတ်သင်ညိုတစ်ကောင်သာ ဖြစ်ခဲ့၏။

☺ ☺ ☺

(၄)

စိတ်လှုပ်ရှားခြင်းကို ဖြစ်စေသော၊ ဘောလုံးပွဲကိုလည်း ထိုနလုံးရောဂါသည်က၊ ဝါသနာပါပြန်သေး၏။ သူ ဟန့်တားသည်၊ ရန်ဖြစ်သည်။ ရောဂါသည်က သတိလစ်သည်။

☺



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါသည်၏ အကျီရင်ဘတ်အတွင်းမှ၊ "မောင်လေးကို သိပ်ချစ်တယ်၊ အရမ်းချစ်တယ်"ဟူသော၊ တစ်ပါးသူကို ရည်စူးသည့်၊ ရည်းစားစာတစ်စောင်ကို၊ သူ တွေ့မြင်ခဲ့ရသည်။

သူ ဘာတစ်ခွန်းမျှ မပြောဘဲ၊ ရောဂါသည်ကို ပါးတစ်ချက်တော့ ရိုက်လိုက်သည်။ (ထိုနေ့က ရောဂါသည် သတိမလစ်ပါ)။

ရောဂါသည်၏ ရင်ဘတ်အတွင်းမှ ရရှိသော စာကို မိတ္တူကူးလျက်၊ "အဆင့်အတန်း"စကား ခပ်များများပြောတတ်သော၊ ရောဂါသည်၏ မိသားစုသို့၊ ပေးပို့ရန် သူ စီစဉ်လေသည်။

"ငါ့ကို အရှက်မခွဲပါနဲ့"...ဟု၊ ပြောပြီး ရောဂါသည်က၊ တစ်ကိုယ်လုံး ဆန့်ဆန့်ကြီးဖြစ်သွားပြန်သည်။

သူ့မိဘများက "ဘယ်လိုဖြစ်ကြပြန်တာလဲ"ဟု၊ မေးသည်။

သူကတော့, ထုံးစံအတိုင်း။ "ကျွန်တော်နဲ့ စကားများလို့"ဟုသာ ပြောရလေသည်။





(အဖြစ်မှန်ကို ပြောရမှာ၊ ရွံရှာစွာ ရှက်လွန်း၍)။

☺

လူအမြင်တွင်၊ အိမ်ထောင်ဘက်ဟု၊ ထင်မြင်ကြရမည်ဖြစ်သော၊ ထိုရောဂါသည်ကို၊ ရောဂါသည် (လူနာ) တစ်ယောက်အဖြစ်သာ၊ သူ သဘောထားတော့သည်။ ရောဂါသည်နှင့် နင်လား... ငါလား ဒေါသတကြီး ဘက်ပြိုင်ရန်မဖြစ်တော့ချေ။ (သူ့ ရင်ဘတ်ထဲတွင်၊ အရမ်းအောင့်လာ၍)။

☺

တခြားသူနှင့် စကားများ ရန်ဖြစ်လျှင်လည်း၊ လူနာသည် ဗုန်းဗုန်းလဲ၍။ သတိလစ်၍။ မေ့မျော၍။ ခဏခဏ ဆေးရုံတင်ရသည်။

နေကောင်းသက်သာသွားသည့်အခါ လင်ဖောက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ခိုးသောက်၏။ လက်ဖက်သုတ် ခိုးစား၏။ ဒညင်းသီး ခိုးစား၏။ သူ ဘာမျှ မပြောတော့ဘဲ၊ မသိချင်ယောင်၊ ဆောင်ခဲ့သည်က များ၏။

သို့သော် …

သူသည် လူတစ်ယောက်ဖြစ်၏။ ဒေါသရှိ၏။ ထို့ကြောင့်၊ စိတ်ကို ထိန်းမရသည့်အခါ၊ ရောဂါသည်တို့ လက်တုံ့ပြန်ခြင်းမပြုဘဲ၊ အိမ်ရှိ ပစ္စည်းပစ္စယတို့ကို၊ ရိုက်ခွဲ လေ့ရှိသည်။

ထိုသို့…၊ ဝုန်းဝုန်းဒိုင်းဒိုင်း ရိုက်ခွဲသည့်အခါတွင်လည်း၊ ရောဂါသည်ခမျာ၊ လန့်ပြီး လဲကျသွားပြန်သည်။ ဆေးရုံတင်ရပြန်လေသည်။

☺ ☺ ☺



(၅)

ရောဂါသည်၏ ရင်ဘတ်အတွင်းမှ ရသော၊ စာထဲတွင်ပါသည့် ''မောင်လေး''ဆိုသူ ဆေးရုံသို့၊ သူမရှိခင် လာသည်။ သူက မလုပ်သင့်ကြောင်း ပြောသည်။ ထိုအခါ၊ သူနာအမောဖောက်သည်။ သူနာပြုဆရာမက ''လူနာကို စိတ်အနှောင့်အယှက်မဖြစ်စေနဲ့လေ''…ဟု၊ ပြောသည်။

သူ မျိုသိပ်လိုက်ရသည်။

သူ…ရင်ဘတ်အောင့်သွားသည်။

☺

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အိမ်လေ့ခါးတွင်၊ အထက်အဆိုပါ“မောင်လေး” ဆိုသူက၊ ရောဂါသည်ကို ပါးရိုက်နေသည်။ သူ မြင်၏။ သူ တွေ့၏။ သူ ကြား၏။ သူ ဘာမျှ မပြောပါ။

ရောဂါသည်ကို၊ အိမ်ပေါ်က နှင်ချပါသည်။ ရောဂါ သည်က၊ မဆင်းပါရစေနဲ့…ဟု၊ တောင်းပန်လေသည်။

သူ ဝုန်းဒုန်းဒိုင်းဒိုင်း ပြုမူနှင်ချပြန်လျှင်လည်း၊ ရောဂါ သည် သတိလစ်ပေဦးမည်။ ဆရာဝန်က “မင်းနဲ့ ဘာဖြစ် သလဲ”ဟု၊ မေးမြန်းနေပေဦးမည်။

ထို့ကြောင့်, သူ…အရုပ်တစ်ရုပ်ကဲ့သို့၊ နေထိုင်လိုက် ၏။

သူ့ရင်ထဲတွင်၊ တနင့်နင့် အောင့်လာရသည်။

☺

“ဒါ…တခြားမိန်းကလေးတစ်ယောက်ယော နဲ့ သွားသွားလာလာ လုပ်ခဲ့ရင်တောင်၊ အဲဒီ မိန်းကလေးက၊ ငါ့ ပါးကို ရိုက်တာ၊ နင်





မမြင်ဖူးဘူး။ ငါက နင့်ပါးကို၊ သူများရိုက်တာ မြင်ဖူးထားတယ်”ဟု၊

သူ…ဒေါသ…အပြည့်ဖြင့်၊ လက်ညှိုးငေါက်ငေါက် ထိုးကာ၊ ရောဂါသည်ကို ပြောဆိုခဲ့သည်။ (ထိုနေ့က, ရောဂါ သည်၊ သတိမလစ်ပါ)။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com



(၆)

ဤသို့ဖြင့်, နှလုံးရောဂါသည် တစ်ယောက်၏ အနီးတွင်၊ နေထိုင်ရင်း သူ့တွင် ရင်ဘတ်အောင့်သော ရောဂါရလာသည်။

ကာလ,ကြာသော် . . .

သူသည် နှလုံးရောဂါသည်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရလေသည်။

☺



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ။

နှလုံးရောဂါဟာ၊ အမည်တပ်လေ့ရှိသော ရောဂါတစ်မျိုး သည်လည်း။ ကူးစက်ရောဂါတစ်မျိုးဖြစ်ကြောင်း။ ကျွန်တော် တင်ပြလျှင်၊

မိတ်ဆွေ၊ သင် ငြင်းပယ်ချင်ပေလိမ့်မည်။ (ကျွန်တော် က,တော့ မငြင်းပယ်စေချင်ပါ)။

အဘယ်ကြောင့်ဆိုသော်..., နှလုံးရောဂါသည် တစ်ယောက်ကို၊ စောင့်ရှောက်ကုသရင်းမှ၊ နှလုံးရောဂါရသွားသော လူနာတစ်ယောက်၏ မှတ်တမ်းတစ်ခု၊ ကျွန်တော့်မှာ ရှိနေသောကြောင့် ဖြစ်ပါသည်။

☺ ☺ ☺

[(၁၉၈၈–၁၉၉၈) ခုနှစ်အတွင်း။ ရေးမှတ်ထားသော လူနာ တစ်ယောက်၏ မှတ်တမ်းကို၊ အကျဉ်းချုပ်၍ ရေးသား တင်ပြအပ်ပါသည်။]

☺ ☺ ☺

2004, April., 3:52 (P.M)

(၂၀၀၄ ခု၊ ဧပြီလ Family မဂ္ဂဇင်း)





# လောကပါရဂူ

www.burmeseclassic.com

www.burmeseclassic.com

လောကပါရဂူ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကိုယ်က နှလုံးရောဂါဖြစ်နေတာဆိုတော့၊ ငြိမ်ငြိမ်လေး နေနေရတာပေါ့။ ငြိမ်ငြိမ်လေး နေနေရတဲ့အထဲ၊ ဆေးခန်းက ပေးတဲ့ ဆေးတွေသောက်ပြီးတာနဲ့၊ ကိုယ်, အိပ်ပျော်နေတော့တာပါပဲ။ ကိုယ်က အိပ်ပျော်နေချင်တဲ့ကောင် မဟုတ်တော့၊ အဲဒီ ဆေးတွေ သောက်ရတာ ငြီးငွေ့လာတယ်။ အိပ်ပျော်နေလို့ ရောဂါသက်သာ နေတာမျိုး၊ ကိုယ်မှ မလိုချင်တာ။ ဆေးတွေ သောက်မယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆေးတွေသောက်ထားပြီး၊ နေကောင်းနေတယ်ဆို မဆိုးပါဘူး။ အခုတော့ ကိုယ်က၊ အိပ်ပျော်နေရတယ်။ အိပ်ပျော်နေချိန် နေကောင်းတာမျိုး၊ ကိုယ် မလိုချင်ဘူး။ နိုးထနေပြီး နေကောင်းနေတာမျိုး ကိုယ် ဖြစ်ချင်တယ်။

ဒါပေမဲ့…, ကိုယ်က ဆရာဝန်မဟုတ်တော့ ဆရာဝန် ညွှန်ကြားတဲ့အတိုင်း နေရတာပေါ့။ သူပေးတဲ့ ဆေးတွေ သောက်ရတာပေါ့။ ကြာတော့, ကိုယ့်မှာ အိပ်လိုက် နိုးလိုက်။ စားလိုက် ဆေးသောက်လိုက်။ ပြီးတော့, အိပ်ပျော်သွားလိုက်နဲ့။ ကိုယ် တကယ် နေကောင်းနေတာမဟုတ်ဘဲ၊ အိပ်ပျော်ပျော်နေလို့ ရောဂါသက်သာ, သက်သာ,နေတာပါလားလို့၊ တွေးဖြစ်တယ်။ ကိုယ်က, နိုးထ,ပြီး နေကောင်းနေရတာမျိုး ဖြစ်ချင်တာဆိုတော့၊ ဆေးတွေကြောင့် အိပ်ပျော်ပြီး၊ နေကောင်းနေရတာကြီးကို၊ ကိုယ် မကြိုက်တော့ဘူး။

ဆရာဝန်ကိုယ်တိုင်ကရော…၊ သူငယ်ချင်းတွေကရော…၊ အဲဒီ့အတိုင်းနေမှ၊ သက်သာမယ်လို့ ပြောကြတယ်။ ကိုယ် လက်မခံချင်ဘူး။ အိပ်ပျော်နေတဲ့အချိန်က၊ များလွန်းနေတော့၊ ကိုယ့်ကိုယ်ကို လူသေတစ်ယောက်လို့ ခံစားတွေးထင်မိတယ်။ ကိုယ်က အချိန်တိုင်း





အလုပ်လုပ်ချင်နေတာ။ အိပ်ပျော်ချိန်တွေများနေရင်၊ ဘယ်လိုလုပ်၊ အလုပ်,လုပ်နိုင်တော့မှာလဲ။ အိပ်ပျော်မှ ဝေဒနာသက်သာမယ်ဆိုရင်၊ ဒီရောဂါက နိုးနေတဲ့အချိန်မှာ၊ သက်သာဖို့ လမ်းမမြင်တော့သလိုပါပဲ။

ဒါတောင် ဝေဒနာသက်သာတယ်ဆိုတာ၊ ရောဂါကင်းပ, သွားတာ မဟုတ်ဘူးနော်။ ကင်းကင်းရှင်းရှင်း ရောဂါပျောက်သွားတာ မဟုတ်ဘူး။ ဒါဆို…, ဒီနှလုံးရောဂါဆိုတာက သက်သာရုံပဲ ကုသနိုင်မယ့် သဘောလား။ လုံး…ဝ, ပျောက်ကင်းသွားအောင် ကုသ,ပေးလို့ မဖြစ်နိုင်ဘူးလား။ ကိုယ် တွေးကြည့်တာပါ။

☺

ကိုယ် စိတ်မရှည်တော့ဘူး။ ကိုယ်က မြန်မြန်ပျောက်ချင်နေတာ။ သက်သာရုံလောက်ကိုတောင်၊ စိတ်မဝင်စားတော့ဘူး။ ဒါကြောင့်၊ ကိုယ် ဆရာဝန်ပြောင်းပြီး ကုသဖို့၊ ဆုံးဖြတ်ပစ်လိုက်တယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကိုယ့်နှလုံးရောဂါက၊ ခြေသည်းလက်သည်းလေးတွေနဲ့ နှုတ်ခမ်းတွေ ပြာနှမ်းနေတဲ့ ရောဂါမျိုးလည်း၊ မဟုတ်ဘူး။ အမောဆောက်, အသက်ရှူမဝတဲ့ ရောဂါမျိုးလည်း၊ မဟုတ်ဘူး။ လန့်ဖျပ်, သတိလစ်, ပစ်လဲတဲ့ ရောဂါမျိုးလည်း မဟုတ်ဘူး။

တစ်ခုခုကို မကျေနပ်ရင်၊ (မျှော်သိပ်လိုက်ရရင်)၊ ရင်ထဲမှာ ဆောင့်သွားတဲ့ ရောဂါမျိုး။ နင့်နေတဲ့ ရောဂါမျိုး။ နင်နေတဲ့ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



မျိုး။ တစ်ဆို့နေတဲ့ ရောဂါမျိုး။ ရင်ဘတ်ထဲက အောင့်နေပြီဆိုရင် ကျောဘက်ကပါ ဆုတ်ဆွဲထားသလိုမျိုး။ ကိုယ် ခံစားရတယ်။ အဲဒီလို ဖြစ်ဖြစ်နေတာ၊ ခြောက်နှစ် ခုနစ်နှစ်လောက်ရှိပြီ။

ဖြစ်ခါစတုန်းက E.C.G ရိုက်။ ဆေးသောက်။ တစ်ပတ်လောက်အိပ်၊ လေးငါးဆယ်ရက်လောက်ကြာတော့ သက်သာ။ နောက်တော့ ကိုယ့်စိတ်ကို၊ ကိုယ်ထိန်းရင်းနဲ့ နေကောင်းသွားတော့တာပါပဲ။ ဘာဆေးမှ မသောက်တော့ဘဲ၊ ကိုယ့်စိတ်ကို၊ ကိုယ်ထိန်းရင်းနဲ့ လပေါင်းများစွာ နေကောင်းအောင်၊ နေထိုင်နိုင်ခဲ့တယ်။

မနက်အိပ်ရာထ၊ စိတ်ကို ထိန်းတဲ့အလုပ်ကို လုပ်တယ်။ ပြီးရင် ဘောလုံးကွင်းထဲမှာ၊ ဘောလုံး သွားကန်တယ်။ ပြန်လာရင် အိပ်တယ်။ နိုးတဲ့အချိန်က,နေ မိုးချုပ်တဲ့အထိ၊ အလုပ်,လုပ်တယ်။ ပြီးရင် တစ်နာရီလောက် (ညဘက်) လမ်းလျှောက်ထွက်တယ်။ ပြီးရင် စိတ်ကို ထိန်းတဲ့အလုပ်ကို လုပ်တယ်။ ပြီးတာနဲ့ အိပ်ရာ မဝင်ခင်အထိ စာဖတ်တယ်။ ဒါမှမဟုတ်, တစ်ခုခု ရေးနေဖြစ်တယ်။

☺





တော်ရုံတန်ရုံ စိတ်ထိခိုက်စရာ ကိစ္စမျိုးလောက်ကို၊ ကြုံတွေ့ရရုံနဲ့ ကိုယ်...,မတုန်လှုပ်ဘူး။ ဒေါသမဖြစ်ဘူး။ မခံစားရဘူး။ ပျော်ပျော်နေတယ်။

ဒါပေမဲ့..., သိပ်ပြီး ကြီးမားတဲ့ ကိစ္စမျိုး၊ မနှစ်သက်စရာကိစ္စမျိုးကို ကြုံတွေ့ရပြီဆိုရင်တော့၊ ဒေါသဖြစ်တယ်။ ပေါက်ကွဲချင်တယ်။ ဒါပေမဲ့..., စိတ်ကို ထိန်းပစ်လိုက်တယ်။ မျိုသိပ်ပစ်လိုက်တယ်။ အဲဒီလို စိတ်ထိန်းတာတွေ မျိုသိပ်တာတွေ များလာပြီဆိုမှ၊ ကိုယ့်ရင်ဘတ်ထဲက, အောင့်လာတော့တာပဲ။ နင့်နေတော့တာပဲ။ နင်နေတော့တာပဲ။ သေချာတာက, အဲဒီလို အခါမျိုးမှာ တစ်ခုခုကို ရိုက်ခွဲပစ်လိုက်တာမျိုး။ ဒါမှမဟုတ်, ကိုယ် မကျေနပ်တဲ့သူကို၊ လက်တုံ့ပြန်လိုက်တာမျိုးကို၊ ဝုန်းခနဲ ဒိုင်းခနဲ လုပ်ပစ်လိုက်မယ်ဆိုရင်၊ ကိုယ် နေကောင်းသွားမှာ၊ အမှန်ပါ။

(ဒါပေမဲ့, အဲဒီလို ဝုန်းဒိုင်းကျဲတဲ့ ကိစ္စတွေ၊ ကိုယ် ငယ်ငယ်တုန်းက လုပ်ခဲ့မိပြီးပြီလေ။ အသက်(၂၇)လောက်ကတည်းက၊ ကိုယ် အဲဒီလိုမျိုး။ သိပ်မလုပ်ချင်တော့ဘူး။ အဲဒါကြောင့်, စိတ်တွေ ထိန်းခဲ့တာ။ အခု အသက်(၃၆)နှစ်ပြည့်ပြီးပြီ။ မျိုသိပ်ခဲ့ရတာတွေ များလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။ ကိုယ် နှလုံးရောဂါဖြစ်နေပြီ)

ကိုယ် နေမကောင်း သိပ်မဖြစ်ဖူးဘူး။ ဖြစ်ရင်လည်း ဆေးခန်းဆီကို နှစ်ရက်သုံးရက်ထက် ပိုမသွားရဘူး။ သူ့အလိုလို၊ အရာရာကို သတိနဲ့ ဆင်ခြင်ရင်ဆိုင်ရင်း, သက်သာသွားတာပါပဲ။ ဒါပေမဲ့ အခု နောက်ပိုင်း ဖြစ်တာက၊ ဟိုး အရင်ကထက် ပိုဆိုးတယ်။ ပိုပြီး ခံစားရတယ်။

ကိုယ်က, သေမှာကြောက်လို့ ရောဂါပျောက်ချင်တာ မဟုတ်ဘူး။ အလုပ်လုပ်ရတာ မဖြောင့်ဖြူးလို့၊ ရောဂါပျောက်ချင်တာပါ။ ရောဂါက, မပျောက်ဘဲ၊ သက်သာသလိုလိုပဲရှိတယ်။ ပြီးတော့... အိပ်,အိပ်နေမှ သက်သာတယ်ဆိုတော့..., ကိုယ်၊ ဆေးခန်းပြောင်းပြီး ကုသဖို့၊ ဆုံးဖြတ်လိုက်ရတာပါ။

ကိုယ်..., နှလုံးရောဂါအထူးကု ဆရာဝန်တစ်ယောက်နဲ့ ကုသဖို့၊ ဆုံးဖြတ်လိုက်တယ်။ အများအခေါ်တော့ နှလုံးပါရဂူလို့ ခေါ်တာပေါ့။ ပါရဂူနဲ့ ပြောင်းကုရတာဟာ၊ ကိုယ် ကုသနေခဲ့တဲ့ ဆရာဝန်ကို မနှစ်သက်လို့, အထင်သေးလို့ မဟုတ်ပါဘူး။ ကိုယ်... မြန်မြန်နေကောင်းချင်လို့ပါ။





မြန်မြန်နေကောင်းချင်တဲ့ ဆန္ဒကိုက၊ ကိုယ် မှားနေတယ်ဆိုတာလည်း။ ကိုယ်...တွေးမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ ဒီခန္ဓာကိုယ်ကြီး ရှိနေမှတော့၊ ခန္ဓာဝေဒနာရှိနေစမြဲ၊ ဒါကို သိထားလျက်နဲ့ မြန်မြန်နေကောင်းချင်ပါတယ်လို့၊ တောင့်တမိတာကိုက၊ ကိုယ် မှားနေတာပေါ့။

ဒါပေမဲ့..., "ပါရဂူ"ဆိုတာ၊ နည်းနည်းနေနော ဝေါဟာရ မဟုတ်ဘူးလေ၊ "ပါရဂူ"ဆိုတာ၊ အတတ်ပညာ တစ်ခုခုမှာ၊ အထူး ကျွမ်းကျင်တဲ့သူကို ခေါ်တာ။ တော်ရုံတန်ရုံလူကို "ပါရဂူ"လို့ ခေါ်မှာ မဟုတ်ဘူး။ သက်ဆိုင်ရာပညာရပ်အပေါ်၊ ကျွမ်းကျင်မှုရှိလွန်းလို့၊ ကျွမ်းကျင်မှုဘွဲ့ထူးရထားတဲ့သူကိုမှ၊ "ပါရဂူ"လို့ ခေါ်တာ။

ကိုယ့်ရဲ့၊ ဒီ...ရင်ထဲက အောင့်တဲ့ ဝေဒနာလောက်ကို "ပါရဂူ"တစ်ယောက်ယောက်က၊ ကုသလိုက်ရင်၊ ကိုယ်ဖြစ်ချင်သလို "မြန်မြန်နေကောင်းချင်တယ်"ဆိုတဲ့ ဆန္ဒ ပြည့်ဝဖို့ သေချာတော့တာပဲ။ အဲဒါကြောင့်, ကိုယ့်ရောဂါကို ကုသဖို့ သာမန်ဆရာဝန်လောက်နဲ့ မကုတော့ဘဲ၊ "ပါရဂူ"နဲ့ ကုဖို့၊ ကိုယ် ဆုံးဖြတ်လိုက်တာပေါ့။

ဒါပေမဲ့... ဘယ်ပါရဂူပိုတော်သလဲဆိုတာ၊ ကိုယ် မသိဘူး။



www.burmeseclassic.com

ဒါပေမဲ့ ပါရဂူတိုင်းကတော့၊ တော်ကြမှာပါပဲ။

ဘယ်လောက်အထိ၊ ကိုယ် ယုံကြည်ပစ်လိုက်ချင်သလဲဆိုရင် နှလုံးရောဂါနဲ့ ပတ်သက်ခံစားရတဲ့ လူနာမှန်သမျှ၊ ပါရဂူနဲ့ ကုသလိုက်ရင်၊ တစ်ယောက်မှ မသေစေရဘူးဆိုတဲ့အထိ၊ ကိုယ် ယုံကြည်ပစ်လိုက်ချင်တယ်။ အဲဒါ ဟုတ်နိုင်ပါ့မလား။

☺ ☺ ☺

(၃)

ကိုယ့် ဆုံးဖြတ်ချက်ကြောင့်၊ ကိုယ့် ဘယ်ဘက်ရင်ဘတ် ဦးအောင့်သွားတယ်။ ပါရဂူတစ်ယောက်နဲ့ ကုသခွင့်ရဖို့အတွက်၊ အချိန်တွေ ရက်တွေ ကြာကြာစောင့်ဆိုင်းရတယ်လို့၊ ကိုယ် သိလိုက်ရတယ်။ အောင့်သွားရတဲ့ ရင်ဘတ်ကို အသာဖိပြီး၊ ကိုယ် စိတ်ပြေဆိုက်ပါတယ်။ လူနာတွေ များသကိုး။

☺

www.burmeseclassic.com



ပထမ သာမန်ဆရာဝန်နဲ့ ကုသနေစဉ်တုန်းက၊ ကိုယ့်ဘဝကို၊ အဲဒီ့ ဆရာဝန် သေသေချာချာ မမေးမြန်းဘူး။ "စိတ်ညစ်စရာရှိသလား" မေးတယ်။ ကိုယ်က, ပျော်ပျော်နေတတ်တဲ့သူဆိုတော့ "မရှိဘူးလို့ ဖြေခဲ့တယ်"။

ဘောလုံးကန်တဲ့အခါ၊ Training လုပ်တဲ့အခါ၊ ကိုယ်လုံး၀ မမောတဲ့အကြောင်း။ ကိုယ် ပြောပြတယ်။ ဘယ်လိုအခါမျိုးမှာ ရင်ထဲက အောင့်တာလဲလို့ မေးတော့၊

"တစ်ခုခုကို မကျေနပ်တဲ့အခါ၊ အဲဒီ့ မကျေနပ်တဲ့သူကို မကျေနပ်တဲ့အကြောင်း။ ကျွန်တော် ပြောလိုက်ရင်၊ ဘာမှ မဖြစ်ဘူး။ သူတစ်ပါးကို တစ်ခုခုပြောလိုက်ရင်၊ ကျွန်တော် သက်သာတယ်။ အဲဒီ့ သူတစ်ပါး မသက်သာဘူး။

သူတစ်ပါးကို မပြောရက်၊ မလုပ်ရက်လို့ မျိုသိပ်လိုက်တဲ့အခါ၊ ကျွန်တော် မသက်သာဘူး"

အဲဒီလို ဖြေခဲ့ဖူးတယ်။

ဒီလောက်ပဲ။ တခြား ကိုယ့်ရင်ထဲက မျိုသိပ်ထားမှု အကြောင်း





(၃၅)နှစ်စာ ဝေဒနာအစိုင်အခဲတွေကို၊ အဲဒီ့ ဆရာဝန်ရှေ့မှာ ပြောမပြဖြစ်ခဲ့ဘူး။ (အဲဒီ့တုန်းက၊ ကိုယ် (၃၆)နှစ် မပြည့်သေးဘူး။)

☺

အခု၊ ကိုယ်က၊ (၃၆)နှစ်လည်း ပြည့်ပြီးပြီ။ ဆိုတော့…, ပါရဂူနဲ့ တွေ့တဲ့အခါ၊ (၃၆)နှစ်စာ၊ ဘဝရဲ့ မျိုသိပ်ထားခဲ့သမျှ ဒဏ်ရာဒဏ်ချက်တွေအကြောင်း…, ပြည့်ပြည့်ဝဝ, ရင်ဖွင့်ပြောပြလိုက်တော့မယ်လို့၊ ဆုံးဖြတ်ထားတယ်။

ဥပမာ ငယ်စဉ်က၊ မိသားစုအပေါ် မကျေနပ်စရာတွေကို၊ ကြိတ်မှိတ်မျိုသိပ်ထားခဲ့သမျှအကြောင်း…၊

သူငယ်ချင်း အချင်းချင်း။ ပခုံးပေါ်ကို တက်အနင်းခံခဲ့ရတဲ့ သူငယ်ချင်းတချို့အကြောင်း…

ရပ်ကွက်ထဲမှာ ဘောလုံးကန်ရင်တောင်မှ၊ ဘောလုံးကန်ရမလားဆိုပြီး၊ အော်ဟစ်ဆဲဆိုခဲ့ကြတဲ့၊ လူကြီးတချို့အကြောင်း…၊ ပြီးတော့…, ရပ်ကွက်ထဲမှာ ဂစ်တာတီးပြီး သီချင်းဆိုခဲ့တာကို၊



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ ပက်ထုတ်ခဲ့တဲ့၊ ဂီတနဲ့ မထိုက်တန်တဲ့၊ လူခြောက်သွေ့တွေ အကြောင်း…, ''ချစ်တယ်''လို့ ပြောပြီး၊ မရေရာ မသေချာတဲ့ ဘဝအနာဂတ်ကို လက်တွဲရင်ဆိုင်ဖို့၊ အသည်းနှလုံး နောက်တွန့် ကြောက်ရွံ့ခဲ့ကြတဲ့ ပိန်ကပ်ကပ် ရည်းစားဟောင်းတွေအကြောင်း…

တစ်ကျပ်ဖိုးရှိတဲ့လူက တစ်မတ်ဖိုးရှိတဲ့ လူအပေါ်၊ ဦးမော့ ထောင်လွှား။ တစ်ဆယ်ဖိုးရှိတဲ့လူက၊ တစ်ကျပ်ဖိုးရှိတဲ့လူကို လှောင်ပြောင်မော်ကြွား။ တစ်ဆယ်ဖိုးရှိတဲ့သူကို တစ်ရာဖိုးရှိတဲ့လူက… အနိုင်ကျင့် စော်ကားလေ့ရှိတဲ့၊ ကျားပါးစပ်ထဲက ခြားရဟတ်ပေါ်မှာ ပျော်မွားနေတဲ့၊ လူ အဝိဇ္ဇာတွေအကြောင်း၊ မိဘ အမွေအနှစ်ကို တွေ့ပစ်သလို ခွဲတမ်းချပြီး၊ (အမွေကို မထိန်းသိမ်းဘဲ) ခွဲဝေယူချင် နေကြတဲ့၊ သားသမီးအယောင်ဆောင်ထားတဲ့၊ လက်ဖြန့်မျှော်လင့် တတ်သူတွေအကြောင်း။

အို…အများကြီးပါပဲ၊ ကိုယ့်ရင်ထဲမှာ သိမ်းထားမျိုသိပ်ခဲ့ရတဲ့ ဘဝရဲ့ မကျေနပ်စရာ ဒဏ်ရာဒဏ်ချက်တွေ။

အဲဒါတွေကို၊ ကိုယ့်ကို ကုသပေးမယ့် ပါရဂူကြီးနဲ့ တွေ့ရင် ကိုယ်…, ရင်ဖွင့်ပစ်ချင်တယ်။ (ပါရဂူဆိုတာ သာမန်ဆရာဝန်ကို တစ်ခွန်းနှစ်ခွန်းမေးပြီး၊ ဆေးပေးရုံ ငြိမ်ငြိမ်လေးနေဖို့ ပြောရုံလောက် တော့၊ လုပ်မှာ မဟုတ်ပါဘူး။)

နှလုံးရောဂါဆိုတာ (မွေးရာပါ မဟုတ်ရင်) စိတ်နဲ့ ပိုပြီး သက်ဆိုင်တဲ့ ရောဂါလို့၊ ကိုယ်က ယူဆထားတော့၊ စိတ်နှလုံးထဲက အညစ်အကြေးတွေကို ''ပါရဂူ'' (ဆရာဝန်ကြီး)တွေက၊ မေးမြန်း ရှင်းလင်းပေးကြလိမ့်မယ်လို့ ကိုယ်…ယုံကြည်တယ်လေ။ ကိုယ်…, မျှော်လင့်ထားတယ်။

☺

ပုဂ္ဂလိက ဆေးရုံကြီးတစ်ရုံမှာ၊ ထိုင်တယ်ဆိုတဲ့ ပါရဂူ တစ်ယောက်နဲ့၊ တွေ့ဖို့ (၁)လကျော်ကျော် အကြာလောက်မှာ၊ ကိုယ့်အလှည့်ရောက်တယ်။ ကိုယ့်အလှည့်ရောက်တဲ့နေ့မှာပဲ၊ ပါရဂူ ကြီး နေမကောင်းလို့၊ မလာနိုင်ပါဘူးဆိုတဲ့သတင်း၊ ကိုယ် ကြားရ တယ်။ အဲဒါနဲ့ပဲ၊ ကိုယ်, နောက်ထပ် ပါရဂူတစ်ယောက်နဲ့ ကုဖို့၊ အစီအစဉ် ပြောင်းရပြန်တယ်။

ဘာပဲဖြစ်ဖြစ်၊ ဘယ်ပါရဂူနဲ့ပဲတွေ့တွေ့၊ ကိုယ်ကတော့ စကားတွေ အများကြီး ပြောပြရင်ဖွင့်ဖို့၊ မျှော်လင့်နေရတုန်းပါပဲ။

☺ ☺ ☺







www.burmeseclassic.com

www.burmeseclassic.com

(၄)

နောက်ထပ် ပုဂ္ဂလိက ဆေးရုံတစ်ခုမှာ၊ နောက်ထပ် ပါရဂူ တစ်ယောက်နဲ့ ကုသ,ခွင့်ရတယ်။

ဘောလုံးတောင် ကန်နိုင်နေတယ်ဆိုတော့၊ ကိုယ် မမော ဘူး။ အသားငါးတွေ မစားဘူးဆိုတော့၊ ကိုယ့်မှာ တခြား၊ အသိ အဆိမ့် ပြဿနာ သိပ်မရှိဘူး။ အရက်မသောက်ဘူးဆိုတော့ ကိုယ့် နှလုံးတွေ အဆုတ်တွေထဲမှာ အရက်နဲ့ပတ်သက်တဲ့ ပြဿနာ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ပဲ၊ ကိုယ့် ရင်ဘတ်မှာ (၂၄)နာရီ E.C.G စက်ကလေး တစ်ခုတပ်ဖို့ စီစဉ်ရတော့တယ်။ အဲဒီ အစီအစဉ်ကြောင့်, ကိုယ့် ရင်ဘတ် ပိုအောင့်သွားတယ်။ အဲဒီ (၂၄)နာရီ E.C.G ရိုက်တဲ့ စက်ကလေးတပ်တဲ့ ကုန်ကျစရိတ်က ၄၅၀၀၀ (လေးသောင်းငါး ထောင်)တဲ့။ (မြန်မာငွေ)။

အဲဒီနေ့က ပါရဂူနဲ့ စကားပြောချိန် (၁၅)မိနစ်လောက်ပဲ ရခဲ့တယ်။ ကိုယ် ပြောချင်စရာတွေ၊ ကုန်အောင် မပြောခဲ့ရဘူး။

(၂၄)နာရီ E.C.G စက်လေး တပ်ထားလျက်က၊ ကိုယ် သွေးစစ်ရတယ်။ ဆီးစစ်ရတယ်။ နှလုံးရောဂါရဲ့ နောက်ထပ် အဖော် တစ်ခု ကိုယ် သိခွင့်ရလိုက်ပြန်တယ်။ လေးဘက်နာရောဂါပိုး (သွေးထဲ မှာ) တွေ့သတဲ့။ အဆုတ်ကိုလည်း ဓာတ်မှန်ရိုက်ရသေးတယ်။ အဆုတ်က ဘာမှ မဖြစ်ဘူးဆိုပဲ။ ဆီးချို သွေးချိုလည်း မရှိဘူး ဆိုပဲ။

☺

နောက်တစ်ကြိမ် ပါရဂူနဲ့ ပြန်တွေ့တယ်။ လူနာတွေကလည်း





အများကြီးပဲဆိုတော့၊ ကိုယ် ပြောချင်တဲ့ စကားတွေ၊ ပြောခွင့်မရပြန် ဘူး။ သောက်ရမယ့် ဆေးတွေ ညွှန်းလိုက်တယ်။ အစားအသောက် အနေအထိုင် မှာကြားတယ်။ (ကြာချိန် ၁၅ မိနစ်)။ (ရက်ချိန်း၁လ)

☺

ပါရဂူနဲ့ ပြသဖို့အတွက်၊ ရက်ချိန်းယူတဲ့အခါ၊ တုံကင်နံပါတ် (၁)ကနေ (၆)အထိက၊ ပိုက်ဆံ ပိုပေးရတယ်။ စပါယ်ရှယ်တုံကင် ဆိုလား။ V.I.P တုံကင်ဆိုလား။ ကိုယ့်ရင်ဘတ် အောင့်သွားတယ်။

☺

ပါရဂူသောက်ခိုင်းတဲ့ ဆေးတွေက အရင် ဆရာဝန်လို၊ အိပ်ရာထဲမှာ အိပ်ပျော်နေရမယ့် ဆေးမျိုးတွေတော့ မဟုတ်ဘူး။ တစ်နေ့ကို ဆေး(၃)ကြိမ် သောက်ရတယ်။ (နှလုံးအတွက်ရော လေးဘက်နာ အတွက်ရော)။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကစားခွင့်မရတော့ဘူး။ ဆေးလိပ်သောက်ခွင့် မရှိတော့ဘူး။ အသီးအရွက်ပဲ စားတယ်ဆိုပေမဲ့ မတည့်တဲ့ အသီးအရွက်တွေ သတ်မှတ်ပေးလိုက်ပြန်တော့၊ အစားအသောက်ကိုလည်း ဆင်ခြင်ရပြန်တယ်။ ကိုယ် ဆေးမှန်မှန်သောက်ပါတယ်၊ အနေအထိုင် အစားအသောက်လည်း၊ အထူးဆင်ခြင်ပါတယ်။

ဒါပေမဲ့…, စိတ်မကျေနပ်စရာတွေ့ရင်၊ ဆေးဘယ်လောက်သောက်သောက်၊ ကိုယ့်ရင်ထဲ နှလုံးသားထဲမှာ အောင့်မြဲ အောင့်နေဆဲပါပဲ။ (ဘယ်သူတွေ ဘာပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ မဆိုင်သလို နေလိုက်တဲ့ အခါကျပြန်တော့၊ ကိုယ် ဘာမှ မဖြစ်ဘူး။)

ခက်တာက၊ လူ့လောကမှာနေပြီး လူတွေနဲ့ ကိုယ်နဲ့ မဆိုင်သလို နေထိုင်ရတာမျိုးလည်း မနေတတ်ဘူး။

နောက်တစ်ကြိမ်၊ ပါရဂူနဲ့တွေ့တော့, သက်သာသလား မေးတယ်။ သက်သာတဲ့နေ့ သက်သာပြီး၊ အောင့်တဲ့နေ့ အောင့်တဲ့အကြောင်း၊ ကိုယ် အမှန်အတိုင်း ပြောဖြစ်တယ်။ အောင့်တဲ့အခါ လျှာအောက်မှာ ငုံဖို့ဆေး၊ ငုံတဲ့အခါ ခေါင်းကိုက်ရင်၊ သောက်ဖို့ဆေး စသဖြင့်၊ ဆေးတွေ ထပ်ညွှန်ကြားတယ်၊ ကိုယ် ပြောချင်ရာ





တွေ ဘဝဝေဒနာတွေ ဘာမှ မပြောဖြစ်ခဲ့ဘူး။ (စမ်းသပ်ညွှန်ကြားချိန် ၁၅ မိနစ်)

ပါရဂူကြီးကို၊ ကိုယ် အားနာတယ်။ သူ့မှာ တစ်နေ့တစ်နေ့ ဆေးရုံပေါင်းများစွာ ကူးသန်းနေရရှာတယ်။ လူနာပေါင်းများစွာကို ကုသပေးနေရတာဆိုတော့၊ ကိုယ့်တစ်ယောက်တည်းအတွက်၊ အချိန်တွေအများကြီး၊ ကိုယ် ယူလို့ မဖြစ်ဘူး။

ကိုယ်က တကူးတကန့်ကြီး၊ တောင်းဆိုပြောပြမယ်ဆိုရင်တော့၊ သူ နားထောင်ပေးမှာ၊ အမှန်ပါပဲ။ ဒါပေမဲ့…, ကိုယ် မပြောရက်တော့ဘူး။ အချိန်နဲ့အမျှ ကူးသန်းကုသနေရရှာတဲ့၊ ပါရဂူကြီးကို၊ သနားလာတယ်။ (ကိုယ် ရင်ဘတ်အောင့်တယ်)။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၇)

ကိုယ် ပါရဂူကြီးကို သိပ်,သနားမိတာပါ။ သူ နေမကောင်းရင်၊ ဘယ်သူတွေ ကုသပေးကြမလဲဆိုတာ။

ပြီးတော့..., ကိုယ့်နှလုံးရောဂါ (တကယ်) ပျောက်ကင်းသွားပြီဆိုရင်တောင်၊ တခြားရောဂါတစ်ခုခုလည်း၊ အချိန်မရွေး ထပ်ဖြစ်နိုင်သေးတာပဲလို့ ကိုယ် တွေးမိတယ်။

ဒီခန္ဓာရှိနေသမျှ မျက်စိ နား နှာခေါင်း ပါးစပ် သည်းခြေ

www.burmeseclassic.com

www.burmeseclassic.com



အဆုတ် အစာအိမ် အူသိမ် အူမ ကျောက်ကပ် ဦးခေါင်း ခြေလက် အရိုး အကြော အရေပြား စသဖြင့်သော၊ အစိတ်အပိုင်းတွေမှာ၊ အချိန်နဲ့အမျှ ခဏငယ်တိုင်း ပျက်စီးယိုယွင်းနေကြတာပဲလို့၊ ကိုယ် တွေးဖြစ်တယ်။

ဒါဆို၊ ကိုယ်..., ဒီနှလုံးရောဂါလေးတစ်ခုတည်းရဲ့ ဝေဒနာ သက်သာပျောက်ကင်းဖို့ အတွက်သာ၊ ကုသနေမိတာ၊ မပြည့်စုံတူမေ့ ရှိသမျှ ခန္ဓာအစိတ်အပိုင်းအားလုံးရဲ့၊ ဝေဒနာ ဖောက်ပြန်ပျက်စီးမှုတွေက သက်သာလွတ်ကင်းအောင်၊ ကြိုတင်ကုသဖို့မျှား၊ လိုမနေဘူးလား။

အိုလာပြီ နာလာပြီ သေနိုင်တယ်လို့ တွေးသိလိုက်တဲ့အခါ အို နာ သေဘေးက လွတ်ဖို့၊ (တကယ်) လွတ်မြောက်အောင် ကုသပေးနိုင်မယ့်၊ တကယ့် ပါရဂူကြီးတစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲလို့၊ ကိုယ် တွေးမိတယ်။

အခု၊ ကိုယ်တို့ လူ့လောကမှာရှိတဲ့၊ ပါရဂူကြီးတွေက သူတို့ကိုယ်တိုင်တောင်၊ မအိုအောင် မနာအောင် မသေအောင် စွမ်းဆောင်နိုင်ကြပုံမလော။ အမှန်တကယ် သေတော့မယ့်၊ သေချိန်ရောက်နေတဲ့ လူနာတစ်ယောက်ကို၊ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ ဘယ်ပါရဂူ ဘယ်ဆရာဝန်ကမှ၊ မသေအောင် ကုသမပေးနိုင်ဘူးလို့၊ ကိုယ် သိထားပါတယ်။





အဲဒါကြောင့်၊ အခု၊ ကိုယ် ဆေးတွေလည်း၊ သောက်ပါတယ်။ နောက်ထပ် ပါရဂူကြီးတစ်ယောက်ယောက်ဆီမှာလည်း၊ ပြောင်းပြီး ကုသ,ချင်ပါတယ်။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

## (၆)

ကိုယ်လေ...

နှလုံးရောဂါ လေးဘက်နာရောဂါ ဆိုတာလေး တွေကိုပဲ၊ ကုသမနေချင်တော့ဘူး။ ခန္ဓာဝေဒနာ အကုန်လုံးကို မအိုအောင်၊ မနာအောင် မသေအောင်ဘဲ၊ ကိုယ်...ကုသချင်တော့တယ်။

အိုဘေး နာဘေး သေဘေးက၊ လွတ်ကင်းတဲ့ ကုသနည်းတွေကို၊ ကိုယ်တို့..., ရှာဖွေမှ ဖြစ်လိမ့်မယ်။ ဒီဘဝ ဒီလောက ဒီသံသရာတွေ ဒီလောက် ရှည်လျားပင်ပန်းဆင်းရဲလာခဲ့ကြရတာ။

ကိုယ်လေ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တစ်ဖန် မအိုချင်တော့ဘူး။ နောက်ထပ်တစ်ဖန် မနာချင်တော့ဘူး။ နောက်ထပ်တစ်ဖန် မသေချင်တော့ဘူး။ (ကိုယ် လွတ်ချင်ပြီ။ ဒါပေမဲ့ လွတ်မလွတ်၊ မသေချာဘူး)။

ဘာပဲဖြစ်ဖြစ်, (ကိုယ့်ကို ကုသ,ပေးနေတဲ့ ပါရဂူကြီးမသေခင်) ကိုယ် ပါရဂူပြောင်းကုမှဖြစ်မယ်။ နောက်ထပ်၊ ကိုယ် ကြုံတွေ့ချင်တဲ့ ပါရဂူဆိုတာကတော့, လောကသံသရာရဲ့ အို, နာ, သေဘေးက သူကိုယ်တိုင် လွတ်ကင်းနိုင်တဲ့ ပါရဂူကြီးမျိုးဖြစ်ရင်၊ ကိုယ်, ပိုပြီး အထင်ကြီးချင်ပါတယ်)။

ဘာပဲဖြစ်ဖြစ်၊ နှလုံးရောဂါဆိုတာ စိတ်နဲ့ သက်ဆိုင်တဲ့ ရောဂါဆိုတော့, ကိုယ့်စိတ်ကို ကိုယ့်ဘာသာ ကုမှ ဖြစ်မယ်။ (လောလောဆယ်တော့, အားလုံးအတွက်, ကိုယ် ရင်ဘတ်အောင့် တယ်)။ ။

☺ ☺ ☺

2003 Feb. 2[illegible]

3:45 (A.M)

(၂၀၀၃ ခု၊ ဖွန်လ၊ ကလျာမင္ဂလာ






www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် စစ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

(က)

"အခု ငါ, အသက် ငါးဆယ့်လေးနှစ် ပြည့်ပြီး ပြီ။ နောက် တစ်နှစ်ဆို၊ ငါးဆယ့်ငါးနှစ်။

ဒီနေ့ ငါးဆယ့်ငါးနှစ်ပြည့်ပြီဆိုတာနဲ့ နောက်နေ့ အားလုံးကို၊ ငါ စွန့်ပြီ။ ဒါပဲ ငါ့ ဘဝရဲ့ ရည်ရွယ်ချက် က"

ဦးသာလှ၏ စကားကို၊ ကျွန်တော်တို့ တလေးတစား

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေကြသည်။ သူ့ ပြောစကားများကို နားထောင်ရင်း၊ သူ ထိုင်နေရာ ဆိုဖာကြီး၏ နောက်တည့်တည့်ရှိ နံရံကပ်မှန်ဗီရို ထဲရှိ၊ တရားစာအုပ်များကို၊ တစ်ချက်တစ်ချက် ဝေ့ကြည့်ဖြစ်သေးသည်။ ထိုသို့ ဝေ့ကြည့်နေဖြစ်သည်မှာ၊ အကြောင်းရှိ၏။

ဦးသာလှက၊ ကျွန်တော်တို့၏ သူဌေး၊ အလုပ်ရှင်၊ အထက် အရာရှိ။ သူ ကိုယ်တိုင်က အင်ဂျင်နီယာကြီးတစ်ဦးဖြစ်ပြီး၊ ပုဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းများစွာကို ပိုင်ဆိုင်လုပ်ကိုင်နေသူဖြစ်သည်။ ကျွန်တော်တို့က၊ သူ့လုပ်ငန်းခွင် တစ်ခုမှ၊ သာမန် အင်ဂျင်နီယာ ပေါက်စလေးများသာ ဖြစ်၏။

ပညာ အရှိန်အဝါ အသက်အရွယ် အတွေ့အကြုံ ကြွယ်ဝ ချမ်းသာမှု စသည်ဖြင့်၊ အဖက်ဖက်မှ ဦးသာလှက၊ ကျွန်တော်တို့ ထက် လွန်စွာသာလွန်လွန်းပေသည်။ ထို့ကြောင့်၊ သူ့ အဆုံးအဖြတ် အဆုံးအမ လမ်းညွှန်မှုတိုင်းကို၊ တသွေမတိမ်း လိုက်နာဖြစ်ကြ၏။ လွဲချော်မှု တစ်ခုခုဖြစ်လျှင်၊ အပြစ်ရှိသော ဝန်ထမ်းကို ပြော ကြိမ်းမောင်းသည်မှာ၊ စကြဝဠာအပြင်ဘက်သို့ လွင့်ထွက်သွားနိုင် လောက်ပေသည်။ ထိုသို့ ပြင်းထန်စွာ ကြိမ်းမောင်းဆူပြောပြီးပါက





နောက်တစ်နေ့တွင်၊ ထိုဝန်ထမ်းကို ပြန်လည် ဖျောင်းဖျတတ် လေသည်။ အကျိုးသင့် အကြောင်းသင့် ပြန်လည်ပြောပြ ဆုံးမ, တတ်သေးသည်။ မနေ့က, ဒေါသနှင့် ကြိမ်းမောင်းခြင်းဖြစ်ကြောင်း၊ ဒီနေ့ စေတနာနှင့် သွန်သင်ခြင်းဖြစ်ကြောင်း၊ ရှင်းပြတတ်ပြန်သည်။

ထို့ကြောင့်, အားလုံးက၊ စိတ်ခုခြင်း မဖြစ်ကြ။ လေးစား ခင်မင်ရိုသေကိုင်းရှိုင်းမှုတို့ မလျော့ပါးကြချေ။

☺

အခါကြီး ရက်ကြီး တို့တွင်လည်းကောင်း၊ အခြား အကြောင်းကြီးငယ်ရှိသည့်အခါများတွင်လည်းကောင်း၊ ခင်မင်လေးစား ရိုသေကိုင်းရှိုင်းကြသူများက၊ တန်ဖိုးကြီးသော တံစိုးလက်ဆောင်များ တို့ဖြင့်၊ အရိုအသေပြုသည့်အခါမျိုးတွင်၊ ဦးသာလှ လွန်စွာ စိတ်ဆိုး တတ်လေ၏။

"ဂါရဝတရားဆိုတာ၊ တံစိုးလက်ဆောင်မလို ဘူးကွ။ မင်းတို့ နင်တို့၊ ငါ့ စေတနာ့ကို လာစော်ကား ကြတာလား။ သွား…, ငါ စိတ်မဆိုးခင် ပြန်ယူသွား။

www.burmeseclassic.com

www.burmeseclassic.com



အကုန်ပြန်ယူသွား''

သို့သော်...,

ဦးသာလှ၏ အကြောင်းကို သိသူ၊ လွန်စွာ ကျွမ်းဝင်သူတို့က၊ တော့၊ ဦးသာလှ၏ အနှင်အထုတ် အခြင်းအပယ်ကို မခံကြရချေ။ အဘယ်ကြောင့်ဆိုသော် ဦးသာလှ နှစ်သက်သော အရာကို၊ လက်ဆောင်အဖြစ် ပေးတတ်ကြသောကြောင့်ဖြစ်သည်။

ထို လက်ဆောင်ပစ္စည်းဆိုသည်မှာ တရားစာအုပ်များ ဖြစ်၏။

ထိုတရားစာအုပ်များကို၊ ဦးသာလှက၊ ဧည့်ခန်း၏ နံရံကပ် မှန်ဗီရိုကြီးထဲတွင်၊ တရိုတသေ တမြတ်တနိုး မြင်သာထင်ရှားစွာ သိမ်းဆည်းထားတတ်လေသည်။ ကိုယ်တိုင်လည်း ဝယ်ယူစုဆောင်း လေ့ရှိကြောင်း၊ ကြားသိဖူးထား၏။

ဦးသာလှသည် ဝယ်ယူစုဆောင်းထားသော တရားစာအုပ် များ၊ လက်ဆောင်အဖြစ်ရရှိထားသော တရားစာအုပ်များကို တစ်လုံး တစ်ပါဒမျှ မဖတ်ဘူးသေးကြောင်း၊ ဖတ်ချိန်မရသေးကြောင်းလည်း အားလုံးက သိကြားကြပြန်သည်။

☺





နံရံကပ်မှန်ဗီရိုအတွင်းရှိ၊ တရားစာအုပ်များကို၊ ကျွန်တော် ငေးကြည့်မိစဉ်၊ ဦးသာလှ၏ စကားသံတစ်ခု ဖြတ်ဝင်လာ၏။

''ဒီတရားစာအုပ်တွေကို၊ ငါ မဖတ်ရသေးဘူး။ မဖတ်ဖြစ်သေးဘူး။ အလုပ်ကိစ္စတွေနဲ့ပဲ၊ အချိန်ကုန် နေရတယ်။

တစ်ခါတလေ၊ တစ်အုပ်လောက် လှန်လှော ကြည့်ဖို့ စဉ်းစားသေးတယ်။ မနက်အိပ်ရာထ၊ နောက်ကျမှာ၊ အလုပ်ကိစ္စတစ်ခုခု လစ်ဟင်းသွားမှာ စိုးလို့၊ လုံးဝ မတို့မထိဖြစ်ဘူး။

အဲဒါကြောင့်...၊ ငါးဆယ့်ငါးနှစ်ပြည့်ပြီးတာနဲ့၊ အလုပ်ကိစ္စတွေ အကုန်ရပ်ပစ်တော့မယ်။ တရား စာအုပ်တွေကို သေသေချာချာဖတ်ပြီး၊ တရားကို လေ့လာတော့မယ်''

''လှုဝတ်ကြောင်းကိုစွန့်ပြီး၊ တောရဆောက်တည်တော့မှာ လား ဆရာ''ဟု၊ ကျွန်တော့် သူငယ်ချင်း ဒီပ,က၊ မငံ့မရဲမေးလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာလှက ပြုံးလျက်…,

“အဲဒီ့လောက်အထိ မဟုတ်သေးဘူးကွ။ ငါးဆယ့်ငါးနှစ်ပြည့်ပြီးမှ တရားကို စ,ပြီးလေ့လာမှာ။

ပွင့်ပွင့်လင်းလင်း ပြောရရင်၊ အခုထိ, ငါ ဘာမှ မသိသေးဘူးကွ။ ဘုရားရှိခိုးတတ်တယ်။ အလှူအတန်းလုပ်တတ်တယ်။ ဒါပဲ။

သစ္စာလေးပါးတို့၊ ခန္ဓာငါးပါးတို့၊ ဘာတဲ့…, ဟိုဟာ၊ ပဋိစ္စသမုပ္ပါဒ်တို့ မဂ္ဂင်ရှစ်ပါးတို့ နောက်ပြီး…, သမ္မုတိသစ္စာတို့၊ ပရမတ္ထသစ္စာ ဆိုလား။ အဲဒါတွေ နောက်ပြီး နိဗ္ဗာန်ဆိုတာရှိသေးတယ်။ အဲဒါတွေ ငါ ဘာမှ မသိသေးဘူး။

အနိစ္စ အမြဲမရှိ။ ဒုက္ခ ဆင်းရဲခြင်း။ အနတ္တ အစိုးမရ ဆိုတာလောက်တော့။ ငါ သိတယ်ကွ။ ကျန်တာတွေက ကြားပဲ ကြားဖူးတာ။ သေသေချာချာ ဘာမှ မသိသေးဘူး”

ကျွန်တော်က…,





“ဘုရားရှိခိုးရုံ၊ အလှူဒါနလုပ်ရုံနဲ့ မပြည့်စုံဘူးလား ဆရာ”

ဦးသာလှ ခေါင်းခါ၏။

“မပြည့်စုံဘူး ထင်တယ်ကွာ။ ဆရာတော်တွေ ဟောတာ၊ ကြားဖူးတယ်။ ဂေါတမမြတ်စွာဘုရားက၊ အားလုံးအတွက်, လွတ်မြောက်ရာလမ်းကို ညွှန်ပြသွားတာတဲ့။

ငါတို့ လူတွေက၊ အဲဒီ့ လွတ်လမ်းကို သေသေချာချာ မလေ့လာဖြစ်ကြဘူးကွ။ ဘုရားကို ကြည်ညိုတာ တစ်ခုတည်းနဲ့ပဲ၊ ရှိခိုးဦးချနေကြရတယ်။ ဘုရားနိုင်းခဲ့တာကို၊ ဘာမှ မလုပ်ဖြစ်သေးဘူး။ လုပ်ဖို့နေနေ သာသာ၊ သေသေချာချာကို မသိသေးတာ။ အဲဒါကြောင့်, ငါးဆယ့်ငါးနှစ်ပြည့်ပြီးရင်၊ စာအုပ်တွေ ဖတ်ပြီး၊ ငါ လေ့လာမယ်။ မရှင်းလင်းတာရှိရင်၊ ဆရာတော်ကြီးတွေဆီမှာ မေးမြန်းမယ်။ သေသေချာချာ သိပြီးမှ၊ ငါ အားထုတ်ချင်တာကွ။ ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



လဲ…, ငါ မှန်ရဲ့လား"

သူငယ်ချင်းသုံးယောက်၊ ခေါင်းညိတ်ဖြစ်ကြသည်။ မျိုးလွင် ဆိုသည့်၊ ကျွန်တော့် သူငယ်ချင်းက…,

"ဘာစီးပွားရေးမှ မလုပ်တော့ဘူးပေါ့။ နော် ဆရာ"

"ဒါပေါ့။ မိန်းမနဲ့ သားသမီးတွေကို လွှဲလိုက်တော့မယ်။ ငါက တရားကိုပဲ လေ့လာတော့မယ်။ ကြီးကြီးကျယ်ကျယ် ပြောရရင်၊ တရားရှာတော့မယ် ပေါ့ကွာ"

ကျွန်တော်က…,

"ကျွန်တော်တို့၊ သာဓုခေါ်ပါတယ် ဆရာ"

"မခေါ်နဲ့ဦး။ ငါးဆယ့်ငါးနှစ်ပြည့်ပြီး နောက် တစ်နေ့ရောက်မှ ခေါ်။ ဟုတ်ပြီလား"

ကျွန်တော်တို့၊ ခေါင်းညိတ်ဖြစ်ကြသည်။

"မင်းတို့လည်း ကြားဖူးမှာပါ။ ပထမအရွယ်မှာ ပညာရှာ။ ဒုတိယအရွယ်မှာ၊ ဥစ္စာရှာ။ တတိယ အရွယ်





မှာ တရားဘာဝနာရှာတဲ့။

ငါးဆယ့်ငါးနှစ်ကျော်၊ ဆိုရင်။ ဒါ, တတိယ အရွယ်ရဲ့ အစ,ပဲ။ တရားရှာသင့်ပြီ။ တချို့ဆို အဲဒီ အရွယ်အထိ၊ ဘီယာဆိုင်မှာ ရှိနေတုန်းပဲ။ ဟား ဟား ဟား"

"ဟုတ်တယ် ဆရာ။ ဆရာပြောတာ အမှန်ပဲ"ဟု၊ ကျွန်တော် ပြောဖြစ်သည်။ ထိုနေ့က လုပ်ငန်းဆောင်တာ ကိစ္စများကို၊ ဦးသာလှ က မှာကြားပြောဆိုပြီးနောက်၊ ကျွန်တော်တို့၊ အိမ်ပြန်ခဲ့ကြ၏။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဦးသာလှသည်၊ ပြောလျှင် ပြောသည့်အတိုင်း၊ တိကျစွာ ဆောင်ရွက်တတ်သော ပုဂ္ဂိုလ်ဖြစ်၏။

ငါးဆယ့်ငါးနှစ်ပြည့်ဖို့ ခြောက်လအလိုလောက်ကတည်းက၊ လုပ်ငန်းခွင်သို့၊ ဇနီးဖြစ်သူ ဒေါ်နှင်းနုကို ခေါ်ဆောင်လာသည်။ ဘွဲ့ရပြီးစ, သားနှစ်ယောက်နှင့် သမီးတစ်ယောက်ကို၊ လုပ်ငန်း တာဝန်အသီးသီးပေးလျက်၊ လိုအပ်သည်များကို၊ အနီးကပ်ညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးသာလှ၏ အစီအစဉ်ကို ဝန်ထမ်းအားလုံးနီးပါး ကြားသိကြ၏။ သာဓုခေါ်ကြ၏။ တချို့က စိတ်မကောင်းဖြစ်ကြသေးသည်။

"တရားစာအုပ်တွေဖတ်ပြီး၊ တကယ် တရားသိသွားရင်၊ လူ့ဘောင်ကို အပြီး စွန့်သွားလိမ့်မယ်ထင်တယ်"ဟု၊ ကျွန်တော်တို့ သူငယ်ချင်းတွေ၊ ကြိုတင်တွက်ဆကြ၏။ "ချမ်းသာလို့ ဒီလို စိစဉ်နိုင်တာပါ။ ဆင်းရဲတဲ့သူဆိုရင်၊ အသက် ငါးဆယ့်ခြောက်နှစ် အရွယ်လည်း၊ ဆိုက္ကားနင်းနေရဦးမှာပဲ"ဟု၊ ပန်းရံလုပ်သားတစ်ဦး၏ ညည်းပြောသံကို၊ ကျွန်တော် ကြားရသေး၏။

☺

ကျွန်တော်တို့ မျှော်လင့်ရင်ခုန်စွာသော၊ နေ့တစ်နေ့ကို မနက်ဖြန်တွင် ရောက်ရှိပေတော့မည်။

မနက်ဖြန် စက်တင်ဘာလ (၁၄)ရက်နေ့။ ထိုနေ့သည် ဦးသာလှ၏ (၅၅)နှစ်ပြည့် မွေးနေ့ဖြစ်လေသည်။





ကျွန်တော်၏ (၅၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်နှင့် လုပ်ငန်းခွင် ဝန်ထမ်းများကို အပြီးအပိုင် နှုတ်ဆက်မည့် အခမ်းအနားသို့၊ မပျက်မကွက် တက်ရောက်ပါရန်၊ ခင်မင်ရင်းနှီးစွာ ဖိတ်ကြားပန်ကြားအပ်ပါသည် ဟူသော စာဝါကျတို့ဖြင့်၊ ရေးသားစီစဉ်ထားသော ဖိတ်စာလေးများ။ ကျွန်တော်တို့ အားလုံးထံသို့ ကိုယ်စီကိုယ်ငှ ရောက်ရှိနေကြပေပြီ။

ည(၇)နာရီတိတိ၌ (……)ဟိုတယ်တွင်၊ ကျင်းပမည်ဖြစ်ပြီး၊ ထိုအခမ်းအနားတွင်၊ ဦးသာလှက မွေးနေ့နှုတ်ဆက်အမှာစကားကို ပြောကြားဦးမည်ဖြစ်သည်။ မနက်ဖြန်ကို ကျွန်တော်တို့ အားလုံး ကြိုတင်လွမ်းမောနေမိကြရ၏။ စိတ်ထဲတွင် ပီတိလိုလို၊ ငိုချင်သလိုလို ဖြစ်ရသည်။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

(၈)

မွေစကြောတံဆိပ် ရိုက်နှိပ်ထားသော၊ စာအုပ်ငယ်လေးများကို၊ အခမ်းအနား တက်ရောက်လာသူများထံသို့ ကျွန်တော်တို့ ဝေငှပြီးပေပြီ။

အခမ်းအနား၏ ဝင်မြင့်ထက်တွင်၊ ဦးသာလှ၏ အိမ်သို့ ကျွန်တော်တို့ ပင့်ဆောင်လာရသော၊ ဗုဒ္ဓဆင်းတုတော်တစ်ဆူသည်၊ ရောင်တော်စုံဖြင့်၊ ကိန်းဝပ်စံပယ်လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ည(၇)နာရီ မထိုးသေး။

ဆယ်မိနစ်ခန့် လိုသေးသည်။

☺

ဦးသာလှ၏ မန်နေဂျာ ဦးမြ ဆိုသူသည်၊ လက်ကိုင်ဖုန်းကို ကိုင်ဆောင်လျက်၊ ကျွန်တော်တို့ ထိုင်နေရာသို့ အပြေးအလွှားဝင်ရောက်လာ၏။ "သားထူး"ဟု၊ ကျွန်တော့်ကို တီးတိုးခေါ်သည်။

"ဗျာ။ ဦးလေး ဘာဖြစ်လို့လဲ"

"ဆရာ။ ဆုံးပြီ"

"ဘာ။ ဘယ်သူ။ ဘယ်သူလဲ၊ ဘယ်ဆရာလဲ။ ဘယ်ဆရာဆုံးတာလဲ"

"ဆရာ၊ ဦးသာလှ လေကွာ။ ကားချင်းကားချင်းတိုက်လို့၊ လင်မယားနှစ်ယောက်စလုံး ပွဲချင်းပြီး ဆုံးတာတဲ့။

အခု သူ့သမီး ဖုန်းဆက်တယ်။ သားနှစ်ယောက်က, သတိမရသေးဘူးတဲ့။ သမီးက, ခြေထောက်တစ်ချောင်း ဗာ... 





က, သတိမရသေးဘူးတဲ့။ သမီးက, ခြေထောက်တစ်ချိုး သွားတယ်တဲ့။ ဒါတို့ ဘာလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ"

ဦးမြက၊ ငိုသံဖြင့် မေးသည်။

"ဟုတ်ရဲ့လားဗျာ"

ကျွန်တော့် စကားသံ၊ တုန်လှုပ်ရှားရသည်။ အနီးမှ သူငယ်ချင်းများကို၊ ကျွန်တော် အသိပေးလိုက်၏။

"ဟာ"

"ဟာကွာ"

"ဟုတ်လို့လား"

တအံ့တသြ၊ အထိတ်တလန့်၊ ကြေကြေကွဲကွဲ၊ နမြောတ,သစွာသော အာမေဋိတ်သံများ၊ အခမ်းအနားတစ်ခုလုံးသို့ ဖုံးလွှမ်းသွားလေသည်။

☺

www.burmeseclassic.com

www.burmeseclassic.com



ဦးသာလှနှင့် သူ၏ ဇနီး ဒေါ်နှင်းနု တို့၏ ရုပ်ကလာပ်ကို မြေချသဂြိုဟ်ပြီးပေပြီ။ ရက်လည်ဆွမ်း မသွတ်ရသေး။

ဦးသာလှ၏ ကြီးမားထည်ဝါလှသည့် အိမ်တွင်၊ သူ၏ ဆွေမျိုးသားချင်းများ၊ သူ၏ တပည့်များနှင့်အတူ၊ ကျွန်တော်တို့ ရှိနေကြရသည်။ သားသမီးသုံးယောက်စလုံး၊ ဆေးရုံပေါ်တွင် ရှိနေကြသဖြင့်၊ စီစဉ်စရာရှိသည်များကို၊ အားလုံး အလှည့်ကျ စီစဉ် ဆောင်ရွက်ကြရ၏။ ဆေးရုံသွားသူ ရုပ်ကလာပ်ကိစ္စ ဆောင်ရွက်သူ ဧည့်သည်များကို ဧည့်ခံသူတို့ဖြင့်၊ ခြေချင်းလိမ်နေကြ၏။

☺

ဧည့်ခန်းနံရံရှိ မှန်ဗီရိုကြီးကို၊ ကျွန်တော် နီးကပ်စွာ ငေးကြည့်နေဖြစ်သည်။ ရဟန်းပညာရှိ လူပညာရှိတို့ ရေးသားထားသည့် ဗုဒ္ဓဒေသနာတော်များကို၊ စာအုပ်စာပေအဖြစ်၊ တွေ့မြင်နေရသည်။

စာအုပ်တွေထဲတွင်၊ သူ သိချင်သည့် တရားတော်တို့ ရှိနေသည်ဟု၊ ယုံကြည်အားကိုးလျက်၊ တရားရှာလိုသော၊ ဦးသာလှ၏





မျက်နှာကို၊ မြင်ယောင်မိပြန်၏။

"မင်းတို့လည်း၊ ကြားဖူးမှာပါ။ ပထမအရွယ်မှာ၊ ပညာရှာ။ ဒုတိယအရွယ်မှာ၊ ဥစ္စာရှာ။ တတိယအရွယ်မှာ တရားဘာဝနာရှာတဲ့။

ငါးဆယ့်ငါးနှစ်ကျော်ဆိုရင်၊ ဒါ တတိယအရွယ်ရဲ့၊ အစ,ပဲ။ တရားရှာသင့်ပြီ။ တချို့ဆို အဲဒီအရွယ်အထိ ဘီယာဆိုင်မှာ ရှိနေတုန်းပဲ။ ဟား ဟား ဟား"

ဦးသာလှ၏ စကားသံကို၊ ကျွန်တော် ကြားယောင်သည်။ သက်ပြင်းမောစွာ ချမိ၏။ ကျွန်တော့် အသက်အရွယ်ကို၊ ကျွန်တော် ပြန်လည်၍ ဆန်းစစ်ကြည့်မိသည်။

ဦးသာလှ စကားအရဆိုလျှင်၊ ကျွန်တော့် အသက်အရွယ်မှာ ဒုတိယအရွယ်သို့ပင်၊ မရောက်တတ်သေး။ တရားရှာရမည့် တတိယအရွယ်ရောက်ဖို့၊ များစွာ လိုပါသေးသည်။

သို့သော်...

ဦးသာလှနှင့် သူ၏ တရားစာအုပ်များ သိမ်းဆည်းထားရာ၊



www.burmeseclassic.com

www.burmeseclassic.com



နံရံကပ်မှန်ဗီရိုကြီးကို၊ တွေးမြင်လျက်၊ မနက်ဖြန်ကိုပင်၊ ကျွန်တော် စိတ်မချဝံ့တော့ချေ။ နံရံကပ်မှန်ဗီရိုအတွင်းမှ တရားစာအုပ် တစ်အုပ်မျှလောက်ကိုပင်၊ ဦးသာလှ တစ်ယောက်၊ ဖတ်ဖူးသွားခြင်း မရှိကြောင်း၊ ကျွန်တော် သိပြီး ဖြစ်လေသည်။

ဦးသာလှလို အဖြစ်မဆိုးရလေအောင်၊ ကျွန်တော်လည်း တရားစာအုပ် တစ်အုပ်လောက်တော့၊ ဖတ်ဖူးသွားချင်၏။ မြန်မြန် ဖတ်မှ ဖြစ်ပေမည်။ မနက်ဖြန်ကို၊ ကျွန်တော် စိတ်မချရဲတော့။ ထို့ကြောင့် ချက်ချင်းဖတ်ကြည့်ဖို့၊ ကျွန်တော် ဆုံးဖြတ်လိုက်၏။

ထိုစဉ် ကျွန်တော်, စာအုပ်တစ်အုပ် ဖတ်ပြီးလိုက်ပြီးပြီဖြစ်ကြောင်း၊ တွေးသိလိုက်ရသည်။ ဦးသာလှသည်၊ ကျွန်တော် ဖတ်လိုက်ရသည့်၊ တရားစာအုပ်တစ်အုပ် ဖြစ်နေပေပြီ။ ။

☺ ☺ ☺

2002 Sep. 17

11:35 (P.M)

(၂၀၀၂ ခု၊ နိုဝင်ဘာလ၊ ရုပ်ရှင်သစ္စာမဂ္ဂဇင်း)





www.burmeseclassic.com

www.burmeseclassic.com

ဒံဝဝိ

www.burmeseclassic.com

www.burmeseclassic.com

မေမေ။

လူမိုက်ကြီးတစ်ယောက် (ရင်ဖွင့်စရာ နေရာမရှိလို့)၊ မေမေ့ကို တိုင်တည်ပြီး ညည်းတွားရင်ဖွင့်လိုက်ပါတယ်။

☺

မကြာခင်မှာ အသက်(၃၇)နှစ် ပြည့်တော့မယ့်လူတစ်ယောက်။ လောကဓံ ခြေထောက်အောက်မှာ၊ ဒူးမထောက်ချင်လို့ လိုချင်တာကို၊ ရအောင်ယူနိုင်ခဲ့တဲ့လူတစ်ယောက်။ အခု…, ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်သုံးသပ်ကြည့်လိုက်တော့မှ ကျွန်တော် ဘာမှ မရသေးဘူးဆိုတာ သိလိုက်ရတယ် မေမေ။

ငယ်ငယ်တုန်းက၊ အရာရာကို ရင်ကော့ခံနိုင်ခဲ့တဲ့ ကျွန်တော့် ရင်ထဲက နှလုံးခုန်သံတွေဟာ၊ အခု ပုံမှန်မဟုတ်တော့ဘူး။

မှူးယစ်သောက်စားခဲ့တဲ့ နေ့ညတွေ။ အော်ဟစ်ပေါက်ကွဲ ပျော်မြူးခဲ့တဲ့ ညမိုက်တွေရဲ့ ဒဏ်ကို အခု…, ကျွန်တော် ခံနေရပြီ။ (ကျွန်တော့် နှလုံးခုန်သံလေး နေးကွေးသွားပြီ)

"ငယ်ငယ်တုန်းက၊ ဝုန်းခနဲ ဒိုင်းခနဲ ရင်ဆိုင်နိုင်ခဲ့တဲ့၊ ငါ့ နှလုံးသား၊ အခု ဘာဖြစ်သွားတာလဲကွာ။ အဲဒါ ဘာကြောင့်လဲ"လို့ သူငယ်ချင်းတစ်ယောက်ကို၊ မေးဖြစ်တယ်။ သူက ဖြေတယ်။

"အသက်အရွယ်ကြောင့်"…တဲ့။

ဇရာက, ထုထောင်းတာလား။ ခန္ဓာက နှိပ်စက်တာလား။ မကွဲပြားပေမဲ့, ဟောဒီ ခန္ဓာကိုယ်ကြီး၊ အသက်ကြီးလို့ ပျက်စီးသွားပြီ ထင်ပါရဲ့ မေမေ။

☺





အတိုက်အခိုက်တွေ၊ အနှောင့်အယှက်တွေ၊ အတားအဆီး တွေကို၊ အများကြီး ရင်ဆိုင်ကျော်လွှားရင်း၊ လိုချင်တာကို ရအောင် ယူခဲ့တယ်။ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ခဲ့တယ်။

လိုချင်တာကို ရအောင်ယူ။ ဖြစ်ချင်တာကို ဖြစ်အောင်လုပ် ပြီးရင်၊ ပြီးပြီ…လို့၊ သား…ထင်ခဲ့တာ။ အရမ်းမှားသွားတယ် မေမေ၊ ငါ…လုပ်ချင်တာ လုပ်နိုင်ခဲ့ပြီးရင်၊ လောကဓံတရားရဲ့ အနိုပ်အစက်, အဖိအထောင်းတွေက လွတ်ပြီလို့၊ ပေါ့ပေါ့လေး တွေးခဲ့မိတာ၊ မဟာအမှားပဲ။

အသက်ရှိနေသရွေ့၊ ဘဝရှိနေသရွေ့။ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ၊ လောကဓံ အဖိအစီးက၊ (လုံးဝ) မလွတ်နိုင်သေးဘူးလို့ ကျွန်တော် သိလိုက်တဲ့ အချိန်မှာ၊ ကျွန်တော့် ရင်ဘတ်တွေ အောင့်နေ ရပြီ မေမေ။

စိတ်ညစ်လို့ အရက်သောက်ခဲ့တဲ့ နေ့ညများစွာ၊ စိတ်ရှုပ်လို့ ထုံထိုင်းမှုတွေ သုံးစွဲခဲ့တဲ့ နေ့ရက်များစွာ၊ ဒေါသဖြစ်လို့ တုတ်ဆွဲ ဓားဆွဲခဲ့တဲ့ အချိန်များစွာကို၊ ထားပစ်ခဲ့တာ ကြာခဲ့ပြီ။

သည်းခံခြင်းဆိုတဲ့ ဝေါဟာရကို၊ ရင်ထဲမှာ ထားပြီး အရာရာ

www.burmeseclassic.com

www.burmeseclassic.com



ကို ရင်ဆိုင်ခွင့်လွှတ်ခဲ့တာ၊ ကာလတွေကြာတော့၊ ကျွန်တော့် နှလုံးသား လုံးပါးပါးခဲ့ရတယ် မေမေ။

ဘာကိုမှ မခံစားနိုင်တော့ဘူး။ ဘာကိုမှ မခံယူနိုင်တော့ဘူး။ ဒါပေမဲ့, ဒီလောကဓံတရားတွေကို ဘယ်လောက်အထိ ခံရမှာလဲလို့ ကိုယ့်ကိုယ်ကို မေးကြည့်လိုက်တဲ့အခါ၊ နောက်ဆုံးထွက်သက်အထိ ခံယူရမယ်ဆိုတဲ့ အဖြေကို တွေ့လိုက်တဲ့အခါ၊ ကျွန်တော် တုန်လှုပ်သွားရပြန်တယ် မေမေ။

☺

(လောကဓံရေ…။
သင့်ကို ငါ တောင်းပန်ပါရစေ။ အကြွေးတွေကို အကုန်ယူပါ။ ဒါပေမဲ့ အတိုးနည်းနည်းလျှော့ပါ။)

☺





ငှက်ကလေးတွေ လှောင်အိမ်ထဲမှာ ရှိနေတာမျိုးကို၊ ကျွန်တော် မမြင်ရက်ဘူး။ ဒါပေမဲ့ ငှက်ကလေးတွေ အကုန်လုံးကို၊ ကျွန်တော် လှောင်အိမ်ထဲက လွတ်မြောက်ဖို့ မစွမ်းဆောင်နိုင်ဘူး။

ဘုရားစေတီတွေအနီးမှာ၊ လှောင်အိမ်တွေထဲမှာ ငှက်ကလေးတွေကို ထည့်ပြီး ရောင်းချနေတဲ့ ဈေးသည်တွေကို ကျွန်တော် တွေ့တယ်။ သူတို့ကိုလည်း ပိုက်ဆံရစေချင်တယ်။ ငှက်ကလေးတွေကိုလည်း လွှတ်ပေးချင်တယ်။ ဒါပေမဲ့, မေမေရယ် ငှက်လှောင်အိမ်တိုင်းရဲ့ ထွက်ပေါက်တံခါးအားလုံးကို ဖွင့်လှစ်ဖို့၊ ကျွန်တော့်မှာ ငွေတွေ အများကြီး မရှိဘူး။

ငွေအများကြီးရှိတဲ့နေ့မှာ၊ ငှက်လှောင်အိမ်အများကြီးကို၊ ဖွင့်လှစ်ပေးနိုင်ခဲ့ပေမဲ့၊ နောက်တစ်နေ့မှာ အဲဒီ ငှက်လှောင်အိမ်တွေထဲကို၊ နောက်ထပ် ငှက်ကလေးတွေ၊ ရောက်နေကြပြန်တယ်။

ငှက်ကလေးတွေရဲ့၊ ကံတရားကို၊ ကျွန်တော် ဘယ်လိုပြောင်းလဲကယ်တင်ပေးနိုင်ပါ့မလဲ။ "သူ့အကြောင်းနဲ့သူ"လို့ စိတ်မကောင်းခြင်းကြီးစွာ တွေးပြီး၊ မျက်နှာလွှဲပစ်ခဲ့ရတဲ့ နေ့ရက်တွေ အများကြီးပါ မေမေ။



www.burmeseclassic.com

www.burmeseclassic.com



ငါးလှလှလေးတွေကို၊ မှန်ပုံးလှလှလေးတွေထဲမှာထည့်ပြီး ကျွန်တော် အလှမကြည့်ရက်ဘူး။

ငှက်တွေကို ကောင်းကင်ယံမှာ လွတ်လပ်စွာ ပျံသန်း။ ငါးလေးတွေကို (သူတို့ နှစ်သက်ရာ) ရေပြင်ကျယ်မှာ လွတ်လပ်စွာ ကူးခတ်ဖို့၊ ကျွန်တော် ဘယ်လို စွမ်းဆောင်ပေးရမလဲ။

ရင်ထဲက မေးခွန်းအတွက်၊ ရင်ထဲကပဲ ဖြေသံကြားလိုက်ရ တယ်။ အရာရာဟာ သူ့အကြောင်းနဲ့သူ။ သူ့ကံတရားနဲ့သူ။ ဘယ်သူ မှ အလုံးစုံ မကယ်တင်နိုင်ဘူး…တဲ့ မေမေ။

ဒါဆို အားလုံးအတွက် (သတ္တဝါတိုင်းအတွက်) ကိုယ်စိတ် နှစ်ပါး လွတ်မြောက်ငြိမ်းအေးပါစေလို့ ဆုတောင်းမေတ္တာပို့သပေးခဲ့ ကလွဲပြီး၊ ကျွန်တော် ဘာမှ မစွမ်းဆောင်တတ်တော့ဘူးပေါ့ မေမေ။

☺

ကျွန်တော့် စိတ်တွေ လှောင်အိမ်ထဲမှာ နေဖူးတယ်။ ကျွန်တော့် စိတ်တွေ အကျဉ်းကျဖူးတယ်။ ကျွန်တော့် စိတ်တွေ





လွတ်မြောက်ဖို့ ဘယ်သူ စွမ်းဆောင်ပေးနိုင်မလဲ။

ကျွန်တော့် စိတ်တွေ လွတ်မြောက်ဖို့၊ ကျွန်တော့်ဘာသာ ကျွန်တော် တစ်ယောက်တည်း၊ စွမ်းဆောင်ရတော့မှာပါ မေမေ။

သံသရာဆိုတဲ့ လှောင်အိမ်ကျယ်ကြီးထဲက၊ ကိုယ်…ကိုယ် တိုင် လွတ်မြောက်အောင် မရုန်းထွက်နိုင်သေးဘဲနဲ့ တခြားသူတွေကို လှောင်ချိုင့်လေးတွေထဲက လွတ်မြောက်စေချင်တာ၊ စဉ်းစားကြည့်ရင် လူ ရယ်စရာကောင်းနေပြန်ပါတယ်။

☺

ချစ်သူက ပေးတဲ့ ဒုက္ခ။ မုန်းသူက ပေးတဲ့ ဒုက္ခ။ မိသားစု က ပေးတဲ့ ဒုက္ခ။ အပေါင်းအသင်း မိတ်ဆွေတွေက ပေးတဲ့ ဒုက္ခ တွေကို၊ ဒုက္ခအဖြစ်နဲ့သာ တွေးတောရင်ဆိုင်ပြီး၊ ကျွန်တော် ခွေယိုင် လဲကျဖူးတယ်။

တကယ်တော့…၊ အဲဒါတွေဟာ လောကဓံတွေပါလားလို့ ကျွန်တော် သိလိုက်ရတဲ့အချိန်မှာ၊ ကျွန်တော် ဆက်ပြီး ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမယ်…လို့၊ တွေးတောရင်း၊ အားမွေးကြည့်ချင်ပါသေးတယ်။

ကောက်ပင်တစ်ဆုပ်ကို တံစဉ်တစ်ချက်နဲ့ လှီးဖြတ်ရိတ်သိမ်းနိုင်ရုံနဲ့၊ စပါးပုံကြီး မရနိုင်ဘူး။ ကောက်ပင်တိုင်း ကောက်ပင်တိုင်းကို တံစဉ်နဲ့ အခါပေါင်းများစွာ လှီးဖြတ်ရိတ်သိမ်းနိုင်မှ လယ်တစ်ကွင်းလုံး ပြီးဆုံးတဲ့အခါ၊ စပါးပုံကြီးကို တွေ့နိုင်မယ်။

အဲဒီလိုပါပဲ။

တစ်ဦးတစ်ယောက်ကို၊ ခွင့်လွှတ်သည်းခံနိုင်ရုံနဲ့၊ ခွင့်လွှတ်ခြင်းကိစ္စ မပြီးနိုင်သေးဘူး။ တွေ့ကြုံရင်ဆိုင်ရမယ့် လူ (သတ္တဝါ)တိုင်းအပေါ်၊ အကြိမ်ကြိမ်အခါခါ ခွင့်လွှတ်သည်းခံနေပါမှ၊ ခွင့်လွှတ်သည်းခံခြင်းရဲ့ ငြိမ်းအေးမှု အစုအစည်းကို၊ တွေ့ကြုံသိမြင်နိုင်မှာပါ။

အဲဒါကြောင့်၊ အားလုံးကို ခွင့်လွှတ်ဖို့၊ သည်းခံဖို့၊ ကြိုးစားကြည့်ချင်ပါသေးတယ် မေမေ။

☺

လောကဓံတရားဆိုတာ၊ တော်လှန်ရမယ့် အရာမဟုတ်ဘူး။ လောကဓံအဖိအစီးတိုင်းကို၊ ခံနိုင်ရည်ရှိရှိနဲ့၊ ခံနေဖို့သာ လိုအပ်ပါ



တယ်။ (ခံရဲတာ သတ္တိပဲဆိုတဲ့ စကား။ ကျွန်တော့် နားထဲမှာ ကြားယောင်တတ်ခဲ့ပြီ)။

လောကဓံကို၊ ငယ်ငယ်တုန်းကတော့ မိုက်မိုက်ကန်းကန်းနဲ့ တော်လှန်ခဲ့တာပေါ့ မေမေ။ အခုတော့…,

ကျွန်တော့် နှလုံးသား လုံးပါးပါးသွားပြီဖြစ်လို့ လောကဓံစစ်တလင်းမှာ၊ လောကဓံတရားအားလုံးကို၊ "ခံစစ်"နဲ့သာ ရင်ဆိုင်ရတော့မှာပါ…မေမေ။

☺

"နင်လားဟဲ့ လောကဓံ"လို့ ပြောဆို စိန်ခေါ်ပြီး၊ မာန်တင်းအံကြိတ်ခဲ့ဖူးတဲ့၊ နေ့…ရက်တွေကို၊ သတိရလိုက်တာ မေမေရယ်။

ကျွန်တော်… တစ်နေ့တစ်ရက်မှ မပျော်ပိုက်ခဲ့ပါဘူး။

ကျွန်တော်… တစ်ညတလေမှ၊ စိမ်ကျကျ မအိပ်ပျော်ခဲ့ဖူးပါဘူး။

ကျွန်တော်… တစ်နပ်တလေမှ၊ အရသာရှိရှိ မစားသောက်ခဲ့ဖူးပါဘူး။

လောကဓံကို တော်လှန်ဖို့သာ အာရုံထားခဲ့တဲ့အတွက်၊ အစား

www.burmeseclassic.com

www.burmeseclassic.com



အသောက် အအိပ်အနေကို၊ ဖြစ်သလို ကြုံသလိုသာ၊ ဖြေရှင်းနေထိုင်ခဲ့ပါတယ်။

ချစ်သူကတော့ ပြောပါတယ်။

ဖြစ်သလိုနေ ဖြစ်သလိုစားတယ်ဆိုတာ၊ လူညံ့တွေရဲ့ အလုပ်တဲ့။ ကျွန်တော်၊ သူ့ကို စကားနိုင်မလုခဲ့ပါဘူး မေမေ။ ဘာဖြစ်လို့လဲဆိုတော့, ကျွန်တော်က၊ ဖြစ်သလို နေ ထိုင် စားသောက်ခဲ့ပေမဲ့၊ ဖြစ်သလို မသေချင်တဲ့ သူပါ။ (တစ်ခုခုကို သိပြီးမှ၊ သေချင်ပါတယ် မေမေ)

လူ့လောကမှာ...

လူဖြစ်လာရတဲ့အကြောင်း။ လူချင်းအတူတူတောင်မှ၊ သူက ဖြူ၊ ကိုယ်ကမည်း။ သူက...လှ၊ ကိုယ်က...မလှ။ သူက...ချမ်းသာ၊ ကိုယ်က...ဆင်းရဲ၊ သူက...ပျော်၊ ကိုယ်က...ငို ဆိုတဲ့ ကွဲပြားခြားနားတဲ့ "လူချင်းတူပေမဲ့ ကံချင်းမတူတူး"ဆိုတဲ့ အခြေအနေတွေရဲ့ အရင်းအမြစ်ကို တကယ်သိပြီးမှ၊ သေဆုံးချင်ပါတယ် မေမေ။

☺





အကြွင်းသူသည်
ထိုအပင်ကို စိုက်၏။
ထိုအသီးကို စားရလိမ့်မည်။

(ဗုဒ္ဓ)

ကျွန်တော် စိုက်ခဲ့တဲ့ အပင်တွေရဲ့ ရလာဒ်ကို၊ ကျွန်တော် ခံစားနေတယ်လို့၊ သိပြီးတဲ့နောက်ပိုင်း။ ကျွန်တော် အရာရာကို ရင်ဆိုင်ရဲဖို့သာ လိုပါတော့တယ် မေမေ။

လောကဓံကို တော်လှန်စစ်ခင်းခဲ့တဲ့ ငယ်စဉ်က နေ့ရက်များစွာကြောင့်၊ ကျွန်တော့်ရဲ့ ခန္ဓာအနံ့ စိတ်အနံ့မှာ၊ ဒဏ်ရာများစွာ ရပြီးပါပြီ မေမေ။

လူ (ပုထုဇဉ်)ထဲမှာ၊ လောကဓံကို နိုင်သွားတယ်ဆိုတဲ့ လူဆိုတာ၊ မရှိနိုင်ဘူး။ လောကဓံကို အရှုံးမပေးဘဲ၊ အတည်ငြိမ်ဆုံး ခံသွားနိုင်တဲ့သူပဲ ရှိနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်၊

ကျွန်တော်…, လောကဓံကို၊ ခံစစ်နဲ့ပဲ တိုက်တော့မယ်။

☺

သံသရာတစ်လျှောက်လုံးမှာ၊ ဘယ်အပင်တွေ စိုက်ခဲ့မှန်းမသိ။ ဘာမျိုးစေ့တွေ ချခဲ့မှန်းမသိဘဲ၊ ရှင်သန်နေရတဲ့ လက်ရှိဘဝမှာ ကြုံတွေ့ရတဲ့ အသီးအပွင့်တိုင်းကို၊ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ပြီး။ ဒီအသီး, အပွင့်တွေဟာ၊ ငါ (တစ်ချိန်ချိန်က) စိုက်ခဲ့ဖူးတဲ့ အသီးအပွင့်တွေပါလားလို့၊ နှလုံးသွင်းဆင်ခြင်ကြည့်ချင်ပါတယ် မေမေ။

အဆိပ်သီး အဆိပ်ပွင့်တွေကို၊ ရယူလက်ခံရပြီဆိုရင်လည်း။ ဒါဟာ… ငါ စိုက်ခဲ့မိတဲ့, မျိုးစေ့တွေရဲ့ အသီးအပွင့်တွေပဲလို့ တွေးသိပြီး။ ရဲရဲရင့်ရင့် ခံယူဝံ့ချင်ပါတယ် မေမေ။

☺





ကိုယ် စိတ် နှစ်ပါး ကျန်းမာ ချမ်းသာအောင် ကြိုးပမ်းနေရင်းက မကျန်းမာ မချမ်းသာ ဖြစ်ခဲ့ရရင်လည်း။ ဗုန်းဗုန်းလဲသွားတာထက်စာရင် တော်ပါသေးတယ်လို့ တွေးဖြေချင်ပါတယ်။

ဗုန်းဗုန်းလဲသွားပြီဆိုရင်လည်း။ အော်ဟစ်နာကျင်နေတာထက်စာရင် တော်ပါသေးရဲ့လို့ တွေးပြီး ဖြေဆည်ချင်ပါတယ်။

နာကျင်ခံစားရလွန်းလို့၊ အော်ဟစ်ညည်းတွားမိမယ်ဆိုရင်လည်း။ သေတာကမှ တော်ပါသေးရဲ့လို့ တွေးကြည့်ချင်ပါတယ်။

သေလွန်ရတော့မယ်ဆိုရင်လည်း၊ လူးလိမ့်အော်ဟစ်ပြီး ဘာမှ သိမသွားဘဲ သေလွန်ရတာထက်စာရင်၊ မလူးမလိမ့် မအော်မဟစ်ဘဲ၊ လောကဓံရဲ့ အဖိအစီး၊ ခန္ဓာရဲ့ ဖောက်ပြန်ဖြစ်ပျက်မှုကို၊ ဇွဲဆက်မပြတ် သိရှိခံစားနာယူပြီး သေလွန်ရတာ တော်ပါသေးရဲ့လို့ တွေးပြီး။ အေးအေးငြိမ်းငြိမ်းနဲ့သာ၊ သေလွန်ချင်ပါတယ် မေမေ။

☺

မေမေ။

လူ့လောက,ကို လူတစ်ယောက်အဖြစ် လူတော်တိုးဝံ့ဖို့အတွက်၊ မိခင်စိတ်အပြည့်နဲ့ မွေးဖွားသန့်စင်ပေးခဲ့တဲ့ မေမေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူး၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်ကနေ ဒီယနေ့အထိ ကျွေးမွေးပြုစု စောင့်ရှောက်ပေးခဲ့တဲ့ မေမေ့ရဲ့ ကျေးဇူး (ဖေဖေရဲ့ ကျေးဇူး) အားလုံးကို၊ ကျွန်တော် ဒီနေရာကနေ ရှိုး ဦးညွှတ်ပါတယ်။

☺

အခုလောလောဆယ် ဖေဖေ နေမကောင်းဖြစ်နေတယ်။ ကျွန်တော် နေမကောင်းဖြစ်နေတယ်။ ပြီးတော့ တခြား "စိတ်" အဖိအစီးတွေကို၊ ခံယူနေရပြန်သေးတယ်။ (အဲဒါတွေအားလုံးဟာ လောကဓံတွေပါပဲ)။

လောကဓံတရားအားလုံးရဲ့ အဖိအစီးကို၊ ကျွန်တော် ခံစား နဲ့ပဲ တိုက်ကြည့်ချင်ပါသေးတယ် မေမေ။ ။

☺ ☺ ☺

2004 Jan.

5:26 (P

(၂၀၀၄ ခု၊ မေလ၊ ကလျာမွေ



www.burmeseclassic.com